www.facebook.com/themyawadydaily


# ရတနာပုံ

yadanabonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၇၈ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၇) ရက်၊ တနင်္ဂနွေနေ့ ၊ (19-3-2017) ၊ အတွဲ(၂၅) ၊ အမှတ် (၃၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ၂၀၁၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စုစုပေါင်း ၁၀ဆု ပေးအပ်ချီးမြှင့်



၂၀၁၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် အနုပညာရှင်များအား တွေ့ရစဉ်။

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

၂၀၁၆ခုနှစ်တွင် မြန်မာရုပ်ရှင်ဇာတ်ကား စုစုပေါင်း၃၃ကားထိ **စာမျက်နှာ ၁၆ ကော်လံ ၁**

## ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေး၏ ကိုယ်ရေးအကျဉ်း



ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးကို ၁၉၄၅ခုနှစ် မတ်လ ၂၈ရက်တွင် မာဆင်းမြို့၌ မွေးဖွားခဲ့ပါသည်။

**စာမျက်နှာ ၂၀ ကော်လံ ၄**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၇၁)နှစ်မြောက် မွေးနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့

**စာမျက်နှာ - ၁၈**

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၉°C / ၃၇°C |
| ရန်ကုန် | ၁၉°C / ၃၆°C |
| မန္တလေး | ၁၈°C / ၃၇°C |

**အပိုးတန်ရေချိုကို ချွေတာကြပါစို့**

**နေ့စဉ်ဆုံးရှ နိုင်ငံတကာသတင်း**

## ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့၏ သမ္မတလောင်း ၁၁ဦး အမည်စာရင်း အတည်ပြုကြေညာ

**စာမျက်နှာ - ၆**

# လာမည့်သင်္ကြန်ကာလ မန္တလေးမြို့တွင်း ယာဉ်ကြောစီးဆင်းမှု အဟန့်အတားဖြစ်စေနိုင်မှုကို ဆန်းစစ်ပြီးမှသာ မြို့တွင်းမဏ္ဍပ်များကို နေရာချထားပေးသွားမည်

**မန္တလေး မတ် ၁၈**

လာမည့် သင်္ကြန်ကာလ မန္တလေးမြို့တွင်း၌ ယာဉ်ကြောစီးဆင်းမှု အဟန့်အတားဖြစ်စေနိုင်မှုကို ဆန်းစစ်ပြီးမှသာ မြို့တွင်းမဏ္ဍပ်များကို နေရာချထားပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရာပြတ်ဌာနခွဲ အခွန်ဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ကျင်းပတ်လည်တွင် မဏ္ဍပ်များ ဆောက်လုပ်ကာ ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အဖြစ် ဖော်ဆောင်နိုင်ရန်အတွက်

**စာမျက်နှာ ၂၀ ကော်လံ ၄**



**စည်းကမ်းရှိမှတိုးတက်မည်။**

www.facebook.com/themyawadydaily

ရတနာပုံ
၂၀၁၇ ခုနှစ် မတ် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ကောင်းမွန်သည့်စာရိတ္တ

သီလဖြူစင်သူ၊ ရိုးသားဖြောင့်မတ်သူ၏ကောင်းသတင်းသည် အရပ်ဆယ်မျက်နှာ မွှေးကြိုင်သင်းပျံ့နေတတ်၏။ ပန်းရနံ့က လေတင်သို့မဆန်နိုင်၊ လေညာသို့ရနံ့မရောက်၊ လေအောက်သို့သာ မွှေးနိုင်သော်လည်း စာရိတ္တကောင်းသူ၏ ဂုဏ်သတင်းကား အကြားအလပ်မရှိ အနီးအဝေးအရပ်တိုင်းသို့ရောက်၏။

စာရိတ္တဆိုသည်မှာ ပျော်ရွှင်မှု၏အခြေခံအကြောင်းရင်းဖြစ်သည်။ ပျော်ရွှင်မှုသည် စာရိတ္တ၏ ခွင့်ပြုမိန့်ဖြစ်သည်ဟု စပိန်ကဗျာဆရာဂျော့စန်တာရာနားက ဆိုခဲ့သည်။ စာရိတ္တဖြူစင်မှ ပျော်ရွှင်မှုက လွတ်လပ်ပေါ့ပါးမည်၊ အသက်ဝင်မည်ဖြစ်သည်။ ခိုးဆိုးလုယက်သတ်ဖြတ်မှုမှ ဖြစ်ပေါ်လာသော ပျော်ရွှင်မှုသည် ရှုံသွပ်မှုသာလျှင်ဖြစ်သည်။

မည်သူမဆိုအကျင့်စာရိတ္တ၏အခြေခံကျမှုကို သတိပြုကြရန်လိုသည်။ တိုင်းပြည်နိုင်ငံကို သစ်ပင်များ၊ ကျောက်ခဲများ၊ မြစ်ချောင်းများ၊ လယ်ယာများဖြင့် တည်ဆောက်ထားခြင်းမဟုတ်ပေ။ နိုင်ငံကို ပြည်သူပြည်သားများ၏ စာရိတ္တဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ လူငယ်များသည် အနာဂတ်ကို စိုးမိုးကြ၏။ အနာဂတ်သည် လူငယ်များအတွက်သာဖြစ်သည်။

အနာဂတ်ကို ကောင်းမွန်တိုးတက်စေရန် ဖန်တီးတည်ဆောက်ကြမည့်လူငယ်များ စာရိတ္တကောင်းမွန်ရန်လိုအပ်သည်။ လူငယ်များ စာရိတ္တကောင်းမွန်ရေးအတွက် နီတိ၊ ကျင့်ဝတ်၊ ဩဝါဒအဆုံးအမကောင်းများကို နာယူမှတ်သားကာ လိုက်နာကျင့်သုံးသူများဖြစ်လာစေရေး ကြီးသူများက လေ့ကျင့်ဆုံးမပေးကြရမည်ဖြစ်သည်။ ထိုသို့ဆိုဆုံးမသည့် မိဘ၊ ဆရာ စသည့်ကြီးသူများ၏ စာရိတ္တသည်လည်း လူငယ်များ လေးစားနိုင်သည့် စာရိတ္တမျိုးဖြစ်ရပေမည်။

ကောင်းမွန်သည့်စာရိတ္တကို တစ်ပတ်အတွင်း မတည်ဆောက်နိုင်၊ တစ်လအတွင်းလည်း မရနိုင် နည်းနည်းချင်းနည်းနည်းချင်းတစ်ရက်ပြီး တစ်ရက်တည်ဆောက်ဖန်တီးပေးကြရမည်ဖြစ်သည်။ အကျင့်စာရိတ္တသည် လူတစ်ဦး၏ဘဝကို ကောင်းမွန်အောင်၊ ဆိုးရွားပျက်စီးအောင် လုပ်ဆောင်နိုင်စွမ်းရှိသည်။ ကံကောင်းကံဆိုးအမျိုးမျိုးသည် သက်ဆိုင်သူ၏ အလုပ်၊ အလေ့အထ၊ အကျင့်စရိုက်၊ စာရိတ္တတို့ပေါ်တွင် မူတည်သည်။

နိုင်ငံ၏ကောင်းမွန်သောအနာဂတ်အတွက် လူငယ်များ ကောင်းမွန်သောအကျင့်စာရိတ္တများ ပိုင်ဆိုင်နိုင်စေရန် လေ့ကျင့်မွေးမြူရမည်ဖြစ်သည်။ စာရိတ္တကောင်းပိုင်ဆိုင်ရန်အတွက် မိဘ၊ ဆရာတို့က သင်ကြားပေးသော်လည်း အဓိကကျသောလူငယ်များက လေးနက်စွာခံယူတတ်ရန်လည်း လိုအပ်သည်။ စာရိတ္တဟူသည် စစ်မှန်သောတန်ဖိုးကို ဆုံးဖြတ်ပေးသောအရာဖြစ်သည်။ လူတစ်ဦးချင်းစီ၏ စာရိတ္တကောင်းမွန်မှုကြောင့် အောင်မြင်မှုကိုယ်စီရကြသကဲ့သို့ တစ်နိုင်ငံလုံးမှ ပြည်သူတစ်ရပ်လုံး၏ စာရိတ္တကောင်းမွန်မှုဖြင့် နိုင်ငံတော်ကြီးပွားတိုးတက်အောင်မြင်နိုင်သည်။

သို့ဖြစ်ရာ လက်ရှိကာလ နိုင်ငံတော်အောင်မြင်ရေးအတွက် ယနေ့ပြည်သူများအားလုံး အကျင့်စာရိတ္တကောင်းများ လိုက်နာကျင့်ကြံကြရမည်ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်တိုးတက်မြင့်မားရေးအတွက် လူငယ်များအကျင့်စာရိတ္တကောင်းမွန်ရေးလေ့ကျင့်ပျိုးထောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# ပရံတော်ချောင်းအတွင်း အမှိုက်နှင့်ရေဆိုးစွန့်ပစ်မှုများကို ထိရောက်စွာအရေးယူမည်



မန္တလေး မတ် ၁၈

မန္တလေး ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖြတ်သန်းပြီး တောင်သမန်အင်းအတွင်း စီးဆင်းသောပရံတော်ချောင်းအတွင်းသို့ အမှိုက်နှင့်ရေဆိုးစွန့်ပစ်မှုများကို ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ပရံတော်ချောင်းတစ်လျှောက်တွင် ၆၂လမ်းအရှေ့ဘက်၌ လူနေရပ်ကွက်များရှိပြီး ၆၂လမ်းအနောက်ဘက်တွင် စက်ရုံများရှိကာ ချောင်းအတွင်းသို့ အမှိုက်နှင့်ရေဆိုးများ စွန့်ပစ်မှုများရှိသောကြောင့် မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးစီမံချက်တွင် ထည့်သွင်း၍ ပညာပေးမှုများ၊ ထိရောက်စွာအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

စက်ရုံများမှ ရေဆိုးစွန့်ပစ်မှုများကို ၂၀၁၆ခုနှစ် တစ်နှစ်လုံး ပညာပေးခြင်း၊ သတိပေးတားမြစ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ခိုးထုတ်နေမှုများရှိသောကြောင့် စစ်ဆေးတွေ့ရှိပါက လုပ်ငန်းလိုင်စင်ပိတ်သိမ်းသည်ထိ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

လူနေရပ်ကွက်များကို အသိပညာပေးဟောပြောမှုများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ပြီး လူနေရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များမှ အမှိုက်များလာရောက်စွန့်ပစ်ပါကလည်း လိုင်စင်ပိတ်သိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်၍ တစ်ဦးတစ်ယောက်ချင်း အမှိုက်စွန့်ပစ်မှုများကို ဒဏ်ကြေးငွေတပ်ကာ အရေးယူသွားမည်ဖြစ်သည်။

ပရံတော်ချောင်းအတွင်း ရေဆိုးနှင့် အမှိုက်များစွန့်ပစ်ခြင်းကို သတင်းစာများမှလည်း ကြေညာတားမြစ်သွားမည်ဖြစ်ပြီး မြို့တော်ဝန်ဒေါက်တာရဲလွင်ကိုယ်တိုင် ကြီးကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပရံတော်ချောင်းနှင့် ထိစပ်နေသော လူနေရပ်ကွက်များတွင် အမှိုက်ပစ်ရန်နေရာများအစားထိုးပေးခြင်း၊ အမှိုက်ကန်များ ချထားပေးခြင်း၊ အမှိုက်ကားများ အချိန်မှန် လာရောက်အမှိုက်သိမ်းစေရန် ဆောင်ရွက်ခြင်းတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့် အသိပေးညှိနှိုင်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ပရံတော်ချောင်းသည် ပုသိမ်ကြီးမြို့နယ်မှအစပြုပြီး ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ကို ဖြတ်သန်း၍ မန္တလေးအဝင်တံခွန်တိုင်အပိုင်းတွင် ကိုလံဘိုချောင်းနှင့်ပေါင်းကာ တောင်သမန်အင်းအတွင်းသို့ စီးဝင်ကြောင်း သိရသည်။

(၂၀၀)

➤ ➤ ➤

# တစ်ပတ်အတွင်း မန္တလေး ကျောက်စိမ်းဈေးကွက်

မန္တလေး မတ် ၁၈

မန္တလေး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့တွင် ဖွင့်လှစ်ထားရှိသော စည်ပင်သာယာ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းရှိ အပွင့်ဝိုင်း၊ လွှာချပ်ဝိုင်း၊ လက်ကောက်ဝိုင်း၊ အတစ်ဝိုင်း၊ ဝွင်ဝိုင်း၊ ပျံကျမီးထိုးဝိုင်းနှင့် မိုးကုတ်နီပြာဝိုင်းတို့တွင် ကျောက်အရောင်းအဝယ်သမားများ စည်ကားလျက်ရှိသော်လည်း ကျောက်စိမ်းအဝင်နည်းသဖြင့် အရောင်း၊ အဝယ်မဖြစ်ကြကြောင်း သိရသည်။

အပွင့်ဝိုင်း အရောင်းအဝယ်ကောင်းနေသော်လည်း ဈေးကောင်းမရသောကြောင့် အရောင်းအဝယ်အေးနေကြောင်း၊ သူ့ဈေးနှင့်သူ အရောင်းအဝယ်ဖြစ်ရုံသာ ရောင်းဝယ်နေကြကြောင်း သိရသည်။

"နောက်ပိုင်း ကျောက်စိမ်းဈေးအရောင်းအဝယ်ကောင်းလာတော့မှာပါ။ တစ်နည်းအားဖြင့် ကျောက်ရှားနေတာ၊ ဖားကန့်ဘက်က ကျောက်အထွက်ကို ထိန်းထားတာဟာ ဈေးကောင်းဖို့အတွက် လုပ်ပေးနေသလိုဖြစ်တော့ တရုတ်အစိုးရက သူတို့ကုန်သည်တွေကို ငွေထုတ်ချေးပေးတော့မယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောက်သမားတွေ မျှော်လင့်ထားတဲ့အတိုင်း အရောင်းအဝယ်ကောင်းလာတော့မှာပါ။ အရင်ကထက် စဝရာခိုင်နှုန်းလောက်ရောင်းအားမြင့်တက်လာတော့မှာပါ"ဟု ကျောက်ဝိုင်းအတွင်းမှ ကုန်သည်ဦးဇော်ဇော်က ပြောပြသည်။

ရွှေလီကျယ်ဂေါင်ဈေးများတွင်လည်း ကျောက်စိမ်းအဝယ်လိုက်သဖြင့် မန္တလေးကုန်သည်များ တက်ရောင်းနေကြကြောင်း၊ ယခုအချိန်တွင် တရုတ်ငွေ ၅၂၀ယွမ်လျှင် မြန်မာငွေကျပ် တစ်သိန်းပေါက်နေသောကြောင့် ပုံမှန်ဈေးလောက်ရှိနေကြောင်း သိရသည်။

အောက်ကျောက်၊ ခါးကျောက်၊ အတစ်များ နေ့စဉ်အရောင်းအဝယ်ကောင်းနေကြောင်း။ လက်ကောက်နှင့် လွှာချပ်၊ ဝွင်ကျောက်တို့ ပိုမိုရောင်းအားကောင်းကြောင်း၊ ဈေးကွက်အတွင်းတွင် ကျောက်စိမ်းအပြင် အဆောင်အဖြစ်ပူဇော်ရန်အတွက် ပယင်းဖန်စီများ၊ သူ့ယောင်ကျောက်များ အရောင်းအဝယ်ကောင်းကြောင်း။ ပယင်း(ပိုးကောင်ပါ) ဖန်စီလက်ကောက်အလတ်စားတစ်ကွင်းလျှင် ငွေကျပ် ၂၀၀၀၀ အထက်ရောင်းရပြီး ဆွဲကြိုးတစ်ကုံးလျှင် ငွေကျပ် နှစ်သိန်းခန့်ရှိကြောင်း သိရသည်။

သွေးခုံ၊ ဖြတ်ခုံဝိုင်းသမားများ သွေးထည်၊ ဖြတ်ထည်များရရှိသဖြင့် ဝင်ငွေကောင်းကြကြောင်း၊ ကျောက်စိမ်းပစ္စည်းဖန်စီများလည်း ဖြတ်တောက်သွေးနေရသဖြင့် အပ်ထည်ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

(၁၅၆)

# မန္တလေးမြို့ဆန်ဈေးကွက်တွင် ဆန်သစ်ဈေးများပြန်ကျ

မန္တလေး မတ် ၁၈

မန္တလေးမြို့ ဆန်ဈေးကွက်တွင် တက္ကသိုလ်ဝင်စာမေးပွဲမတိုင်မီက ဈေးမြင့်တက်ခဲ့သည့် ဆန်ကြမ်းအသစ်များ ယခုရက်ပိုင်းအတွင်း ဈေးအနည်းငယ်ပြန်ကျသွားကြောင်း မန္တလေးမြို့ ဆန်ကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

မန္တလေးမှ မူဆယ်သို့ဆန်တင်ပို့သည့်လမ်းကြောင်းတွင် နယ်မြေမတည်ငြိမ်မှုကြောင့် ဆန်တင်ပို့သည့် ကားများ လမ်းပိတ်ဆို့လျက်ရှိ၍ ရန်ကုန်မှတင်ပို့သည့် ဆန်တင် မော်တော်ရေယာဉ်များလည်း မန္တလေးဆိပ်ကမ်းတွင် စုပုံနေပြီး မန္တလေးတွင် ပစ္စည်းများ များပြားနေသည့်အတွက် ဆန်ကြမ်းအသစ်များမှာ တစ်အိတ်လျှင် ငွေကျပ် ၅၀၀ခန့် ဈေးလျှော့ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ ဆန်ကုန်သည်တစ်ဦးက ပြောပြသည်။

"ရန်ကုန်မှာလဲ ဈေးကျတယ်။ ဆန်သစ်က နယ်ကပဲ အဝယ်များတယ်။ မြို့ပေါ်က သိပ်မစားကြဘူး။ သကြီန်နားနီးလို့ ရက်ရှည်ပိတ်ရမှာဆိုတော့ ဈေးသိပ်မတင်ဘဲ အဆင်ပြေတဲ့ဈေးနဲ့ပဲ ရောင်းနေကြတယ်"ဟု ၎င်းကပြောပြသည်။

လက်ရှိဆန် ဈေးကွက်တွင် ဆန်ကြမ်းအဟောင်းများကို ပြန်သန့်စင်၍ ယခင်ဈေးနှုန်းကို အနည်းငယ်ခွာပြီး ရောင်းသည့်အတွက် အရောင်းအဝယ်ပြန်ဖြစ်လျက်ရှိကာ ရွှေဘိုဘေးကျားပေါ်ဆန်း အဟောင်းများမှာ ပစ္စည်းကုန်ခါနီးဖြစ်သည့်အတွက် ဈေးနှုန်းတက်ရိပ်ပြလျက်ရှိကြောင်း သိရသည်။

"ဒီနေ့တော့ လမ်းတွေပြန်ပွင့်သွားပြီ။ မူဆယ်ဈေးကွက်က လမ်းမပိတ်ခင်ကတည်းက ခပ်အေးအေးပါပဲ"ဟု မန္တလေး-မူဆယ် ဆန်ကုန်သည်တစ်ဦးက ပြောပြသည်။

လက်ရှိ ဆန်ဈေးနှုန်းများမှာ တစ်တင်းခွဲဝင်တစ်အိတ်လျှင် ရွှေဘိုဘေးကျားပေါ်ဆန်း (အသစ်) ငွေကျပ် ၃၅၀၀၀၊ ၃၆၀၀၀၊ (အဟောင်း) ငွေကျပ် ၄၃၀၀၀၊ ၄၄၀၀၀၊ မဂျမ်းတော (အသစ်) ငွေကျပ် ၃၉၀၀၀၊ ၄၀၀၀၀၊ (အဟောင်း)ငွေကျပ် ၄၉၀၀၀၊ ၅၀၀၀၀၊ ဧရာမင်း(အသစ်) ငွေကျပ် ၃၈၀၀၀၊ ၃၈၅၀၀၊ ရန်ကုန်ဇီယာ (အသစ်) ငွေကျပ် ၂၀၀၀၀၊ ၂၂၀၀၀၊ သုခ(အသစ်)ငွေကျပ် ၂၁၀၀၀၊၂၂၅၀၀၊ ကောက်ညှင်း (အပွ) ငွေကျပ်၃၈၀၀၀၊၃၉၀၀၀၊ (အသွယ်)(ရှယ်) ငွေကျပ်၄၀၀၀၀၊ ၄၂၀၀၀တို့ဖြစ်ကြောင်း သိရသည်။

(၁၉၇)

စာတည်းမှူးချုပ်-ဗိုလ်မှူးဆန်းဝင်း၊ ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့်ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

www.facebook.com/themyawadydaily

# သင်္ကြန်ကာလတွင် တောင်သမန်တံတားအနီး လုံခြုံရေးအင်အား ၈၀ကျော်ဖြင့် ဆောင်ရွက်မည်

မန္တလေး မတ် ၁၈

သင်္ကြန်ကာလတွင် တောင်သမန်တံတားအနီး လုံခြုံရေးအတွက် လုံခြုံရေးအင်အား ၈၀ ကျော်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်သမန်တံတား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။

ယခုနှစ် မဟာသင်္ကြန်ကာလရက်များတွင် ခိုက်ရန်ဖြစ်ပွားမှုများနှင့် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ရဲတပ်ဖွဲ့အပါအဝင်လုံခြုံရေးအင်အား ၈၀ကျော်ဖြင့် လှည့်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်သမန်တံတားထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းထံမှ သိရသည်။

"နှစ်တိုင်း လုံခြုံရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြတာပါ။ ရဲတပ်ဖွဲ့ဝင်တွေလဲပါတယ်။ ကျန်တာတော့ ရပ်မိရပ်ဖနဲ့ ကျန်တဲ့အဖွဲ့အစည်းတွေနဲ့ တာဝန်ရှိသူတွေပူးပေါင်းပြီး တစ်နေကုန်ပတ်ပြီး ဆောင်ရွက်ပါတယ်။ ဒီနှစ်လဲ အဲဒီလိုပဲ ဆောင်ရွက်ကြမှာပါ" ဟု ၎င်းကဆက်လက်ပြောပြသည်။

ထိုကဲ့သို့ နေ့ညလုံခြုံရေးဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တောင်သမန်တံတားထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းပေါ်ရှိ ကမ္ဘာကျော်တောင်သမန်တံတားကြီးသို့ သင်္ကြန်ရက်တွင် လာရောက်လည်ပတ်အနားယူသူ နေ့စဉ်သိန်းချီရှိကြောင်း၊ သင်္ကြန်တွင်းရက်များတွင် တောင်သမန်တံတားသို့ သွားရာလမ်းများကို တစ်လမ်းမောင်းအဖြစ် ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၉၈)

# မန္တလေးမြို့တွင် ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနား အလုပ်သမားဦးရေ ၁၀၀၀ကျော်ဖြင့် ကျင်းပမည်

မန္တလေး မတ် ၁၈

မေ ၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားကို အလုပ်သမားဦးရေ ၁၀၀၀ ကျော်ဖြင့် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းဇော်ထွန်းထံမှ သိရသည်။

အဆိုပါ ကမ္ဘာ့အလုပ်သမားနေ့(မေဒေးနေ့) အခမ်းအနားကို မန္တလေးမြို့တွင် နံနက် ၉နာရီမှ စတင်၍ ညပိုင်းထိကျင်းပရန် အစီအစဉ်များရေးဆွဲထားပြီး သဝဏ်လွှာဖတ်ကြားခြင်း၊ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ သဘောထား ကြေညာချက်များ ထုတ်ပြန်ခြင်းများအပါအဝင် စာပေဟောပြောပွဲများ စသည့်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၉၈)

➤ ➤ ➤

# ကုလားပဲဖြူကြီး(V7)ကို တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံက အပြိုင်ဝယ်ယူနေ



မန္တလေး မတ် ၁၈

ကုလားပဲဖြူကြီး(V7)ကို တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံက အပြိုင်ဝယ်ယူနေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ကုလားပဲဖြူကြီး(V2)နှင့် ကုလားပဲဖြူကြီး(V7)သည် ပြီးခဲ့သည့်နှစ် ယခုလိုအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ရှိပြီး ယခုအခါတွင် ကုလားပဲဖြူကြီး(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ရှိပြီး ကုလားပဲဖြူကြီး(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ရှိကြောင်း ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ကုလားပဲမျိုးစေ့ဖြစ်တဲ့ (V2)၊ (V7)ဆို မနေ့က (V2) သုံးတင်းဝင်တစ်အိတ်ကိုငွေကျပ် ၁၁၅၀၀၀ ဒီနေ့ဆို ငွေကျပ် ၆၀၀၀ ဈေးတက်လာတယ်။(V7)ကလဲ ငွေကျပ် ၈၀၀၀လောက် ဈေးတက်လာတယ်။ (V7) ကို အိန္ဒိယကလဲ ဝယ်တယ်၊ တရုတ်နိုင်ငံကလဲ ရသလောက် ဝယ်ယူနေတာ။(V2)ကို အိန္ဒိယကပဲဝယ်တယ်။လောက်ကိုင်အခြေအနေမဖြစ်ပေါ်ခင်က ဈေးထက် အခုဆို သာတောင်သာနေပါတယ်။တိုက်ပွဲတွေဖြစ်ပြီး လမ်းတွေပိတ်ရင် ခါတိုင်းနှစ်တွေဆို မန္တလေးဈေးကွက် ကျဆင်းသွားတယ်။အခု ဒီလိုမဟုတ်ဘူး။ဝယ်ယူအားက သူတို့အနေနဲ့ကိုက လိုလိုချင်ချင်နဲ့ ရရာပေါက်ဈေးနဲ့ အလုအယက်ဝယ်ယူနေကြတယ်"ဟု ၎င်းက ပြောပြသည်။

မန္တလေးမြို့ ကုန်စည်ဒိုင်သည် တရုတ်ကုန်သည်များကို အားကိုးနေရကြောင်း၊ ယခုအခါတွင် ပြည်တွင်းတရုတ်ကုန်သည်များက ပြည်ပတရုတ်ကုန်သည်များနှင့် ပူးပေါင်း၍ ယခင်ကထက် သီးနှံများကို ပိုမိုဝယ်ယူနေကြောင်း မန္တလေးကုန်စည်ဒိုင်နာယက ဦးကြည်မောင်က ပြောပြသည်။

"နေ့စဉ် တရုတ်ဝယ်လက် ၁၅ယောက် အမြဲလာတယ်။ ၁၅ယောက်ရဲ့ ဝယ်လိုအားကလဲ ကြီးပါတယ်။ အရင်တုန်းကကျ ဒီမှာရှိတဲ့ ပြည်တွင်းတရုတ်ကုန်သည်လောက်ပဲ ဝယ်တာ။ အခုကျ ပြည်ပတရုတ်ကုန်သည်တွေက ပြည်တွင်းတရုတ်တွေနဲ့ ပေါင်းတယ်။ အရင်တုန်းက ပြည်တွင်းတရုတ်ကုန်သည်တွေက ခပ်စိပ်စိပ်ပဲ ဝယ်တာ။ အခုကျ ပြည်ပက တရုတ်ကုန်သည်တွေ တွေနဲ့ပေါင်းပြီး အများကြီးဝယ်လာတယ်"ဟု ၎င်းကပြောပြသည်။

လက်ရှိတွင် တရုတ်ကုန်သည်နှင့် အိန္ဒိယကုန်သည်များက ကုလားပဲဖြူကြီး(V2)၊ ကုလားပဲဖြူကြီး(V7)၊မြေပဲဆန်အဖြူ၊ မြေပဲဆန်အနီ၊ မြေထောက်ပဲ၊ ပဲကျား၊ ပဲစာဥ၊ မတ်ပဲ၊ ပဲတီစိမ်း စသည်တို့ကို ဝယ်ယူလျက်ရှိကြောင်း သိရသည်။ (၁၉၉)

# 'လုံခြုံဘေးကင်းသောလုပ်ငန်းခွင်ဆီသို့'ခေါင်းစဉ်ဖြင့် ချမ်းအေးသာစံမြို့နယ်တွင် ဆွေးနွေးပွဲကျင်းပ

မန္တလေး မတ် ၁၈

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် GLOBAL ENCHANTING သင်တန်းကျောင်းတို့ ပူးပေါင်း၍ SAFETY 360- TAKING RESPONSIBILITY TOGETHER 'လုံခြုံဘေးကင်းသောလုပ်ငန်းခွင်ဆီသို့' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန ခရိုင်စစ်ဆေးရေးမှူး၊လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမြင့်နိုင်က 'မတော်တဆထိခိုက်မှုဖြစ်ရပ်များအား လေ့လာခြင်း'ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး GLOBAL ENCHANTING SAFETY & MANAGEMENT TRAINING CENTER မှ SENIOR TRAINER ဦးညွန့်ဖေက 'ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အထူးအာရုံစိုက်ရမည့်အန္တရာယ်ကြီး (၄)ရပ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ မြိုးသက်နိုင်က 'တာဝါတိုင်အမြင့်တွင် အန္တရာယ်ကင်းစွာ အလုပ်လုပ်ခြင်း'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးကိုကိုနိုင်က 'ဘေးအန္တရာယ်ကင်းရှင်းရေးစီမံဆောင်ရွက်မှုများနှင့်ပတ်သက်၍'လည်းကောင်း ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

(၀၄၂)

# သမဝါယမအသင်းသားတောင်သူများကို လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာ ၁၃၁စီး ကာလရှည်အရစ်ကျဝယ်ယူပေးနိုင်ခဲ့

မန္တလေး မတ် ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသား တောင်သူများသို့ တောင်သူများကြိုက်နှစ်သက်ရာ ကုမ္ပဏီများမှ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာ ၁၃၁စီးကို ကာလရှည်အရစ်ကျစနစ်ဖြင့် တစ်နှစ်တာကာလအတွင်း ဝယ်ယူပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူပေးနိုင်သောကြောင့် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ခြင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်ပျိုးစရိတ်သက်သာခြင်းနှင့် လုပ်အားသက်သာနိုင်ခြင်း စသည်တို့အတွက် အသင်းသားများ စိတ်ကြိုက်လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ကိရိယာများကို တောင်သူများထံသို့ အရစ်ကျငွေချေစနစ်ဖြင့် မတ်လထိ ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆ခုနှစ် ဧပြီလမှ ယခုနှစ် မတ်လထိ တစ်နှစ်တာကာလအတွင်း လယ်ယာသုံးစက်ကိရိယာကဏ္ဍတွင် ထွန်စက် ၆၅စီး၊ ထော်လာဂျီ ၂၄စီး၊ လက်တွန်းထွန်စက်တစ်စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၅စီး၊ လယ်ယာသုံးကိရိယာ ဆက်စပ်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးကဏ္ဍတွင် ဖောကား ၂၄စီးအပါအဝင် စုစုပေါင်း အစီးရေ ၁၃၁စီး ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၅ခုနှစ် မတ်လမှ ၂၀၁၆ခုနှစ် မတ်လထိ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာ ၃၇၄စီး ဝယ်ယူပေးခဲ့ပြီး ၂၀၁၆ခုနှစ် ဧပြီလမှ ယခုနှစ် မတ်လ ၁၄ရက်ထိ ၁၃၁စီး တိုး၍ ဝယ်ယူပေးနိုင်ခဲ့သဖြင့် အစီးရေ ၅၀၅စီး ဝယ်ယူပေးနိုင်ခဲ့ကြောင်း သမဝါယမဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ (၁၅၆)



# မြန်မာ့ရွှေပြည်အရှည်တည်ရေး ရည်ဆောင်မွေ့ပျော် တပ်မတော်

မနောသစ်(ပခုက္ကူ)

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအချို့၌ နိုင်ငံတော်ကာကွယ်ရေးအတွက် စွမ်းအားမြင့်မားသော ခေတ်မီလက်နက်များကို အပြိုင်အဆိုင်တီထွင်ထုတ်လုပ်တပ်ဆင်ခြင်း ပြုလုပ်နေကြသည်။ ထိုသို့ တီထွင်ထုတ်လုပ်တပ်ဆင်နေသည်များကို မြင်တွေ့ကြားသိရသောအခါ နိုင်ငံတစ်နိုင်ငံ ကမ္ဘာ့အလယ်တွင်တင့်တင့်တယ်တယ်ဖြင့် အစွန့်ရှည်ရပ်တည်နိုင်ရန် ကာကွယ်ရေးအင်အားသည် အဓိကကျသောအကြောင်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း စာရေးသူအနေဖြင့် တွေးဆမိသည်။

မိမိတို့မြန်မာနိုင်ငံတော်ကြီး ယခုကဲ့သို့ ကိုယ်ပိုင်အချုပ်အခြာဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် အစွန့်ရှည်ရပ်တည်နိုင်သည်မှာလည်း နိုင်ငံနှင့်လူမျိုးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ကာ ပြည်တွင်း၊ ပြည်ပ အဖျက်ရန်ဟူသမျှကို ခေတ်အဆက်ဆက်တွန်းလှန်တိုက်ခိုက်ချေမှုန်းပေးသော နိုင်ငံတော်ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်တစ်ရပ်ရှိ၍ပင်ဖြစ်သည်။

ထို့ပြင် ကမ္ဘာတွင်သတ်မှတ်ခေါ်ဝေါ်ကြသော ကြေးစားတပ်မတော်၊ အမြဲတမ်းတပ်မတော်နှင့် မျိုးချစ်တပ်မတော်ဆိုသည့် တပ်မတော်အမျိုးအစားများထဲမှ မျိုးချစ်တပ်မတော်အမျိုးအစားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံ၏တပ်မတော်သည်က လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော တပ်မတော်ဖြစ်သောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်စတင်ဖြစ်တည်မှုနှင့် ယခုအချိန်ထိ နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကိုတင်ပြရလျှင် မိမိတို့မြန်မာနိုင်ငံကို ၁၈၂၄ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ခုနှစ်တွင် ဒုတိယကျူးကျော်စစ်နှင့် ၁၈၈၅ခုနှစ်တွင် တတိယကျူးကျော်စစ်ဟူ၍ စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ နယ်ချဲ့အင်္ဂလိပ်တို့က သိမ်းပိုက်ရယူခဲ့သည်။ ထိုသို့ သိမ်းပိုက်ပြီးနောက် မိမိတို့နိုင်ငံနှင့်လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမှသည် ဘာသာရေးထိ အဘက်ဘက်မှရောင်ဝါမှေးမှိန်အောင် မတရားဖိနှိပ်ချုပ်ချယ်မှုများလုပ်ဆောင်ခဲ့သည်။

ထိုသို့ လုပ်ဆောင်မှုကို မခံမရပ်နိုင်၍ မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှ တိုင်းရင်းသားများက ရရာလက်နက်စွဲကိုင်ကာ တစ်သွယ်၊ နိုင်ငံရေးနည်းဖြင့် တစ်ဖုံ၊ ဘာသာရေးနည်းဖြင့်တစ်မျိုး နည်းမျိုးစုံဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ ဤသို့ဖြင့် ၁၉၃၉ခုနှစ်ရောက်သောအခါ ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားလာသည်။

ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့ အခက်ကြုံသည်ကို အခွင့်အခါကောင်းသတ်မှတ်ကာ အင်္ဂလိပ်အခက် ဗမာ့အချက်ဟူသောမူဖြင့် အင်္ဂလိပ်တို့အား မြန်မာ့မြေမှ မောင်းထုတ်နိုင်ရန် တပ်မတော်တစ်ရပ် ဖွဲ့စည်းရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မျိုးချစ်လူငယ်၂၉ဦးပါဝင်သော ရဲဘော်သုံးကျိပ်သည် အာရှသားတို့တစ်ပြေးညီကောင်းစားရေးဟု ကြွေးကြော်နေသော ဖက်ဆစ်ဂျပန်တို့နှင့်မဟာမိတ်ဖွဲ့ကာဟိုင်နန်ကျွန်းသို့သွား၍ စစ်ပညာများသင်ယူခဲ့ကြသည်။

စစ်ပညာများသင်ယူပြီးနောက် ၁၉၄၁ခုနှစ် ဒီဇင်ဘာလ၂၇ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ရဲဘော်သုံးကျိပ်နှင့် မြန်မာမျိုးချစ်လူငယ်၂၀၀ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဂျပန်တို့နှင့် ပူးပေါင်းကာ စစ်ကြောင်းလေးကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး နယ်ချဲ့ အင်္ဂလိပ်တို့အား တိုက်ခိုက်ချေမှုန်းခဲ့ရာ အောင်မြင်ခဲ့သည်။

ထိုသို့ မြန်မာ့မြေပေါ်တွင် စိုးမိုးနေသောအင်္ဂလိပ်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်ဂျပန်တို့က မင်းမူစိုးမိုးလာပြန်သည်။ မင်းမူစိုးမိုးမှုပြုရာတွင် တိုင်းရင်းသားပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျွဲနွားတိရစ္ဆာန်နှင့်စားဖွယ်များကို အတင်းအဓမ္မယူငင်ခြင်းနှင့် သားပျို၊ သမီးပျိုများကို ပန်းကောင်းအညွန့်ချိုးခြင်းတို့ပါပြုလုပ်လာပေရာ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုသည့်ပမာဖြစ်နေသည်။

> ❖ ထိုသို့ မြန်မာ့မြေပေါ်တွင် စိုးမိုးနေသောအင်္ဂလိပ်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်ဂျပန်တို့က မင်းမူစိုးမိုးလာပြန်သည်။ မင်းမူစိုးမိုးမှုပြုရာတွင် တိုင်းရင်းသားပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျွဲနွားတိရစ္ဆာန်နှင့် စားဖွယ်များကို အတင်းအဓမ္မယူငင်ခြင်းနှင့် သားပျို၊ သမီးပျိုများကို ပန်းကောင်းအညွန့်ချိုးခြင်းတို့ပါပြုလုပ်လာပေရာ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးဆိုသည့်ပမာဖြစ်နေသည်။ ❖

ထို့ပြင် ဖက်ဆစ်ဂျပန်တို့က ၎င်းတို့ကိုတော်လှန်ခြင်းပြုလာနိုင်သည့် မြန်မာ့တပ်မတော်ကိုလည်း အင်အားယုတ်လျော့စေရန် အကြောင်းအမျိုးမျိုးပြ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ၁၉၄၂ခုနှစ် ဇူလိုင်၂၇ရက်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဘီဒီအေကို ၁၉၄၃ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ)ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

သို့သော် မြန်မာ့တပ်မတော်သည်ကား အမည်နာမအားဖြင့် မည်သို့ပင်ပြောင်းလဲစေသော်လည်း နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသည့် မျိုးချစ်စိတ်ကား ပြောင်းလဲမှုမရှိခဲ့ပေ။ ၁၉၄၅ခုနှစ် မတ်လ၂၇ရက် တွင် မြန်မာ့မြေပေါ်တွင် ဗိုလ်ကျစိုးမိုးနေသော ဖက်ဆစ်ဂျပန်တို့ကို ပြည်သူတို့နှင့်လက်တွဲကာ တော်လှန်တိုက်ထုတ်ခဲ့သည်။ ထိုသို့တပ်မတော်၏တော်လှန်တိုက်ထုတ်ခဲ့မှုသည် မိမိတို့နိုင်ငံလွတ်လပ်ရေးအတွက် အဓိကကျသော အကြောင်းတရားများတွင်တစ်ခုအပါအဝင်ဖြစ်သည်။ (ထို့ကြောင့်ပင် မတ်၂၇ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ခဲ့သည်)

တပ်မတော်သည် မိမိတို့နိုင်ငံတော်ကြီးလွတ်လပ်ရေးရရှိအောင် အသက်၊ သွေး၊ ချွေးများပေးဆပ်၍စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်သာမက လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၄၈ခုနှစ်တွင် တွေ့ကြုံခဲ့သော ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ ၁၉၅၈ခုနှစ်တွင် တွေ့ကြုံခဲ့ရသော နိုင်ငံရေးပါတီအကွဲအပြဲများ၊ ၁၉၆၂ခုနှစ်တွင် တွေ့ကြုံခဲ့ရသော ပြည်ထောင်စုကြီးပြိုကွဲပြီး အချုပ်အခြာအာဏာဆုံးရှုံးမည့် အခြေအနေများကို တည်ငြိမ်အောင် ဆောင်ရွက်ခဲ့သကဲ့သို့ ၁၉၈၈ခုနှစ်တွင်ကြုံတွေ့ခဲ့ရသော မင်းမဲ့စရိုက်ဆန်သည့် အရေးအခင်းဖြစ်ပွားမှုကိုလည်း ထိန်းသိမ်းကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်တာဝန်ကို တပ်မတော်မှ ထမ်းဆောင်စဉ်ကာလတွင် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးစည်ပင်စေရေးအတွက် တံတား၊ လမ်း၊ ဆည်မြောင်း၊ ရေတွင်း၊ ရေကန်၊ ဆေးခန်း၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် စက်မှုဇုန်များတည်ဆောက်ပေးခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးပပျောက်ကင်းစင်စေရန် နိုင်ငံတစ်ဝန်းရှိ ဘိန်းစိုက်ပျိုးလေ့ရှိသည့်နေရာများသို့သွားရောက်ကာ ဘိန်းစိုက်ပျိုးခြင်းမပြုဘဲ အစားထိုးသီးနှံများစိုက်ပျိုးရန် စွမ်းဆောင်ပေးခဲ့သလို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးလမ်း လျှောက်လှမ်းရန်ဆွေးနွေးကြည်ဖြူစွာဖိတ်ခေါ်ကမ်းလှမ်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြည်သူတို့လိုလားသော ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်ပေးခဲ့ကာ နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ နိုင်ငံတော်တာဝန် လွှဲပြောင်းအပ်နှင်းပြီးနောက်တွင်လည်း တပ်မတော်သည် နိုင်ငံနှင့်ပြည်သူအကျိုးကို အစဉ်ဦးထိပ်ပန်ဆင်လျက် ၂၀၁၅ခုနှစ်ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသတွင်ဖြစ်ပွားခဲ့သည့် ကိုးကန့်သောင်းကျန်းသူများ၏ အန္တရာယ်၊ ၂၀၁၆ခုနှစ်အောက်တိုဘာ၉ရက်တွင် ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု၊ ၂၀၁၆ခုနှစ် နိုဝင်ဘာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်-ဖောင်းဆိုင်-ကြူကုတ်-မူဆယ်-ကွတ်ခိုင်ဒေသတို့တွင် ဖြစ်ပွားခဲ့သည့် KIA/TNLA/MNDAA/AAအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်ဆောင်မှုများ၊ ၂၀၁၆ခုနှစ်ဒီဇင်ဘာလအတွင်း ကချင်ပြည်နယ်ဝိုင်းမော်မြို့တွင် ဖြစ်ပွားခဲ့သည့် KIA သောင်းကျန်းသူတို့၏ ဆက်ကြေးကောက်၊ လူသစ်စု၊ ဌာနဆိုင်ရာစခန်းများနှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို နှောင့်ယှက်ပစ်ခတ်ခြင်း စသည့်အကြမ်းဖက်မှုများကို အသက်၊ သွေး၊ ချွေးများ ပေးဆပ်ကာ ချေမှုန်းပေးခဲ့သည်။

ထိုသို့ တိုက်ခိုက်ချေမှုန်းနေခြင်းမှာလည်း စစ်ကိုလိုလား၍ မဟုတ်ဘဲ တိုင်းပြည်အေးချမ်းသာယာစေရန် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံတို့တွင် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာကဏ္ဍမှ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်နေခြင်းများက သက်သေပြလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံနှင့်လူမျိုးတိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ရေးဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် စတင်ဖြစ်တည်လာခြင်း၊ လွတ်လပ်ရေးရရှိပြီးချိန်မှသည် ယခုမျက်မှောက်ကာလထိ ပြည်တွင်း၊ ပြည်ပရန်ဘယာများချုပ်ငြိမ်းအောင်ပြုကာ နိုင်ငံတော်မပြိုကွဲမပျက်စီးအောင် အမြဲရှေးရှုဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ အခက်အခဲများကို စာနာဖေးကူပေးခြင်းတို့မှာ ပေါ်လွင်ထင်ရှားလှသည်။

ယခုဆိုလျှင် မိမိတို့မြန်မာနိုင်ငံ၌ မတ်လ ၂၇ရက်ရောက်တိုင်း တခမ်းတနားကျင်းပမြဲဖြစ်သည့် တပ်မတော်နေ့အခါသမယသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ ထို့ကြောင့် ယခုနှစ်တွင်ကျရောက်မည့် (၇၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များအဖြစ်-

-နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းတာဝန်အရပ်ရပ်ကိုထိပါးလာမှုများအား တပ်မတော်မှကာကွယ်စောင့်ရှောက်ရေး၊

-နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုကရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ရပ်တည်ချက်အဖြစ် မြဲမြဲစွာခံယူလုပ်ဆောင်ရေး၊

-ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင်ချမှတ်ထားသော တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး၊

-နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေးဟူ၍ရပ်မြင်သံကြားနှင့်သတင်းစာများတွင် ထုတ်ပြန်ထားသည်။

ထိုဦးတည်ချက်များကိုလည်း နိုင်ငံနှင့်လူမျိုးအကျိုးရှေးရှုသော တပ်မတော်က ဦးလည်မသုန် အကောင်အထည်ဖော်ဆောင်မည်မှာမလွဲပေ။ ထို့ကြောင့် တပ်မတော်၏ဂုဏ်ရည်သည်ကား **"မြန်မာ့ရွှေပြည် အရှည်တည်ရေး ရည်ဆောင်မွေ့ပျော် တပ်မတော်"** ဟု ကမ္ပည်းထိုးစာသဖွယ်ပင်ဖြစ်ပါကြောင်း (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

➤ ➤ ➤



# မြို့နယ်အဆင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဖွဲ့စည်း

ရေစကြို မတ် ၁၈

မူးယစ်ဆေးဝါးကင်းစင်သော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ကို ဖွဲ့စည်းပြီးနောက် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်များကို ဖွဲ့စည်းခဲ့ပြီး ယခုအခါ မြို့နယ်အဆင့်ထိ အရှိန်တိုးမြှင့်ဖွဲ့စည်းလျက်ရှိရာ မြို့နယ်အဆင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းရေးညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၇ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမင်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်တို့က အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူခရိုင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းအောင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဖွဲ့စည်းရခြင်း အကြောင်းရင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ မူဝါဒများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ရေစကြိုမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကို ဥက္ကဋ္ဌ ဦးငွေဝင်း၊ အတွင်းရေးမှူး ဦးသန်းဆွေ ပါဝင်သော အလုပ်အမှုဆောင်ကိုးဦးဖြင့် ဖွဲ့စည်းကြောင်း သိရသည်။ (၁၄၈)

# ဝမ်းတွင်းမြို့နယ်တွင် ဆေးရောင်စုံခြယ်ပြိုင်ပွဲကျင်းပ

ဝမ်းတွင်း မတ် ၁၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ ဆေးရောင်စုံခြယ်ပြိုင်ပွဲကို မတ် ၁၇ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးမင်းထက်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ဦးစီးမှူးဦးကျော်စိုးလင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး(စီမံ)ဦးမင်းနိုင်၊ရပ်မိရပ်ဖဦးစိုးမြင့်၊ ဘုရားစုကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်မြင့်နှင့် ပြိုင်ပွဲဝင်ကလေး ၃၈ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမင်းထက်က ပြိုင်ပွဲတွင် ပထမဆုရရှိသူ မစုမြတ်နိုးအောင်၊ ဒုတိယဆုရရှိသူ မမြတ်သူကျော်နှင့် တတိယဆုရရှိသူ မထက်ထက်ယမင်းအောင်တို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၃၀)



# ဗန်းမော်မြို့တွင် အငွမအကြိမ်မြောက် ဓမ္မစကူးသင်တန်းဖွင့်ပွဲကျင်းပ

ဗန်းမော် မတ် ၁၈

ဗန်းမော်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီးမှ ကြီးမှူး၍ အငွမအကြိမ်မြောက် ဓမ္မစကူးသင်တန်းဖွင့်ပွဲကို မတ် ၁၇ရက် နံနက် ၈နာရီက အဆိုပါကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တပညိန္ဒာလင်္ကာရနှင့် ဆရာတော်များကြွရောက်တော်မူကာ ဓမ္မစကူးဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဩဝါဒကထာနာယူကြည်ညိုကာ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူများအား အလှူရှင်များက စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါသင်တန်းတွင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီးမှ ဆရာတော်၊သံဃာတော်များနှင့် ဓမ္မစကူး ဆရာ၊ ဆရာမများက နေ့စဉ် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ ဖွင့်လှစ်၍ ဓမ္မစကူးသင်ခန်းစာများကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကာ သင်တန်းကို သင်တန်းအခြေပြုအဆင့်မှ တတိယအဆင့်ထိ ဦးရေ ၁၇၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ (၄၀၃)



# ဆေးဝါး၊ဆေးပစ္စည်းနှင့်အလှကုန်များ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး အသိပညာပေး

ဂန့်ဂေါ မတ် ၁၈

မကွေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေး အသိပညာပေးရှင်းလင်းပွဲကို မတ် ၁၇ရက်က ဂန့်ဂေါမြို့ ခုတင် ၁၀၀ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာနေလင်းဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ(ဆေးဝါး) ဒေါ်မေသန္တာဝင်းလတ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး) ဒေါ်ဖူးလှိုင်ညွန့်ဦးက ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်နှင့်ဆေးဝါးသုံးစွဲမှု ဘေးအန္တရာယ်ကင်းရှင်းမှုအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးဝါးဖြန့်ဖြူးရောင်းချသူ ဆေးဆိုင်ပိုင်ရှင်များ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းတို့က ထပ်ဆင့်ဆွေးနွေးကြသည်။

အဆိုပါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန သတင်းနှင့် ကြေညာချက်များကို Website,www.fdamyanmar.gov.mm နှင့် facebook , Myanmarfda Food and Drug Administration , Myanmar တို့တွင် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ (၁၂၀)

# မြို့သစ်

\- မြို့ပြက မှောက်သွန်လိုက်တဲ့
အဟောင်းထဲက အသစ်တွေ
သွေးစစ် နေစရာတောင် မလိုဘူး။
\- နေရာဇာစ်မြစ်က
ဝလာပြီး ဖောင်းကားထွက်လာတဲ့စနစ်။
\- ကျုပ်တို့အဖြစ်များ
အောင့်သက်သက်နဲ့ပဲ ကြိတ်ချစ်နေရခဲ့။
\- တကယ်တော့
ကျုပ်တို့ချစ်တဲ့မန္တလေးက
"ညွှဲသည်လာ အိမ်ရှင်ပြေး"
ခပ်ငယ်ငယ်က ကစားကွင်းလေးလို။
\- အဲဒီလို
နီးလျက်နဲ့ဝေး ဝေးလာတိုင်း
ကျုပ်တို့ ရင်ဖိုလို့ စာဆိုနေခဲ့ရ။
\- ညီချောရေ
မြို့ပြရဲ့ ရင်ပြင်ဟာ တစ်နေ့တခြား ဖောင်းကြွလို့
အခွင့်တင် နေရာယူချင်သူတွေက
ပေါလွန်းလှရဲ့။ ။

အထဝါစိုး(မန္တလေး)

# ချောက်မြို့နယ် ရဲတပ်ဖွဲ့မှ ဝရကုန်းကျေးရွာသို့ သောက်ရေသန့်ဘူးများနှင့် သောက်သုံးရေလှူဒါန်း

ချောက် မတ် ၁၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူး အေးလွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ထိန်ကုန်းအုပ်စု ဝရကုန်းကျေးရွာသို့ မတ် ၁၇ရက် နံနက်ပိုင်းက သောက်ရေသန့်ဘူးများနှင့်သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း သောက်သုံးရေရှားပါးနေသည့် ဝရကုန်းကျေးရွာသို့ ရဲတပ်ဖွဲ့ဝင် ဦးရေ ၃၀နှင့်အတူ ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့်ကျေးရွာနေပြည်သူများအား သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် တစ်ဘူးလျှင် လီတာ ၂၀ပါ ရေသန့်ဘူးကြီး ၁၂၀၊ ရေဂါလန် ၃၀၀၀ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ကျေးရွာအရောက် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်က ပြောပြသည်။

ဝရကုန်းကျေးရွာတွင် အိမ်ထောင်စု ၈၇စု၊ လူဦးရေ ၄၄၀တို့အား သောက်သုံးရေ ဝေငှပေးခဲ့ကြောင်း၊ အဆိုပါကျေးရွာတွင် လူနှင့် တိရစ္ဆာန်များအတွက် သုံးရေသာ ရရှိသဖြင့် ယခုကဲ့သို့ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် လှူဒါန်းပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ဖိုးထက်(မင်းဘူး)



## နိုင်ငံတကာ သတင်းများ

# ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့၏ သမ္မတလောင်း ၁၁ ဦးစာရင်း အတည်ပြုကြေညာ

**ပဲရစ် မတ် ၁၈**

ဧပြီ ၂၃ရက်တွင် ကျင်းပမည့် ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ပထမအကျော့၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် သမ္မတလောင်း ၁၁ ဦး အမည်စာရင်းကို ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီက ယနေ့တွင် အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကောင်စီကောရင့်ဖေဘီးယပ်စ်၏ အတည်ပြုကြေညာလိုက်သည့် ပထမအကျော့ ရွေးကောက်ပွဲဝင် သမ္မတလောင်း ၁၁ဦးထဲတွင် လက်ယာယိမ်း အမျိုးသားဝါဒီ ခေါင်းဆောင်မရင်းလီပင်၊ တစ်သီးပုဂ္ဂလသမ္မတလောင်း အီမန်နျူရယ်မက်ခရွန်နှင့် ကွန်ဆာဗေးတစ်ဝါဒီ ဖရန်ဆွာဖီလွန်တို့ပါဝင်ကြောင်း သိရသည်။

ယင်း သမ္မတရွေးကောက်ပွဲ အစီအစဉ်အရ ဧပြီ ၂၃ရက် ရွေးကောက်ပွဲ၌ ထောက်ခံမဲအများဆုံး ရရှိသူ သမ္မတလောင်း နှစ်ဦးသည် လာမည့် မေ ၇ရက်တွင် ကျင်းပမည့် ဒုတိယအကျော့ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထိုသို့ သမ္မတရွေးကောက်ပွဲ ပထမအကျော့၌ မည်သည့်သမ္မတလောင်းကမျှ ထောက်ခံမဲပြတ်ပြတ်သားသားဖြင့် အနိုင်ရဖွယ်မရှိကြောင်း ပြင်သစ်သတင်းမီဒီယာများက သုံးသပ်ထားသည်။

ထို့ပြင် အမျိုးသားရေးဝါဒီ ခေါင်းဆောင် မရင်းလီပင်းအပါအဝင် အဓိက သမ္မတလောင်းငါးဦးတို့၏ စကားစစ်ထိုးပွဲများကို မတ် ၂၀ရက်မှစ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ KKO

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တောင်ကိုရီးယားခေါင်းဆောင်များ၏ ညစာစားပွဲသတင်းကို အမေရိကန်ငြင်းပယ်

**ဆိုးလ် မတ် ၁၈**

အာရှခရီးစဉ်အတွင်း ခရီးပန်းမှုကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်သည် တောင်ကိုရီးယားခေါင်းဆောင်များနှင့် ညစာအတူမစားရန် ဆုံးဖြတ်ခဲ့သည်ဟူသော သတင်းများပေါ်ထွက်လျက်ရှိရာ ယင်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း အမေရိကန်ပြည်ထောင်စုက ယနေ့တွင် ငြင်းပယ်ခဲ့သည်။

အဆိုပါ အာရှသုံးနိုင်ငံ ခရီးစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ မတ် ၁၇ရက်က ရောက်ရှိခဲ့သော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတေလာဆန်သည် သံတမန်ဆွေးနွေးပွဲများနှင့် အခြားအခမ်းအနားများ တက်ရောက်ရန် အစီအစဉ်များ ဖျက်သိမ်းခဲ့ကြောင်း ကိုရီးယား ဟာရဲလ်သတင်းစာက ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ယာယီသမ္မတဝမ်ကျိုအန်း၊ နိုင်ငံခြားရေးဝန်ကြီး ယွန်ဗြောင်ဆေးတို့နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးတို့အကြား ဆွေးနွေးပွဲများသည် ဂျပန်ခရီးစဉ်အတွင်း ရက်စ်တေလာဆန်နှင့် ဂျပန် ခေါင်းဆောင်များအကြား ကျင်းပခဲ့သည့် ဆွေးနွေးပွဲများနှင့် နှိုင်းယှဉ်ပါက အချိန်ပိုနည်းကြောင်း ကိုရီးယား ဟာရဲလ်သတင်းစာ၏ အဆိုအရ သိရသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီး ခရီးပန်းနေသည်ဟူသော အကြောင်းပြချက်ဖြင့် အမေရိကန်ပြည်ထောင်စုဘက်က တောင်ကိုရီးယား ခေါင်းဆောင်များနှင့် ညစာစားမည့် အစီအစဉ်ကိုဖျက်ခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက ဖော်ပြခဲ့သည်။

သို့သော် တောင်ကိုရီးယား မီဒီယာများ၏ ဖော်ပြမှုများကို ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးက ငြင်းပယ်ခဲ့ပြီး တောင်ကိုရီးယား ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်အနေဖြင့် တရားဝင် ညစာစားပွဲတက်ရန် စီစဉ်ထားခြင်းမရှိဟု ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ ကြေညာချက်တွင် လွတ်လပ်သောကုန်သွယ်ရေးမူဝါဒ အတည်ပြုနိုင်ဖွယ်မရှိဟုဆို




**ဘာဒန်ဘာဒန် မတ် ၁၈**

ကမ္ဘာ့ထိပ်တန်းစီးပွားရေးနိုင်ငံ ၂၀ (ဂျီ-၂၀) အုပ်စုဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများသည် ယနေ့တွင် ထုတ်ပြန်မည့် ဂျီ-၂၀ ကြေညာချက်၌ လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒကို အတည်ပြုနိုင်ဖွယ်မရှိဘဲ အမေရိကန်ပြည်ထောင်စု၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကိုလည်း ယတိပြတ်ငြင်းပယ်ဖွယ်မရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံ ဘာဒန်ဘာဒန်မြို့၌ ကျင်းပနေသော ဂျီ-၂၀ အုပ်စုထိပ်သီးညီလာခံ၌ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများအနေဖြင့် လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒကို အတည်ပြုရန်နှင့် ကိုယ်ကျိုးကာကွယ်ရေးဝါဒကို ယတိပြတ်ပယ်ချရန် ကြိုးစားနေရဆဲဖြစ်သည်။

သို့သော် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများသည် ၎င်းတို့အုပ်စု၏ မူလရပ်တည်ချက်အတွက် သိက္ခာဆယ်သည့်အနေဖြင့် ၂၀၁၇ခုနှစ် ဂျီ-၂၀ ကြေညာချက်၌ ကမ္ဘာ့စီးပွားရေးအတွက် ကုန်သွယ်ရေးကဏ္ဍအရေးကြီးပုံကိုသာ ထည့်သွင်းဖော်ပြထားဖွယ်ရှိသည်။

အစဉ်အလာအားဖြင့် ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများသည် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ငြင်းပယ်၍ လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒကို အတည်ပြုလေ့ရှိရာ ယခုနှစ် ဂျီ-၂၀ ကြေညာချက်မှာ အစဉ်အလာမှ သွေဖယ်သွားလိမ့်မည်ဖြစ်သည်။

မိမိအနေဖြင့် ကုန်သွယ်ရေးမူဝါဒများ ပိုမိုမျှတသင့်သည်ဟု လက်ခံထားကြောင်း ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒဘက် စိတ်ညွတ်နေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကဲလ်နှင့် မတ် ၁၇ရက်က တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုအနေဖြင့် ကုန်သွယ်ရေးစစ်ပွဲများ၌ ပါဝင်ရန် ဆန္ဒမရှိသော်လည်း အမေရိကန်အလုပ်သမားများ ခုသာခံသာရှိရေးအတွက် ကုန်သွယ်မှုဆက်ဆံရေးမူဝါဒများကို ပြန်လည်သုံးသပ်ရန်လိုသည်ဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယားအရေး ပူးပေါင်းဖြေရှင်းရန် တရုတ်နှင့် အမေရိကန်တို့ ကတိပြု

**ပေကျင်း မတ် ၁၈**

မြောက်ကိုရီးယား နျူကလီးယားလက်နက် အစီအစဉ်၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ယနေ့တွင် ကတိကဝတ်ပြုခဲ့သည်။

အာရှသုံးနိုင်ငံ ခရီးစဉ်အတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် ယနေ့တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးပွဲအပြီးတွင် ကတိကဝတ်ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ပြဿနာနှင့်ပတ်သက်၍ တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့အကြား အမြင်တူသည်ဟု မိမိမှတ်ယူကြောင်း၊ လက်ရှိအနေအထားအရ ကိုရီးယားကျွန်းဆွယ်ဒေသ တင်းမာမှုမှာ အန္တရာယ်အဆင့်သို့ ရောက်ရှိနေကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးပွဲအပြီးတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးစဉ်အတွင်း မြောက်ကိုရီးယားအစိုးရကို လမ်းကြောင်းမှန်ပေါ် ဆွဲတင်ရေးနှင့် နျူကလီးယားအစီအစဉ်များ စွန့်လွှတ်ပေးရေးတို့အတွက် အတူပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က ပြောကြားခဲ့သည်။



သို့သော် မြောက်ကိုရီးယားအစိုးရက တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များကို ခြိမ်းခြောက်သည့်လုပ်ရပ်များလုပ်ဆောင်ခဲ့လျှင် စစ်ရေးနည်းလမ်းအသုံးပြု၍ တုံ့ပြန်ရန်လည်း စဉ်းစားထားရလိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယား ခရီးစဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ရာ သမ္မတဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရ၏ အပြင်းထန်ဆုံး သတိပေးချက်အဖြစ် ရှုမြင်နိုင်ကြောင်း သိရသည်။ KKO

# အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးဦးရေ ၁၁၀ခန့်အပ်မည့် အငြင်းပွားဖွယ်ဆုံးဖြတ်ချက်ကို ဂါနာသမ္မတ ကာကွယ်ပြောကြား

**အက္ကရာ မတ် ၁၈**

ဂါနာအစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးဦးရေ ၁၁၀ ခန့်အပ်မည့် အငြင်းပွားဖွယ် ဆုံးဖြတ်ချက်ကို ဂါနာသမ္မတအကူဖိုအက်ဒိုက မတ် ၁၇ရက်တွင် ကာကွယ်ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

ယင်းအစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးဦးရေ ၁၁၀ ခန့်အပ်မည့် အစီအစဉ်သည် ဂါနာနိုင်ငံအတွက် မလုပ်မဖြစ်လုပ်ရမည့် နိုင်ငံရေးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်သံဌာနနှင့် တွေ့ဆုံခန်းပြုလုပ်စဉ် သမ္မတအကူဖိုအက်ဒိုက ပြောကြားခဲ့သည်။

၎င်းအနေဖြင့် မတ် ၁၅ ရက်က အမည်စာရင်းတင်သွင်းထားသော အစိုးရအဖွဲ့ လူစာရင်းတွင် ဒေသန္တရအဆင့်ဝန်ကြီးများ အပါအဝင် ဝန်ကြီးဦးရေ ၁၁၀ထိရှိခဲ့ရာ လူမှုကွန်ရက်မီဒီယာများနှင့် အသံလွှင့်ဌာနများက ဝေဖန်ခဲ့ကြသည်။

ယင်းဝန်ကြီးဦးရေကို အစိုးရအဖွဲ့အတွက် အသုံးပြုရမည့်အသုံးစရိတ်နှင့် ပတ်သက်၍ ပြည်သူများ စိုးရိမ်နေကြသည်ကို မိမိနားလည်သဘောပေါက်ကြောင်း၊ သို့သော် နိုင်ငံကို အမြန်ဆုံးအသွင်ပြောင်းလဲရေးအတွက် လိုအပ်ကြောင်း သမ္မတအကူဖိုအက်ဒိုက ပြောကြားခဲ့သည်။

သို့သော် အစိုးရအဖွဲ့ဝင် ဝန်ကြီးအရေအတွက်ကို ဦးရေ ၁၁၀ ထိ တိုးမြှင့်ခြင်းသည် သင့်လျော်မှုမရှိကြောင်း၊ သမ္မတ၏ လုပ်ရပ်မှာ ၎င်းနှင့် ဆက်နွယ်နေသည့်သူများ ကောင်းစားရေး လုပ်နေမည့် သဘောဖြစ်သည်ဟု အတိုက်အခံနိုင်ငံရေးခေါင်းဆောင်များက ဝေဖန်ခဲ့ကြောင်း သိရသည်။ KKO

www.facebook.com/themyawadydaily

နိုင်ငံတကာ

**အားကစားသတင်းများ**

# မိမိတို့အသင်းကစားသမားများအနေဖြင့် ဆီဗီလာအသင်း၏အမှားများကို သင်ခန်းစာယူရလိမ့်မည်ဟု အေတီကိုအသင်းဒါရိုက်တာ ပြောကြား



**မက်ဒရစ် မတ် ၁၈**

အေတီကိုအသင်း အားကစားဒါရိုက်တာ ကလီးမန့်ဗီလာဒီက မိမိတို့အသင်းမှ ကစားသမားများအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီဗီလာအသင်း၏ အမှားများကို သင်ခန်းစာယူပြီး လက်စတာအသင်းကိုရင်ဆိုင်ကစားသွားရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အေတီကိုအသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် ဆီဗီလာအသင်းကို အံ့အားသင့်ဖွယ် ကျော်ဖြတ်ပြီး အနိုင်ရရှိခဲ့သည့် လက်စတာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ဆီဗီလာအသင်းသည် ချန်ပီယံလိဂ် (၁၆)သင်း အဆင့်ပွဲစဉ်တွင် လက်စတာအသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့အိမ်ကွင်းတွင် နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ဒုတိယအကျော့ လက်စတာအသင်း အိမ်ကွင်းတွင် နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ကလီးမန့်ဗီလာဒီက မိမိတို့အသင်းမှကစားသမားများအနေဖြင့် ဆီဗီလာအသင်း၏ အမှားများကို သင်ခန်းစာယူသွားရမည်ဖြစ်ကြောင်း၊ ဆီဗီလာအသင်းအနေဖြင့် လက်စတာအသင်းကို နှစ်ကျော့စလုံး အကောင်းဆုံး ကစားနိုင်ခဲ့သော်လည်း အမှားများစွာပြုလုပ်ခဲ့သောကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းကမိမိအနေဖြင့် လက်စတာအသင်းအကြောင်းကို မသိသော်လည်း လက်စတာအသင်းအနေဖြင့် ချန်ပီယံလိဂ် (၁၆)သင်းအဆင့်ပွဲစဉ်တွင် သတိထားရမည့်အသင်းဆိုသည်ကို ပြသခဲ့ကြောင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့်အသင်းများသည် ဥရောပအကောင်းဆုံး အသင်းများဖြစ်ကြောင်း၊ သေချာသည်မှာ လက်စတာအသင်းနှင့် တွေ့ဆုံရမည့် ပွဲစဉ်သည် ခက်ခဲမည့်ပွဲစဉ်ဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

KMK

# အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က မန်ယူအသင်းကို ဒဏ်ကြေးငွေ စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်

**လန်ဒန် မတ် ၁၈**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ပြီးခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်မှ ဖြစ်ရပ်အတွက် မန်ယူအသင်းကို ဒဏ်ကြေးငွေ စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ၎င်းတို့အသင်းမှ ကစားသမားများကို ထိန်းသိမ်းမှု အားနည်းသည်ဆိုသည့်စွပ်စွဲချက်ဖြင့် အက်ဖ်အေက ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၃၅ မိနစ်၌ မန်ယူအသင်း ကွင်းလယ်ကစားသမား ဟာရဲရားအနေဖြင့် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ဟာဇက်ကို ဖြတ်ထုတ်ပုံကြမ်းတမ်းခဲ့မှုကြောင့် ကွင်းလယ်ဒိုင် အိုလီဗာက နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့သည့်အတွက် မန်ယူအသင်း ကစားသမားများက ဝိုင်းဝန်းကာ ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)အနေဖြင့် မန်ယူအသင်းကို ကစားသမားများအား ထိန်းသိမ်းပုံ အားနည်းသည်ဆိုသည့် စွဲချက်တင်ခဲ့ပြီး မန်ယူအသင်းကလည်း ယင်းစွဲချက်အတွက် ဖြေရှင်းပေးကာ လက်ခံခဲ့သည့်အတွက် ယခုကဲ့သို့ ဒဏ်ကြေးငွေ စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

KMK

# လီဗာပူးအသင်းကို ခံစစ်အသွင်ဖြင့် ရင်ဆိုင်မည်မဟုတ်ကြောင်း မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာ ပြောကြား

**မန်ချက်စတာ မတ် ၁၈**

မန်စီးတီးနည်းပြ ဂွါဒီယိုလာက လီဗာပူးအသင်းနှင့် ရင်ဆိုင်သွားမည့်ပွဲစဉ်၌ ခံစစ်အသွင်ဖြင့် ရင်ဆိုင်သွားမည်မဟုတ်ဘဲ ၎င်းတို့၏ ပုံစံအတိုင်း တိုက်စစ်ကစားဟန်ဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မိုနာကိုအသင်းအား အဝေးကွင်းတွင် သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။ နည်းပြဂွါဒီယိုလာသည်လည်း ဖိအားအောက်ရောက်ခဲ့ရပြီး ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းများရရန် ပြန်လည်ကြိုးစားသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဂွါဒီယိုလာက "လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ ခံစစ်ကို ပိုကောင်းအောင် ပြင်ဆင်နိုင်ဖို့လိုအပ်မှာပါ။ ဒါပေမဲ့ ခံစစ်အသွင်နဲ့ ရင်ဆိုင်သွားမှာတော့မဟုတ်ပါဘူး။ မိုနာကိုအသင်းနဲ့ ပွဲစဉ်တုန်းက ပထမပိုင်းမှာ ကျွန်တော်တို့အသင်းက တိုက်စစ် အသားပေးတဲ့ဟန်နဲ့ မကစားခဲ့လို့ အခွင့်အရေးတွေ မဖန်တီးနိုင်ခဲ့တာပါ။ ဒါပေမဲ့ ဒုတိယပိုင်းမှာ တိုက်စစ်ဖွင့်လိုက်တဲ့အတွက် ကျွန်တော်တို့အသင်းက ဒုတိယပိုင်းအစမှာပဲ အခွင့်အရေး ငါးကြိမ်ထက်မနည်းဖန်တီးနိုင်ခဲ့ပါတယ်။ ဒီလိုအချိန်ပိုင်းလေးအတွင်းမှာ ပြိုင်ဘက်အသင်းကို ဂိုးသွင်းခွင့် ငါးကြိမ်လောက်ရအောင် ဖန်တီးနိုင်တဲ့အသင်း ဥရောပမှာလက်ချိုးရေလို့ ရပါတယ်။ လီဗာပူးအသင်းနဲ့ ပွဲစဉ်မှာ ရလဒ်ကောင်းအောင် တိုက်စစ်အသားပေးပြီး အကောင်းဆုံး ပြင်ဆင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းသည် သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့သည့်အတွက် မိုနာကိုအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါ ဖြစ်စဉ်မျိုးထပ်မံ မဖြစ်ပေါ်စေရေးအတွက် ဂွါဒီယိုလာသည် လီဗာပူးနှင့်ပွဲစဉ်တွင် တိုက်စစ်အသားပေးပုံစံဖြင့်သာ ယှဉ်ပြိုင်ကစားသွားရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

AZL

# မကြာမီနှစ်များတွင် ပရီးမီးယားလိဂ် ချန်ပီယံဆုကို စပါးအသင်းအနေဖြင့် စိန်ခေါ်လာနိုင်ဖွယ်ရှိသည်ဟု မိုဒရစ် ဆို

**မက်ဒရစ် မတ် ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား မိုဒရစ်က ၎င်း၏ အသင်းဟောင်း စပါးအသင်းအနေဖြင့် မကြာမီနှစ်များတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်လာနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် နောက်ပိုင်းနှစ်များတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းများရရှိခဲ့ကာ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ချန်ပီယံဆုအတွက် လက်တစ်ကမ်းအလိုရောက်ရှိခဲ့သော်လည်း ရာသီပြီးဆုံးခါနီးတွင် ရလဒ်များဆိုးရွားခဲ့သဖြင့် အဆင့် (၃)နေရာဖြင့်သာ ရပ်တည်နိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင်လည်း စပါးအသင်းအနေဖြင့် အကောင်းဆုံးပုံစံများ ရရှိနေပြီး ချန်ပီယံဆုအတွက် မျှော်လင့်ခွင့်နည်းပါးခဲ့ပြီဖြစ်သော်လည်း လက်ရှိအချိန်တွင် အမှတ်ပေးဇယား ထိပ်ဆုံးမှ ချဲလ်ဆီးအသင်းနောက် ၁၀ မှတ်အကွာဖြင့် အမှတ်ပေးဇယားအဆင့် (၂)နေရာတွင် ရပ်တည်လျက်ရှိနေသည်။

မိုဒရစ်က စပါးအသင်းသည် မှန်ကန်သည့်နည်းစနစ်ခြေစွမ်းများဖြင့် တဖြည်းဖြည်းတိုးတက်လာပြီဖြစ်ကြောင်း၊ စပါးအသင်းအနေဖြင့် နှစ်စဉ် ကစားပုံများကောင်းမွန်နေခဲ့ကြောင်း၊ လက်ရှိအချိန်တွင် စပါးအသင်းအနေဖြင့် ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ပြီဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ချန်ပီယံဆုအတွက် မျှော်လင့်ခွင့်ရှိနေပြီဖြစ်ကြောင်း၊ မကြာမီ စပါးအသင်းအနေဖြင့် ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရရှိလိမ့်မည်ဖြစ်သော်လည်း လက်ရှိကစားသမားများကို ထိန်းသိမ်းထားနိုင်မှသာ အောင်မြင်မှုလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်လိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

KMK

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၉) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဘရွန်း | ၃ | - | ၁ | အာဆင်နယ် |
| ပဲလေ့စ် | ၁ | - | ၀ | ဝက်ဖို့ဒ် |
| အဲဗာတန် | ၄ | - | ၀ | ဟူးလ်စီးတီး |
| စတုတ်စီးတီး | ၁ | - | ၂ | ချဲလ်ဆီး |
| ဆန်းဒါးလန်း | ၀ | - | ၀ | ဘန်လေ |
| ဝက်စ်ဟမ်း | ၂ | - | ၃ | လက်စတာ |

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၅)

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၁ | - | ၀ | ဒမ်စတက် |
| ကိုလုံး | ၄ | - | ၂ | ဟာသာဘာလင် |
| အော့စ်ဘတ် | ၁ | - | ၁ | ဖရိုင်းဘတ် |
| ဝါဒါဘရီမင် | ၃ | - | ၀ | လိုက်ပဇစ် |
| ဟော်ဖန်ဟိန်း | ၁ | - | ၀ | လေဗာကူဆင် |

## ပြင်သစ်လီဂူး ပွဲစဉ် (၃၀) ရလဒ်

www.facebook.com/themyawadydaily

| | | | | |
|---|---|---|---|---|
| နန့်တက် | ၁ | - | ၁ | နိုက်စ် |

(ဝ၄ဝ)

## အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ် (၃၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၂ | - | ၂ | ပရက်စ်တန် |
| နော်တင်ဟမ် | ၂ | - | ၂ | ဒါဘီ |
| ဘာမင်ဂမ် | ၀ | - | ၀ | နယူးကာဆယ် |
| ဘာတန် | ၃ | - | ၅ | ဘရန့်ဖို့ဒ် |
| ကာဒစ် | ၃ | - | ၁ | အစ်ပ်ဝှစ်ချ် |
| ဖူလ်ဟမ် | ၁ | - | ၃ | ဝုဗ် |
| နော့ဝှစ်ချ် | ၂ | - | ၀ | ဘန်စလေ |
| ကျူပီအာ | ၅ | - | ၁ | ရိုသာဟမ် |
| ဝီဂန် | ၀ | - | ၂ | အေဗီလာ |

## စပိန်လာလီဂါ ပွဲစဉ် (၂၈) ရလဒ်

| | | | | |
|---|---|---|---|---|
| အီဘာ | ၁ | - | ၁ | အက်စ်ပန်ညို |
| ဘီလ်ဘာအို | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |

## အီတလီစီးရီးအေ ပွဲစဉ် (၂၉) ရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၂ | - | ၂ | အင်တာမီလန် |

(ဝ၄ဝ)

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ရှုံးပွဲမရှိသေးသည့် ဇက်ဒန်းကို အနိုင်ယူပြီး Commonwealth စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ဒေးဗစ်ဘရိုဖီ ရရှိ



ဝါရှင်တန် မတ် ၁၈

Commonwealth စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ရှုံးပွဲမရှိသေးသည့် ဩစတြေးလျ လက်ဝှေ့သမား ဇက်ဒန်းနှင့် စိန်ခေါ်သူ စကော့တလန် လက်ဝှေ့သမား ဒေးဗစ်ဘရိုဖီတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒေးဗစ်ဘရိုဖီက ခုနစ်ချီမြောက်တွင် ဇက်ဒန်းကိုဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည်။

အသက် ၂၆နှစ်ရှိ ဒေးဗစ်ဘရိုဖီသည် ၂၀၁၆ခုနှစ် ဧပြီလက ဂျော့ဂရိုဗက်စ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့လောကမှ ခေတ္တပျောက်ကွယ်ခဲ့သူဖြစ်သည်။

ဒေးဗစ်ဘရိုဖီက "တစ်ကျော့ပြန်ခြေချတဲ့ ပွဲစဉ်မှာ အနိုင်ရခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ ကျွန်တော် မပျော်ပါဘူး။ ဘာလို့ မပျော်လဲဆိုတော့ ပြိုင်ဘက်ဖြစ်တဲ့ ဇက်ဒန်းဟာ ကျွန်တော်နဲ့အတူ လက်တွဲလေ့ကျင့်နေတဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ။ ကျွန်တော်နဲ့ သိပ်ရင်းနှီးနေတဲ့ မိတ်ဆွေတစ်ယောက်ပါ။ လက်ဝှေ့လောကမှာလဲ ရှုံးပွဲမရှိသေးတဲ့ ဖိုက်တာကောင်း တစ်ယောက်ပါ။ သူ့ရဲ့ စံချိန်ဟာ ကျွန်တော့်ကြောင့် ပျက်သွားခဲ့လို့ စိတ်မကောင်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက "ဇက်ဒန်းဟာ ယှဉ်ပြိုင်ရခက်တဲ့ပြိုင်ဘက်တစ်ယောက်ပါ။ ဒါပေမဲ့ အတူလက်တွဲလေ့ကျင့်ခဲ့တဲ့ မိတ်ဆွေတစ်ယောက်ဖြစ်နေတော့ သူ့ရဲ့ အားနည်းချက်ကို ကျွန်တော်သိနေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အားနည်းချက်ကိုလဲ သူသိပါတယ်။ အခုလို မိတ်ဆွေကောင်းနှစ်ယောက်ရဲ့ စိန်ခေါ်ပွဲဟာ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်တို့အတွက် သိပ်ပျော်စရာမကောင်းတဲ့ ပြိုင်ပွဲပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ATP Indian Wells Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှ နစ်ခ်ကိုင်ဂျီအို့စ် နုတ်ထွက်

ဒေလီ မတ် ၁၈

ATP India Wells Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်အဖြစ် ဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာနှင့် ဩစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်တို့ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သော်လည်း နစ်ခ်ကိုင်ဂျီအို့စ်သည် အစာအဆိပ်သင့်မှုကြောင့် ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

၎င်းသည် (၁၆)သင်းရှုံးထွက်အဆင့်တွင် ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမားဂျိုကိုဗစ်ကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၁နှစ်ရှိ နစ်ခ်ကိုင်ဂျီအို့စ်က "ကျန်းမာရေး အခြေအနေကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရတာပါ။ ကျွန်တော့်အတွက် ကံဆိုးခြင်းတစ်ရပ်ပါ။ စိတ်မကောင်းဖြစ်ရပါတယ်။ နေမကောင်းဖြစ်ခဲ့ပေမယ့် ဒီပွဲစဉ်ကို ယှဉ်ပြိုင်သွားဖို့ ကျွန်တော် ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ အစာအဆိပ်သင့်တယ်လို့ ဆရာဝန်က မှတ်ချက်ပြုခဲ့ပါတယ်။ အစာ အဆိပ်သင့်တယ်ဆိုတဲ့ အနေအထားက ရိုးရိုးနေမကောင်းဖြစ်တာနဲ့ မတူပါဘူး။ ခန္ဓာကိုယ်တစ်ခုလုံး အားမရှိတော့သလို ခံစားခဲ့ရပါတယ်။ ဒါကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက "ဒီလိုကြံခိုင်မှုမရှိတဲ့အချိန်မျိုးမှာ ရော်ဂျာဖက်ဒဲရာလို ချန်ပီယံတစ်ယောက်နဲ့ ရင်ဆိုင်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူနဲ့ ရင်ဆိုင်ရမယ့် ကစားသမားဟာ အဘက်ဘက်က ပြည့်စုံနေဖို့လိုအပ်ပါတယ်။ အခုလိုနုတ်ထွက်ခဲ့ရတဲ့အတွက် ပရိသတ်တွေကို တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ကစားသမားဘဝမှ အနားယူခါနီး နှုတ်ဆက်ပွဲအနေဖြင့် နောက်ဆုံး ပြည်တွင်းပြိုင်ပွဲကို အူစိန်ဘော့ ပါဝင်ယှဉ်ပြိုင်မည်

ကင်းစတန်း မတ် ၁၈

ကမ္ဘာ့အမြန်ဆုံး လူသားအဖြစ် တင်စားခံထားရသော ဂျမေကာ အပြေးချန်ပီယံ အူစိန်ဘော့သည် ၎င်း၏ ကစားသမားဘဝအတွက် နောက်ဆုံး ပြည်တွင်းပြေးခုန်ပစ်ပြိုင်ပွဲအဖြစ် ဂျမေကာ အမျိုးသားအားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည့် JN Racers Grand Prix ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့သည်။

ပရိသတ်များကို နှုတ်ဆက်သည့်အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်ကို ရယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

လက်ရှိ မီတာ ၁၀၀ အပြေးပြိုင်ပွဲလောက၏ အမြန်ဆုံးစံချိန်အဖြစ် အူစိန်ဘော့က ၉ ဒသမ၅ စက္ကန့်ဖြင့် မှတ်တမ်းဝင်ထားပြီး ယခုပြိုင်ပွဲတွင် ၉ ဒသမ၇စက္ကန့်ဖြင့် ၎င်း၏ စံချိန်ဟောင်းကို ကျော်ဖြတ်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အူစိန်ဘော့က "ဂျမေကာ ပရိသတ်တွေကို နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒီလိုပြိုင်ပွဲဝင်တဲ့နေရာမှာ ကျွန်တော့်ရဲ့ စံချိန်ကို ဖြတ်ကျော်နိုင်ဖို့အတွက် ရည်ရွယ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက "ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက ပြိုင်ပွဲတွေကနေ ရပ်နားထားခဲ့တာပါ။ အခုမှ ပြန်ပြိုင်မယ်ဆိုတော့ စိတ်ထဲတစ်မျိုးဖြစ်နေပါတယ်။ အကောင်းဆုံး ယှဉ်ပြိုင်သွားနိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။




အူစိန်ဘော့သည် လာမည့် ဩဂုတ်လတွင် လန်ဒန်မြို့၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း သိရသည်။

AZL

# တရုတ်ကလပ်အသင်းတစ်သင်းက အင်နီယေစတာကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၃၅သန်းဖြင့် ကမ်းလှမ်းခဲ့ဟု သတင်းများထွက်ပေါ်

ဘာစီလိုနာ မတ် ၁၈

တရုတ်စူပါလိဂ်မှ အမည်မဖော်ပြသည့် ကလပ်အသင်းတစ်သင်းက ဘာစီလိုနာအသင်းမှ ဝါရင့်ကွင်းလယ်ကစားသမား အင်နီယေစတာကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၃၅သန်းဖြင့် ကမ်းလှမ်းခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

အသက် ၃၃နှစ်ရှိ အင်နီယေစတာသည် လာမည့်နှစ် ဘောလုံးရာသီကုန်လျှင် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး တရုတ်စူပါလိဂ်ကလပ်အသင်းတစ်သင်းက ၎င်းကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၃၅သန်းထိ မက်လုံးပေး ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အင်နီယေစတာ အနေဖြင့် လက်ရှိအချိန်တွင် အသက်အရွယ်ရလာပြီဖြစ်သော်လည်း ဘာစီလိုနာအသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနေဆဲဖြစ်ပြီး ဘာစီလိုနာအသင်းက ၎င်းကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း အဆင်ပြေမှုမရှိသေးဘဲ ကစားသမားများ၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ဘာစီလိုနာအသင်းအားကစားဒါရိုက်တာဘာတိုမြူတို့အကြား ဆွေးနွေးမှုများပြုလုပ်နေဆဲဖြစ်သည်။

စပိန်နိုင်ငံ ပြည်တွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်များတွင် အင်နီယေစတာအနေဖြင့် ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ သက်တမ်းတိုးစာချုပ် အပြီးသတ်ချုပ်ဆိုသွားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိနေကြောင်း သိရသည်။

KMK




# ဟောက်စတန်မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ဟု မက်အီရွိုင်း ပြောကြား

ဒပ်ဘ်လင် မတ် ၁၈

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသော အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းက မကြာမီ ကျင်းပပြုလုပ်မည့် ဟောက်စတန်မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

၎င်းသည် မကြာသေးမီက ကျင်းပခဲ့သည့် မက္ကဆီကို အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုတစ်စုံတစ်ရာ မရခဲ့ဘဲ ပုံမှန်လက်စွမ်းရရှိရန် ရုန်းကန်ခဲ့ရသည်။

မက်အီရွိုင်းက "မကြာသေးမီက ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ကျွန်တော် အကောင်းဆုံး မကစားနိုင်ခဲ့ပါဘူး။ ရလဒ်တွေလဲ မကောင်းခဲ့ပါဘူး။ ကျွန်တော့်ရဲ့ ပုံစံတွေ ပျောက်ဆုံးခဲ့ပါတယ်။ လက်စွမ်းနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုမရှိခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ်လဲ စိတ်ပျက်မိပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက "မကြာခင်မှာ ကျင်းပမယ့် ဟောက်စတန်မာစတာအိုးပင်းမှာတော့ ကျွန်တော် ပါဝင်ယှဉ်ပြိုင်သွားမှာမဟုတ်ပါဘူး။ ဝင်ပြိုင်ဖို့လဲ မစဉ်းစားမိပါဘူး။ ကျွန်တော် အဓိက ယှဉ်ပြိုင်သွားချင်တာက အော်ဂတ်စတာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲပါ။ ဒီပြိုင်ပွဲကြောင့် ဟောက်စတန်မာစတာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကနေနုတ်ထွက်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ယခုနှစ်တွင် ကျင်းပခဲ့သည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အောင်မြင်မှုတစ်စုံ တစ်ရာ မရသေးသည့်အတွက် ကမ္ဘာ့အဆင့်ရပ်တည်မှု ကျဆင်းသွားဖွယ်ရှိနေသောကြောင့် ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်(၃)အတွင်း ဆက်လက်ရပ်တည်နိုင်ရန် အောင်မြင်မှုတစ်ခုရယူရန် လိုအပ်နေကြောင်း သိရသည်။

AZL

# ချစ်စရာ့အရွယ် စာဖတ်မယ်

## armi lflLui i €m

ကလေးတို့ရေ တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ကြင်နာဆိုတဲ့ ကလေးတစ်ယောက်ရှိသတဲ့။ သူဟာ မောင်ကြင်နာဆိုတဲ့အတိုင်း သိပ်ပြီး ကြင်နာတတ်သတဲ့။ သူ့မိဘတွေက တောင်သူလယ်သမားတွေဆိုတော့ နွားတွေမွေးထားတာပေါ့။ ခိုင်းနွားတွေကိုလဲ တန်ရုံသင့်ရုံခိုင်းပြီး ကောင်းကောင်းမွန်မွန် ကျွေးတယ်။ နွားမတွေကို နို့ညှစ်တာတောင်မှ နွားကလေးတော်ရုံစို့ပြီးမှ နို့ညှစ်ယူတယ်။ နွားတွေကိုလဲ ဘယ်တော့မှ မအော်မငေါက်မဆဲမရိုက်ဘူးတဲ့။

သူ့အဖေက ဒီလို မကြာခဏ ဆုံးမတယ်။ “လူလေးရေ တိရစ္ဆာန်ဆိုတာ ကိုယ်လုပ်ရင် ခံရမှာပဲ။ အဖေတို့က သူတို့နဲ့ လက်တွဲပြီး အသက်မွေးရတာဆိုတော့ ညှာတာသနားရမယ်။ သူတို့ဟာ လူလိုစကားမပြောတတ်ပေမယ့် နားလည်တယ်။ ဟိုတလောက နွားတွေအပေါ် အရိုက်ကြမ်းတဲ့ ကိုပေတလူကြီးလေ သူရိုက်တဲ့ နွားကြီးက သူ့ကိုဝှေ့တော့ ပေါင်ကျိုးသွားတယ် မဟုတ်လား။ သူတို့ဟာ တကယ်တော့ အဖေတို့ရဲ့ ကျေးဇူးရှင်လို့ ပြောရင်လဲရတယ်။ ကျေးဇူးရှင်တွေကို ညှာတာသနားမှ ကိုယ်လဲ အဆင်ပြေမှာပေါ့”လို့ ဆုံးမတယ်။

မောင်ကြင်နာဟာ သူ့အဖေ လယ်တောထဲသွားရင် အမြဲလိုက်ပါသွားတတ်တယ်။ တစ်နေ့တော့ လယ်တောထဲမှာ လယ်ထွန်ပြီးလို့ ထမင်းစားကြပြီးတဲ့နောက် တစ်ရေးတစ်မောအိပ်ကြတာပေါ့။ နားထဲမှာ အသံတစ်ခုကြားလို့ မောင်ကြင်နာ ထကြည့်တော့ သူတို့ရဲ့ စာကြွင်းစားကျန်တွေကို စားနေတဲ့ တောကြောင်ကြီးကို တွေ့သတဲ့။ တောကြောင်ကြီးက ထွက်ပြေးမယ်လုပ်တော့ မောင်ကြင်နာက “ထွက်မပြေးပါနဲ့ကွာ။ ငါမင်းကို ဘာမှ မလုပ်ပါဘူး။ နောက်နေ့လဲ လာခဲ့ ငါထမင်းပိုယူခဲ့မယ်”လို့ ပြောတော့ တောကြောင်ကြီးက နားလည်သလိုလို မျက်လုံးလေးကလယ်ကလယ်နဲ့ ပြန်ထွက်သွားတယ်။



နောက်နေ့ကျတော့ မောင်ကြင်နာဟာ တောကြောင်ကြီးအလာကို စောင့်နေတယ်။ အကြောင်းစုံကိုလဲ သူ့အဖေကို ပြောပြထားတော့ သူ့အဖေက မောင်ကြင်နာကို “လူလေးဟာ သိပ်ကြင်နာတတ်တာပဲ”လို့ ချီးမွမ်းသတဲ့။

အချိန်တန်တော့ တောကြောင်ကြီးရောက်လာတယ်။ မောင်ကြင်နာက တောကြောင်ကြီးကို ကောင်းကောင်းမွန်မွန်ကျွေးတယ်။ တောကြောင်ကြီးဟာ မောင်ကြင်နာကို ချစ်ခင်ပြီး သူ့ခေါင်းနဲ့ဝှေ့တယ်။ သူ့ခန္ဓာကိုယ်နဲ့ ပွတ်တိုက်ကစားတယ်။ မောင်ကြင်နာနဲ့အတူ ကစားပြီး မောင်ကြင်နာတို့ အိမ်ပြန်မှ သူလဲပြန်သတဲ့။

# ကလေး စာပေကဏ္ဍ

ဒီလိုနဲ့နေလာရင်း တစ်နေ့တော့ တောကြောင်ကြီးဟာ ခြေထောက်ထော့နင်းထော့နင်းနဲ့ မောင်ကြင်နာ့ဆီလာသတဲ့။ တောကြောင်ကြီးဟာ မုဆိုးကျော့ကွင်းက ထွက်ပြေးလွတ်မြောက်လာဟန်တူပါတယ်။ ခြေထောက်မှာ ဒဏ်ရာတွေ တွေ့ရတယ်။ မောင်ကြင်နာက ဒဏ်ရာကို ဆီနဲ့ နနွင်းရောနယ်ပြီး သိပ်ပေးတယ်။ သုံးလေးရက်လောက်နေတော့ တောကြောင်ကြီးရဲ့ ဒဏ်ရာ ပျောက်သွားသတဲ့။

တစ်နေ့ မောင်ကြင်နာဟာ တောကြောင်ကြီးနဲ့ ပြေးတမ်းလိုက်တမ်းကစားရင်း ချုံပုတ်တစ်ခုနား ရောက်သွားတယ်။ ချုံပုတ်ထဲက မြွေဆိုးတစ်ကောင် ထွက်လာပြီး မောင်ကြင်နာကို ကိုက်ဖို့ လိုက်သတဲ့။ မောင်ကြင်နာရဲ့ အော်သံကြားတော့ တောကြောင်ကြီး ရောက်လာပြီး မြွေနဲ့လုံးသတ်တယ်။ မြွေဟာ ဒဏ်ရာတွေနဲ့ ထွက်ပြေးသွားတယ်။ မောင်ကြင်နာဟာ တောကြောင်ကြီးနား အပြေးရောက်လာပြီး ပွေ့ဖက်လိုက်တယ်။ ပါးစပ်ကလဲ “တောကြောင်ကြီးရာ ငါ့မှာ မင်းပေးတဲ့အသက်ပဲရှိပါတော့တယ်ကွာ။ ကျေးဇူးတင်ပါတယ်ကွာ”လို့ ပြောသတဲ့။ မောင်ကြင် နာရဲ့အဖေက “ဒါဟာ လူလေးရဲ့ ကြင်နာတတ်တဲ့ အကျိုးကျေးဇူးတွေ” လို့ ပြောလိုက်သတဲ့ကွယ်။

**ပန်းနု (ကွမ်းနုဝါမြို့တော်)**

## စာမူဖိတ်ခေါ်အပ်ပါသည်

ရတနာပုံနေ့စဉ်သတင်းစာတွင် ကလေးစာပေကဏ္ဍအား အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ စာမူများပေးပို့လိုပါက ရတနာပုံသတင်းစာတိုက် ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့သို့ လိပ်မူ၍လည်းကောင်း၊ yadanarbon-newspaper@gmail.com သို့လည်းကောင်း ပေးပို့နိုင်ပါသည်။

## aplUSuift kjf



⊙ ရွာစပ်လမ်းဘေး ယာခင်းမှာ
စွေ့ငှက်လေးတွေ အုပ်ဖွဲ့ကာ
ဟိုအဝေးက ပျံလာကြ
အတောင်ညောင်းလို့ ဝမ်းဆာလှ။

⊙ ယာခင်းတွေထဲ ဖြန့်ဆင်းကာ
ခုန်ဆွခုန်ဆွ လိုက်လို့ရှာ
တွေ့ပါလေပြီ အစာများ
ပိုးကောင်မွှားကောင်သူတို့စား။

⊙ အစာဝတော့ ပျံသန်းကာ
ထနောင်းပင်တန်းနားခိုကာ
သီချင်းဆိုလို့ ပျော်မယွင်း
စွေ့ငှက်တစ်သင်း ဖော်တစ်သင်း . . . ။

**မောင်ကာဠု(ပုသိမ်ကြီး)**

## နွေဦးသင်္ကြန်

⊙ ဥသြငှက်လေး တွန်သံမြည်
နွေဦးရောက်လေပြီ
ပျော်ပျော်ရွှင်ရွှင် တို့ဆင်နွှဲ
အတာသင်္ကြန်ပွဲ
တို့ဆင်နွှဲတဲ့ အတာသင်္ကြန်
ယဉ်ကျေးသိမ်မွေ့လှနေပြန်
ပျော်ပျော်ရွှင်ရွှင် ရေကစား
ဥပုသ်စောင့်လည်းသွား။

**ချယ်ရီသွေး(မန်း)**



# အိုင်းရစ်Rock ဂီတအဖွဲ့ Cranberries အယ်လ်ဘမ်သစ်ကို ဧပြီလတွင်ဖြန့်ချိမည်



**လော့စ်အိန်ဂျလိစ် မတ် ၁၈**

Rock ဂီတလောက၌ အောင်မြင်ကျော်ကြားလျက်ရှိသည့် အိုင်းရစ် Rock ဂီတအဖွဲ့ Cranberries သည် အယ်လ်ဘမ်သစ်ကို ဧပြီလတွင် စတင်ဖြန့်ချိသွားမည်ဖြစ်ပြီး မြောက်အမေရိက ဖျော်ဖြေရေးခရီးစဉ်ကိုလည်း ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း မတ် ၁၇ရက်က Cranberries ဂီတအဖွဲ့၏ တရားဝင်အွန်လိုင်းစာမျက်နှာပေါ်၌ ဖော်ပြထားသည်။

Cranberries ဂီတအဖွဲ့၏ အယ်လ်ဘမ်သစ်၌ ဂီတအဖွဲ့ခေါင်းဆောင် Dolores O' Riordan ရေးစပ်ထားသည့် တေးသီချင်းများနှင့် ပရိသတ်များမခံစားဖူးသေးသည့် ဂီတအသစ်ကိုလည်း ပြသသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ အယ်လ်ဘမ်သစ်ကို အမေရိကန်နိုင်ငံ၌ ဧပြီ ၂၈ရက်တွင် စတင်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ရာ မြောက်အမေရိကဖျော်ဖြေရေးခရီးစဉ်ကိုလည်း မေ ၁ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ထို့နောက် ဗြိတိန်၊ ဘာရာဇီး၊ မက္ကဆီကို၊ ပီရူး၊ ရုရှား၊ ဩစတြေးလျနိုင်ငံတို့နှင့် နိုင်ငံပေါင်း ၁၅နိုင်ငံ၌ သွားရောက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း Cranberries ဂီတအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

Cranberries ဂီတအဖွဲ့သည် ၁၉၈၉ခုနှစ်ကတည်းက Rock ဂီတလောက၌ အောင်မြင်ကျော်ကြားခဲ့သည့် Rock ဂီတအဖွဲ့ဖြစ်ပြီး အကောင်းဆုံး Rock ဂီတအဖွဲ့ဆုခြောက်ဆုကို ရရှိပိုင်ဆိုင်ထားသည့် ဂီတအဖွဲ့ဖြစ်ကြောင်း သိရသည်။

FTH

# မြန်မာ့ရုပ်သေးအဖွဲ့ အမေရိကန်နိုင်ငံတွင် သွားရောက်ဖျော်ဖြေမည်

**ရန်ကုန် မတ် ၁၈**

ဒေါ်မမနိုင် ဦးစီးသော Myanmar Marionettes ရုပ်သေးအဖွဲ့သည် အမေရိကန်နိုင်ငံတွင် သွားရောက် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲကို အမေရိကန်နိုင်ငံ ဟာဝိုင်ယီရှိ ဟိုနိုလူလူမြို့တွင် ကျင်းပမည်ဖြစ်ပြီး အနုပညာဖလှယ်မှုအစီအစဉ်အရ ဖိတ်ကြားခြင်းကြောင့် သွားရောက်ဖျော်ဖြေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းပွဲကို East-West Center တွင် မတ် ၃၀ရက်မှ ဧပြီ ၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ရုပ်သေးပညာရှင်များ၊ ဆိုင်းအဖွဲ့များ၊ အကမင်းသမီး၊ အဆိုတော် စသည့် အနုပညာရှင်များ သွားရောက်ကြမည်ဖြစ်သည်။

" East-West Center ကနေ ဖိတ်ကြားတာပါ။ ဒါက ဒုတိယအကြိမ်ပါ။ သူတို့ဆီမှာက မြန်မာ့ရုပ်သေးပညာကို စိတ်ဝင်စားကြတယ်။ အသေးစိတ် လေ့လာလိုကြတဲ့အတွက် အခုလို ထပ်မံဖိတ်ကြားပြီး Culture Exchange လေး လုပ်ပေးရတာပါ။ ကျွန်မတို့အဖွဲ့က ရုပ်သေးပညာတွေကို တတ်နိုင်သမျှ ပို့ချပေးပါတယ်။ Workshop တွေလဲ လုပ်ပါမယ်။ တချို့ရက်တွေမှာ ဟိုနိုလူလူမြို့မှာရှိတဲ့ မြန်မာတွေနဲ့ သင်္ကြန်ပွဲလေးကျင်းပဖို့ ရှိပါတယ်"ဟု ဒေါ်မမနိုင်က ပြောပြသည်။

အဆိုပါ ခရီးစဉ်တွင် ဒေါ်မမနိုင်နှင့်အဖွဲ့သည် ရုပ်သေးကြိုးဆွဲနည်း၊ ဟိမဝန္တာခန်း၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအကများကို ဟိုနိုလူလူမြို့ရှိ ကျောင်းသား၊ ကျောင်းသူများအား ပို့ချရန်စီစဉ်ထားပြီး လော့စ်အိန်ဂျလိစ်မြို့တို့တွင်လည်း အနုပညာဖျော်ဖြေမှုများကို လုပ်ဆောင်ရန် စီစဉ်ထားသည်။ ၎င်းအဖွဲ့သည် မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

MM

# Myanmar Idolမှ ပိုးမီကို တေးရေးမေသော်ကြီးကြပ်မှုဖြင့် ခေတ်ဆန်းယဉ်ပိုးထည်တိုက်မှ စီးရီးထုတ်ရန်စီစဉ်

**ရန်ကုန် မတ် ၁၈**

ယခုနှစ် Myanmar Idol သီချင်းဆိုပြိုင်ပွဲတွင် Top 3 ထိ တက်လှမ်းနိုင်ခဲ့သူပိုးမီကို တေးရေးမေသော်၏ ကြီးကြပ်မှုများနှင့် အတူ တေးစီးရီးထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း ခေတ်ဆန်းယဉ်ပိုးထည်တိုက်မှ ကိုယ်၏ပြောကြားချက်အရ သိရသည်။

အဆိုပါ အစီအစဉ်ကို Myanmar Idolတွင် ပိုးမီသီဆိုယှဉ်ပြိုင်လျက်ရှိစဉ်ကပင် ရည်ရွယ်စိတ်ကူးထားခြင်းဖြစ်ပြီး မတ် ၁၇ ရက် ပြိုင်ပွဲရလဒ်အပြီးတွင် ပိုးမီကိုအားပေးနှစ်သိမ့်လိုခြင်း၊စိတ်ဓာတ်ခွန်အား ပြန်လည်ပေးလိုခြင်း စသည်တို့ကြောင့် အွန်လိုင်းတွင် ယခုကဲ့သို့ ထုတ်ပြန်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပိုးမီ စီးရီးခွေထွက်ရှိခြင်းနှင့်ပတ်သက်၍ တေးရေးမေသော်က "အန်တီက ပိုးမီကို My Friends မှာ သူဆိုကတည်းက နားထောင်ဖူးတယ်။ အဲဒီမှာ သူကအန်တီကို တေးရေးမေသော်အနေနဲ့ လာနှုတ်ဆက်တုန်းကတောင် သီချင်းဆိုပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖို့ပြောခဲ့ဖူးတယ်။ အခု သူပြိုင်တဲ့အခါမှာ သေသေချာချာနားမထောင်ဖြစ်ဘူးပေါ့နော်။ ဒါပေမဲ့ ကိုယ်ဆိုတာကလဲ အနုပညာကို ချစ်မြတ်နိုးတဲ့လူ၊ ပိုးမီအနုပညာကိုလေးစားလို့ ဆုရရ မရရလုပ်ပေးမယ် ပြောခဲ့ဖူးသူပါ။ ပိုးမီကိုUnpulgged နဲ့ဆိုကတည်းက နားထောင်ဖူးပြီး သူ့အနုပညာကို လေးစားလို့ အန်တီလုပ်ပေးမှာပါ။ ဒါပေမဲ့ ပိုးမီIdolမှာ ပြိုင်ခဲ့တာတွေ၊သူဆိုခဲ့တာတွေ အရင်ဆုံးလေ့လာပြီး သူနဲ့လိုက်ဖက်မယ့် အန်တီရေးထားတဲ့သီချင်းတွေထဲက ရွေးမှာရှိသလို ကောင်းရင်ကောင်းသလို လုပ်ဖို့ရှိနေတော့ ဘယ်တော့လောက်ဖြစ်မယ်ဆိုတဲ့ အသေးစိတ်ကိုတော့ အခုမပြောနိုင်သေးပါဘူး"ဟု ပြောပြသည်။

ပိုးမီ၏ တစ်ကိုယ်တော်စီးရီးကို တေးရေးမေသော်မှ ရေးသားမည်ဖြစ်ပြီး လက်ရှိတွင်ပိုးမီသည် Myanmar Idol Finalအတွက် ဖျော်ဖြေရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

MM



# အမေရိကန်အဆိုတော် ဆီလီနာဂိုမက်ဇ် စိတ်ကျဝေဒနာကုသခဲ့ရဟု ဝန်ခံ

**လော့စ်အိန်ဂျလိစ် မတ် ၁၈**

၂၀၁၆ခုနှစ်အတွင်းက ကမ္ဘာလှည့်ဖျော်ဖြေပွဲတစ်ပွဲကို ဖျက်သိမ်း၍ စိတ်ကျဝေဒနာကို ကုသခဲ့ရကြောင်း အမေရိကန် ပေါ့အဆိုတော် ဆီလီနာဂိုမက်ဇ်က မတ် ၁၆ရက်က ဝန်ခံစကားပြောကြားလိုက်ကြောင်း သိရသည်။

လူမှုမီဒီယာအစွဲလွန်ကဲမှုကြောင့် မိမိအနေဖြင့် စိတ်ကျဝေဒနာခံစားခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် မိမိ၏ ဖုန်းထဲ၌ အင်စတာဂရမ် အက်ပလီကေးရှင်းကို မထားတော့ကြောင်း ဆီလီနာဂိုမက်ဇ်က ဗိုဂ္ဂမဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းစဉ် ဝန်ခံခဲ့သည်။

ကမ္ဘာကျော် အမေရိကန်ပေါ့အဆိုတော် ဆီလီနာဂိုမက်ဇ်သည် အင်စတာဂရမ် လူမှုကွန်ရက် ပရိသတ်ပေါင်း ၁၁၃ သန်းကျော်ထိ ရှိထားကြောင်း ရိုက်တာသတင်းဌာနက ရေးသားတင်ပြထားသည်။

အင်စတာဂရမ် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အားပေးသူအများဆုံး အဆိုတော်ဖြစ်လာခဲ့ပြီးနောက် မိမိမှာ လူမှုကွန်ရက်အစွဲလွန်ကဲမှု ခံစားခဲ့ရကြောင်း ဆီလီနာဂိုမက်ဇ်က ဗိုဂ္ဂမဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

ဆီလီနာဂိုမက်ဇ်သည် စိတ်ကျဝေဒနာကုသရေးအတွက် အချိန်ယူရန် လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက "Revival"အမည်ရှိ ကမ္ဘာလှည့်ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

KKO



# အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့၏ နှစ်(၆၀)ပြည့် ဖျော်ဖြေပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၈**

မြန်မာ့ဆပ်ကပ်လောကတွင် အောင်မြင်ထင်ရှားသော အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့၏ နှစ်(၆၀)ပြည့် ဖျော်ဖြေပွဲကို မတ် ၂၅ရက်နှင့်၂၆ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် မြို့ပြလူနေမှုနှင့် မြေနေရာအခက်အခဲကြောင့် ဆယ်စုနှစ်တစ်စုကြာဝေးကွာခဲ့ရသည့် မြန်မာ့ဆပ်ကပ်ကို ပြန်လည်ခံစားလို၍ ကျင်းပရခြင်းဖြစ်သည်။

ဆပ်ကပ်ပွဲတွေကရန်ကုန်မြို့နဲ့ ကင်းကွာနေတာ ကြာပါပြီ။ နယ်မှာပဲ သွားပြဖြစ်တာများတယ်။ရန်ကုန်မှာက နေရာအခက်အခဲတွေကြောင့် မပြဖြစ်ခဲ့ဘူး။ အာဇာနည်စန်းစန်း ဆပ်ကပ်က (၁၀)နှစ် သမီးအရွယ်ကတည်းကလူသိပြီး အောင်မြင်လာတာ အခုဆိုရင် နှစ်(၆၀)ရှိပါပြီ။ ဒီနှစ်နှစ်(၆၀)ပြည့်မှာတော့ ရန်ကုန်အမျိုးသား ဇာတ်ရုံမှာပရိသတ်တွေကို ထူးထူးခြားခြားဖျော်ဖြေတင်ဆက်သွားမယ်။ တချို့က အာဇာနည်စန်းစန်း ရှိသေးလားဆိုတာ မေးနေကြတယ်။ အခုဒီပွဲကနေ ဆပ်ကပ်ကိုမသိတဲ့သူတွေ၊ အာဇာနည်စန်းစန်းကို သိချင်နေတဲ့သူတွေ အခုထိ ရှိနေသေးတယ်ဆိုတာပြသသွားပါမယ်"ဟု အာဇာနည်စန်းစန်း၏တူ ကိုကျော်မျိုးက ပြောပြသည်။

အဆိုပါပွဲတွင် ဆပ်ကပ်ပဒေသာခုန်ပျံကျော်လွှား ဒိုင်ဗင်သမားများ၊ တောင်းကင်ဘားတန်းအုံ့မခန်း၊ ကြိုးတန်း ကြိုးပန်းစွန့်စားခန်း၊ တောင်းကင်ပန်းဝိုင်း၊ ဘောလုံးပဒေသာ၊ ဆင်၊ မြင်း၊ မျောက်၊ဆိတ်အလိမ္မာလေးများ၏ ပြကွက်များနှင့် အခြားစိတ်လှုပ်ရှား အံ့ဩဖွယ်ရာစွန့်စားခန်းများကို ဖျော်ဖြေပြသသွားမည်ဖြစ်သည်။ အဆိုပါပွဲ လက်မှတ်ဈေးနှုန်းများမှာ ငွေကျပ် ၇၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ သတ်မှတ်ထားပြီး Hot Line-၀၉-၄၂၂၆၉၀၀၂, ၀၉-၄၂၂၆၉၀၀၀ တို့နှင့် Bo Bo Music production တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

MMK

# MNDAA insurgents launch harassing attacks on Laukkai with artillery firing



Map shows the places attacked by MNDAA insurgent group with heavy artilleries.

**Nay Pyi Taw March 18**

Myanmar Nationalities Democratic Alliance Army (MNDAA) troops conducted a harassing attack on Laukkai, firing 10 pieces of supposedly 107mm rockets between 7.50 pm and around 10 pm from the point between BP-126 and BP-127 on the border on 17 March. Before this, MNDAA had suffered serious casualties and heavy loss of weapons after Tatmadaw troops' attacks and re-control of Point-1176 Hill on 8 March, Point-1269 Hill on 15 March, Point-1052 Hill on 16 March and Point-1088 Hill on 17 March, which were taken control by MNDAA since 6 March, 2017. So, they made the harassing attack with the intention of holding back the major offensives by Tatmadaw troops and destroying the life and property of innocent civilians in and around Laukkai.

Of 10 shells, one of the shells fell near Nali Village, four near Htin Pa Kyaing Village, two near the forest at the foot of Maha Myat Muni Pagoda Hill in Laukkai, and three near the housing for war-veterans. An uninhibited house in the war-veteran housing was hit and damaged by shelling, but no other places were damaged.

Tatmadaw columns returned artillery fire to MNDAA troops with restrictions and accuracy to ensure those shells do not fell beyond the border. 100





Photos show damages due to the attacks of MNDAA in Laukkai.

# Myanmar opens 35 tourism booths at ITB Berlin 2017

**Nay Pyi Taw March 18**

More than 100 Myanmar representatives attended the ITB Berlin 2017 hosted by Germany by opening 35 booths, according to sources from the Ministry of Hotels and Tourism released on 17 March.

During the exhibition, the Myanmar side took measures for tourism promotion such as distributing pamphlets, maps and DVDs and making coordinated sales on tour programmes.

The Myanmar delegation led by the Union Minister for Hotels and Tourism comprised three officers from the ministry, the Chin State minister for development affairs, electricity, industry and hotels, Myanmar Tourism Federation President U Yan Win, representatives from hotels and airlines and 70 entrepreneurs totalling over 100.

According to the first items on the agenda, Thailand held a briefing on four-country tour operation involving Cambodia, Laos, Myanmar and Vietnam on 9 March. Director Daw Khine Mi Mi Tun explained transnational tour among the four countries.

In Germany, the Union Minister, Thai Minister of Sports and Tourism Mrs Kobkarn Wattanavrangkul and Cambodian Deputy Minister of Tourism Mr So Mara met German congressman Mr Jurgen Klimke. The Union Minister discussed German assistance for Myanmar in developing human resources and hotel management as well as conducting of German language courses by sending three professors.

Thai mayor Dr Chockchai Dejamornthan, chairman of Japan National Tourism Organization Mr Ryoichi MATSUYAMA and executive director Mr KANEYUKI ONO visited Myanmar's tourism booths and discussed boosting tourism. 336




Officials hold discussions while attending ITB Berlin 2017.

# U.S., China soften tone, say to work together on North Korea

**Beijing March 18**

The United States and China will work together to get nuclear-armed North Korea take "a different course", U.S. Secretary of State Rex Tillerson said on Saturday, softening previous criticism of Beijing after talks with his Chinese counterpart.

China has been irritated at being repeatedly told by Washington to rein in North Korea's surging nuclear and ballistic missile programmes, one of a series of hurdles in ties between the world's two largest economies.

But Chinese Foreign Minister Wang Yi described the talks with Tillerson as "candid, pragmatic and productive". The two sides appeared to have made some progress or put aside differences on difficult issues, at least in advance of a planned summit between Chinese President Xi Jinping and U.S. President Donald Trump.

On Friday, Tillerson issued the Trump administration's starkest warning yet to North Korea, saying in Seoul that a military response would be "on the table" if Pyongyang took action to threaten South Korean and U.S. forces.

Tillerson took a softer line after the meeting with Wang. He told reporters both China and the United States noted efforts over the last two decades had not succeeded in curbing the threat posed by North Korea's weapons programmes.

"We share a common view and a sense that tensions on the peninsula are quite high right now and that things have reached a rather dangerous level, and we've committed ourselves to doing everything we can to prevent any type of conflict from breaking out," Tillerson said.

He said Wang and he agreed to work together to persuade North Korea "make a course correction and move away from the development of their nuclear weapons."

Wang said U.N. resolutions on North Korea both mapped out sanctions and called for efforts to resume efforts for a negotiated settlement.

Reuters

# Russian parliament backs investigation into U.S. media

**Moscow March 18**

The Russian lower house of parliament, the State Duma, has approved a proposal to launch an investigation into U.S. media organizations that operate in Russia, it said in a statement posted on its web site late on Friday.

The investigation, which will be conducted by the Duma's information policy, technologies and communications committee, will check whether CNN, the Voice of America, Radio Liberty and "other American media" are complying with Russian law.

The statement said the Duma backed the move on Friday evening after Konstantin Zatulin, an MP from the pro-Kremlin United Russia party, proposed an investigation to retaliate for what he called a "repressive" U.S. move against Russian state-funded broadcaster RT.

He said he was referring to an initiative by U.S. Senator Jeanne Shaheen, who has introduced a bill to empower the Justice Department to investigate possible violations of the Foreign Agents Registration Act by RT.

Shaheen, a Democrat, cited a U.S. intelligence agency assessment that suggested RT was part of a Russian influence campaign to help Donald Trump win the White House last year. The Kremlin and RT have strongly rejected that allegation.

Foreign media in Russia are overseen by the Russian Foreign Ministry, whose spokeswoman Maria Zakharova this week singled out Shaheen's demarche for criticism, quipping ironically that the senator should have included a clause drawing up a list of books for burning.

Reuters

# Free summer painting course for schoolchildren in Mandalay



Basic education students attending summer painting course.

**Mandalay March 18**

A summer painting course is being conducted free of charge in the compound of Byamaso Social Organization's office in Mandalay for basic education students at the levels from primary to high school, said organizer Ko Tun Tun.

The course divided into classes began on 11 March and they are from 9 am to 11 am on Saturdays and Sundays. The course will conclude in May.

"Children are fully occupied with schoolwork. The art of painting is a relaxation for them. The painting course is so practical. They are happy to do this. They will gain basic knowledge of painting.

It is the second time such a summer painting course has been conducted. The ongoing course has four instructors.

"Some school subjects including drawing pictures. To help this, we are teaching the students basic things so that they can create sketches that will make them easier in drawing pictures," said Ko Kyaw Min Min, one of the instructors.

Last year's summer painting course was attended about 89 students. But this year has attracted around 130.

Pyae Phyo Aung

# Licences, registration issued to nurses who discharge duty at people's hospitals

**Nay Pyi Taw March 18**

As a total of 20,683 nurses against 37,704 of organizational setup have been appointed at 112 hospitals across the nation, the in-service nurses have been given licence, according to the press conference held by the Ministry of Health and Sports on 16 March.

The press release took place at the ministry in Nay Pyi Taw, mentioning that the ministry allowed appointment of nurses at the hospitals, accounting for 49.99 per cent based on the organizational setup.

The national health plan (2017-2021) has been drawn with the participation of region and state health officials, civil society organizations, non-governmental organizations, public centred organizations, ethnic health departments, development partners, experts and private health sector for effectively providing health services to the people within five years.

At present, two Universities of Nursing and 50 training schools related to nurses and midwives are turning out nurses and midwives for the nation. So far, those institutions have produced more than 35,000 nurses and more than 37,000 midwives and been giving training to more than 9,000 nurse trainees.

The students of nursing courses have signed the contract to discharge three-year duty as government service personnel. So, nurse licence and nurse registration are issued to those who started discharging duty as government personnel.

Moreover, nurses have the opportunities to work at private hospitals and clinics in their private time. Licensed nurses have attrition rate, so they have difficulties in assignment at region and state general hospitals. The ministry presented appointment together with degree and certificate to nurses at the convocation as of 2015 because number of nurses who did not join the assignments is on the increase.

Licences are issued to the nurses who work at hospitals. But, those who do not have licence are not allowed to engage in nursing and midwifery jobs.

The nurses who have completed three-year term of assignment will have the opportunities to join the nursing jobs in ASEAN for Mutual Recognition Agreement (MRA) on Nursing Services. They have to hold licences issued by the national regulatory body. 336




Male and female nurses seen at University of Nursing.

# Less developed capital market based on delay processes of companies

**Yangon March 18**

A Seminar on Stock Exchange Development in Myanmar, jointly organized by the Republic of the Union of Myanmar Federation of Chambers of Commerce and Industry and Allen & Gledhill, took place at the office of UMFCCI in Yangon on 17 March.

If capital market develops in Myanmar, State economy as well as businesses of private entrepreneurs will have progress for creating job opportunities of local people, said U Htay Chun, member of Myanmar Securities Exchange Supervisory Commission, at the seminar.

He noted that the capital market in Myanmar is lack of development due to delay of putting investments from companies in the nation. So, the companies need to try hard for putting themselves on the Yangon Stock Exchange-YSX list within 10 years, he said.

The commission severally held educative talks for broadening horizon of the people with the aim of widening the stock exchange in Myanmar. Only when people will have knowledge and experience about stock share system and stock exchange, will they pay attention to the stock exchange market.

As such, the commission holds the seminars in order to develop public companies and enable those public companies to join the Yangon Stock Exchange. If so, those YSX-listed companies will enjoy opportunities for their businesses and investment opportunities.

Member of the commission Daw Tin Hla Kyi and General Secretary U Aung Kyi Soe of UMFCCI made speeches while SECM member U Htay Chun talked about infrastructures on legal affairs and organizational infrastructures.

Managing Director U Min Naing Oo of Allen & Gledhill discussed a topic entitled "capital market in Myanmar practical consideration".

336

# Foreign companies offer Myanmar growers to export canned straw mushroom

**Yangon March 18**

Some growers received offer from business firms from the United States of America through a Taiwan company to produce canned straw mushroom, said U Nay Win, Chairman of Myanmar Mushroom Producers and Exporters Association.

In the past, local people consumed natural straw mushrooms and other species of mushrooms. This year, they can consume straw mushroom, silver show mushroom, silver rain mushroom and others.

However, local growers need to use quality species of mushrooms and improve their cultivation techniques to be able to export the products. The mushrooms grown without pesticides and chemicals are marketable.

At present, straw mushroom is sold at about K10,000 per viss, and silver show mushroom and silver rain mushroom species at about K5,000 per viss.

The mushroom growers and those wishing to start cultivation may seek modern techniques for cultivation of mushrooms from Myanmar Fruit, Flower and Vegetable producer and exporter association (MFVP).

Magway Hla Myint

# New traditional medicines need to register in line with rules and regulations

**Yangon March 18**

The Traditional Medicine Registration and Licence Scrutiny Board under the Ministry of Health and Sports issued a press release on 17 March that if the applications for traditional medicines are not in line with the rules and regulations, registration for new items of traditional medicines will not be allowed.

Myanmar, being a member state of ASEAN, must join the ASEAN Economic Community. So, all forms of products need to meet standards of ASEAN. As such, new items of traditional medicines which are not in line with the rules and regulations will not be permitted.

Moreover, action will be taken against illegal traditional medicines and those who produced the medicines. The traditional medicine producers will be put on the blacklist.

Renewal of traditional medicine and extension of registrations need to submit production processes, name of shop for purchasing raw materials, collection areas of raw materials, use of equipment in producing traditional medicines, machinery, packaging processes, limitation of temperature for drugs and so on.

The producers need to take responsibility for potency of traditional medicines and freedom of side effects. If not, action will be taken against those producers under the law. Moreover, if traditional medicines are sold abroad without certificate of free sale, the owner of production need to take responsibility for all consequences. 336

နိုင်ငံရေးဘောဂဗေဒအတွေးအမြင်

# မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**စီးပွားရေး စွမ်းဆောင်ရှင်များအသင်း**

မြန်မာနိုင်ငံမှာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကို ရန်ကုန်စီးပွားရေး တက္ကသိုလ်က ဆရာမကြီး ဒေါ်မြင့်မြင့်က စတင်တည်ထောင်ခဲ့တယ်။ ဒီအသင်းကို အဲဒီအချိန်တုန်းက တာဝန်ရှိတဲ့လူကြီးတွေကလဲ အားပေးချီးမြှင့်ခဲ့တယ်။ ဒီလိုနဲ့အသင်းကြီး စတင်အောင်မြင်လာတယ်။ အမျိုးသမီးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဒီမြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအနေနဲ့ အမျိုးသမီးတွေအတွက် လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေလုပ်ခဲ့ကြတာလို့ ပြောရမှာပဲဖြစ်တယ်။ နောက်ပြီး အာဆီယံဒေသတွင်း ဆုတွေလဲရရှိခဲ့တဲ့အတွက် ဒါဟာ ဝမ်းသာစရာကိစ္စတစ်ခုလဲ ဖြစ်တယ်။

အခုဆိုရင် ရန်ကုန်မှာအပြင် မန္တလေးမှာလဲ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တွေ စုစည်းပြီး အသင်းအဖွဲ့ရယ်လို့ ဖြစ်လာပြီ။ ဒါကလဲ မန္တလေး အမျိုးသမီးစုအတွက် အင်အားတစ်ရပ်ဆိုရင်လဲ မမှားပါဘူး။ ဒီတော့တဖြည်းဖြည်းနဲ့ အမျိုးသမီးထုဟာ စီးပွားရေးနဲ့ပတ်သက်လို့ အရေးပါတဲ့ အုပ်စုတစ်ရပ်လဲ ဖြစ်လာတယ်။ ပြည်တွင်းတင်မကဘဲ ဒေသတွင်း အာဆီယံနိုင်ငံတွေထိ ထိုးဖောက်လာနိုင်တာကလဲ လေးစားစရာဖြစ်တယ်။

တစ်လောက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သလို မြန်မာအမျိုးသမီးတွေဟာ စီးပွားရေးမှာ ရှေ့တန်းက အမြဲနေခဲ့တာပဲဖြစ်တယ်။ စီးပွားရေးသမိုင်းကို လေ့လာကြည့်ရင်လဲ တခြားနိုင်ငံတွေကို သုံးသပ်တာနဲ့ မြန်မာနိုင်ငံကို သုံးသပ်တာ လုံးဝမတူပါဘူး။ ဥပမာအားဖြင့် ထူးထူးခြားခြားအနေနဲ့တွေ့ရတာကတော့ ဈေးတွေကို ကြည့်လိုက်ရင် ဈေးရောင်းတဲ့သူတွေအားလုံးက အမျိုးသမီးတွေဖြစ်နေတာပါပဲ။ ဟင်းရွက်ကန်စွန်း၊ ကုန်စုံဆိုင်ကစလို့ ဆိုင်ခန်းကြီးတွေထိ အားလုံးဟာ အမျိုးသမီးတွေပဲ လုပ်ကိုင်နေတာဖြစ်တယ်။ မြန်မာနဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် ဈေးတွေမှာ ဈေးရောင်းတဲ့သူတွေဟာ အမျိုးသားတွေပဲဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံတည်းပဲ ထူးထူးခြားခြားပါပဲ။ နေရာတိုင်းလိုလို၊ ဒေသတိုင်းလိုလိုမှာ စီးပွားရေးနဲ့ပတ်သက်ပြီး ဦးဆောင်လုပ်ကိုင်နေတာကို တွေ့ရတယ်။ လူတွေယူဆထားတာက အမျိုးသားတွေက စီးပွားရေးထွက်လုပ်ပြီး အမျိုးသမီးတွေက အိမ်ထောင်ရှင်မတွေအဖြစ် အိမ်ထောင်မှုကို ထိန်းသိမ်းစောင့်ရှောက်ကြတယ်ဆိုတာမျိုး ယူဆကြတယ်။ ဒါက ပုံမှန်အယူအဆပါ။ သူထောက်ပြတာကတော့ တကယ့်လက်တွေ့မှာ အမျိုးသမီးတွေက စီးပွားရေးမှာ ရှေ့တန်းက ပါဝင်နေရတာပဲဖြစ်တယ်။

အဓိပ္ပာယ်ကတော့ အမျိုးသမီးတွေဟာ စီးပွားရေး၊ ငွေရေး၊ ကြေးရေးတွေမှာ စာရင်းကိုင်တာစသဖြင့် ကိစ္စရပ်တွေမှာ ကျွမ်းကျွမ်းကျင်ကျင်ရှိတယ် ဆိုတာပါပဲ။ ကျွန်တော်တို့အနေနဲ့ ဒီလိုအမျိုးသမီးတွေ အများကြီးရှိတာကိုမှ အခုထက်ပိုပြီး ရှေ့တန်းရောက်လာအောင် လိုအပ်တဲ့ ဥပဒေဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာတွေကို ပံ့ပိုးပေးရမှာပဲဖြစ်တယ်။ မတ်လပထမပတ်မှာဆိုရင် အမျိုးသမီးများနေ့ကို နေရာတော်တော်များများမှာ ကျင်းပတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ လူဦးရေရဲ့ ၅၀ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်နေပြီ။ ထောင်စုနှစ်ရည်မှန်းချက်အပြီးမှာ ၂၀၁၅ခုနှစ်ကနေ ၂၀၃၀ ပြည့်နှစ်ထိ ၁၅နှစ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေထားရှိကြတယ်။

အဲဒီရည်မှန်းချက် ၁၇ချက်ထဲမှာမှ နံပါတ်၅ အချက်က ကျားမခွဲခြားမှုကို လျော့ပါးအောင်လုပ်မယ်။ အမျိုးသား၊ အမျိုးသမီးမခွဲရဘူးဆိုတဲ့ ရည်မှန်းချက်လဲရှိတဲ့အတွက် ကျွန်တော်တို့ဆီမှာ တန်းတူတဲ့ အခွင့်အရေးတွေရှိလာမှာပဲဖြစ်တယ်။ တစ်ချိန်တုန်းကတော့ တက္ကသိုလ်တွေမှာ ပါမောက္ခတွေအားလုံးလိုလို အမျိုးသမီးတွေဖြစ်ပြီး ပါမောက္ခချုပ်တွေကတော့ အမျိုးသားတွေဖြစ်နေတာတွေ့ရပါတယ်။ အခုတော့ ဒီလိုပုံစံမဟုတ်တော့ပါဘူး။ အမျိုးသမီးတွေကလဲ ပါမောက္ခချုပ်တွေဖြစ်လာနိုင်တဲ့ အနေအထားတွေရှိတယ်။ အဲဒီလိုပဲ ရုံးတွေမှာကျတော့လဲ အမျိုးသမီးတွေက ပိုများနေတာကို တွေ့ရမှာပဲဖြစ်တယ်။

ဒီမှာ အမျိုးသမီးလုပ်သားအင်အားဟာ ၅၀ရာခိုင်နှုန်း အနည်းဆုံးရှိနေတဲ့အတွက် ရာထူးမြင့်တဲ့ နေရာတွေမှာ တစ်ဝက်လောက်မရှိသင့်ဘူးလားဆိုတဲ့ မေးခွန်းတွေလဲရှိတယ်။

**အမျိုးသမီးများ၏ ရပိုင်ခွင့်**

အုပ်ချုပ်ရေးနယ်ပယ်မှာဆိုရင်လဲ ဒီလိုပါပဲ။ ဥပမာ-မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေထဲမှာရော အမျိုးသမီးတွေ ဘယ်နှယောက်လောက် ဝန်ကြီးရှိသလဲ။ ရန်ကုန်မှာတော့ ရှိတယ်။ ဒါပေမဲ့ နည်းနေပါသေးတယ်။ စွမ်းဆောင်ရည်ဆိုတဲ့ အရေးကိစ္စဟာ စီးပွားရေးကိစ္စဆိုပေမယ့် နိုင်ငံရေးကိစ္စလဲပါနေတာပဲဖြစ်တယ်။ လွှတ်တော်မှာတောင် အမျိုးသမီးဦးရေရာနှုန်း ဘယ်လောက်ရှိရမယ်ဆိုပြီး တချို့နိုင်ငံတွေကတော့ သတ်မှတ်တယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်မှာဆိုရင် ၂၅ရာခိုင်နှုန်းရှိတယ်။ ကျေးလက်ဒေသကစလို့ လွှတ်တော်ထိ နိုင်ငံရေး နယ်ပယ်မှာ အမျိုးသမီးအနည်းဆုံး ၂၅ရာခိုင်နှုန်းရှိရမယ်ဆိုပြီး သတ်မှတ်ထားကြတယ်။

တိုင်းဒေသကြီး၊ မြို့နယ်၊ ခရိုင်တွေစသဖြင့် နေရာတိုင်းလိုလိုမှာ အမျိုးသမီးတွေရဲ့ကဏ္ဍကို ရှေ့တန်းတင်ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလဲ နောင်တစ်ချိန် ဒီလိုမျိုးတွေဖြစ်လာမှာပါ။ တစ်လောက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့တဲ့အခါမှာလဲ ဒီကိစ္စကို ထည့်သွင်းပြောခဲ့တယ်။ အမျိုးသမီးတွေဟာ အခုလို စီးပွားရေးမှာ ရှေ့တန်းက ဦးဆောင်လုပ်နေတာ ကျေနပ်စရာကောင်းပြီး အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကိုလဲ ဒီထက်ပိုပြီး ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ရမှာပဲဖြစ်တယ်။

ဆင်းရဲမှုနဲ့ပတ်သက်လို့ပြောရရင် အမျိုးသမီးတွေဟာ ဆင်းရဲတဲ့ဒဏ်ကိုပိုပြီး ခံစားရတယ်။ ကျန်းမာရေးနဲ့ပတ်သက်ရင်လဲ ပိုပြီး ထိရှလွယ်တယ်။ မိသားစုမှာ ကလေးများလို့ ကျောင်းမထားနိုင်ဘူးဆိုရင်တော့ အမျိုးသမီးငယ်လေးတွေက အရင်ကျောင်းထွက်ပေးရတာပဲဖြစ်တယ်။ မိန်းကလေးတွေကို ပညာမတတ်လဲရတယ်ဆိုတဲ့ အစွဲအလမ်းတွေလဲရှိတယ်။ အခုခေတ်မှာတော့ သမီးရယ်၊ သားရယ်လို့ ခွဲခြားတာမျိုး မဟုတ်တော့ဘဲ တန်းတူရည်တူ စဉ်းစားဖို့လိုတယ်။

ကျွန်တော်တို့ရဲ့တကယ့်ယဉ်ကျေးမှုမှာလဲ သားဆုပန်တာပဲ ရှိပြီး သမီးဆုပန်တာရှားတယ်။ နောက်ပိုင်းမှာ တရုတ်နဲ့အိန္ဒိယလို မိန်းကလေးမလိုချင်ဘူး။ ယောက်ျားလေးပဲ လိုချင်တယ်ဆိုတဲ့ အဖြစ်မျိုးတွေက လုံးဝမဖြစ်သင့်ပါဘူး။ သားရယ်၊ သမီးရယ်လို့ ခွဲခြားစရာမလိုဘဲ သူ့မှာအရည်အချင်းရှိရင် ရှိသလောက် စွမ်းဆောင်ရည်က ရှိမှာပဲဖြစ်တယ်။

**စီးပွားရေးစွမ်းဆောင်နိုင်မှု**

စွမ်းဆောင်မှုကိစ္စမှာလဲ အမျိုးသမီးတွေကို လုံးဝလျှော့တွက်လို့မရပါဘူး။ ဥပမာ-ဘင်္ဂလားဒေ့ရှ်မှာ ငွေချေးတယ်ဆိုရင် အမျိုးသမီးတွေကိုပဲ ထုတ်ချေးတာဖြစ်တယ်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ သူ့ရဲ့ငွေကြေးပေါ်လစီက အမျိုးသားတွေကို လုံးဝငွေမချေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးတွေကို ချေးပေးလိုက်တဲ့ ငွေကြေးတွေဟာ ရက်ကန်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို လုပ်ကိုင်ပြီးရတဲ့ အကျိုးအမြတ်တွေနဲ့ သားသမီးနဲ့မိသားစုကို စောင့်ရှောက်တဲ့အတွက် အမျိုးသမီးတွေကို ဦးစားပေးတာပဲဖြစ်တယ်။

ကျွန်တော်တို့ဆီမှာတော့ ဒီလိုမျိုး ဘဏ်တွေ မရှိသေးဘူး။ ကူညီပံ့ပိုးမှုတွေလဲမရှိသေးဘူး။ အခုချိန်ထိ အောင်မြင်လာတာတွေရှိပေမယ့် ကျွန်တော်တို့မှာ လုပ်စရာတွေရှိပါသေးတယ်။ ဒါကြောင့် အမျိုးသမီးတွေဟာ အဆင့်အတန်းနိမ့်တယ်လို့ သတ်မှတ်လို့မရပါဘူး။ အမျိုးသားနဲ့အမျိုးသမီးတွေမှာ ထူးခြားတာက အမျိုးသမီးတွေဟာ စီးပွားရေးစွမ်းဆောင်မှုတင်မကပါဘူး။ လူမှုရေးနယ်ပယ်မှာလဲ စွမ်းဆောင်ရှင်တွေ အများကြီးရှိနေတာပဲဖြစ်တယ်။

လူမှုရေးနယ်ပယ်မှာ အလှူအတန်းတွေပြုလုပ်တဲ့နေရာတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေမှာ ဦးဆောင်နေတဲ့ အမျိုးသမီးတွေအများကြီး ရှိပါတယ်။ ရုံးဝန်ထမ်းမှာလဲ အမျိုးသမီးတွေ အများကြီးရှိနေတာပဲ ဖြစ်တယ်။ အခုခေတ်မှာ အမျိုးသမီးတွေဟာ အိမ်မှာနေတဲ့သူတွေ မဟုတ်တော့ပါဘူး။ ဈေးကွက်ထဲမှာ လှုပ်ရှားနေတဲ့ စွမ်းဆောင်ရှင်တွေ၊ ဦးဆောင်သူတွေ ဖြစ်နေပါပြီ။ နောက်တစ်ခုက ကျွန်တော်တို့မှာ အခြေခံတစ်ခုကောင်းတာက တက္ကသိုလ်တွေမှာ ၈၀ ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်နေတာပါပဲ။ ဒါကြောင့် ပညာတတ်တဲ့ မိန်းကလေးတွေပိုများလာတယ်ဆိုတဲ့ သဘောပါပဲ။

စီးပွားရေးတက္ကသိုလ်မှာလဲ ၇၅ရာခိုင်နှုန်းက အမျိုးသမီးတွေပဲဖြစ်တယ်။ ဆရာ၊ ဆရာမတွေမှာလဲ အမျိုးသမီးဆရာမတွေက ပိုများတယ်။ ရာခိုင်နှုန်းနဲ့ပြောရင် ၉၀ရာခိုင်နှုန်းလောက်တောင်ရှိမယ်လို့ထင်တယ်။ အဲဒီလိုဖြစ်တာက ဝမ်းသာစရာပါ။ ဒါကြောင့် မျှော်မှန်းမှုတွေမှာအစိုးရပိုင်း၊ အုပ်ချုပ်ရေးပိုင်းမှာ အမျိုးသမီးတွေ ဒီထက်ပိုပြီး မရှိသင့်ဘူးလားဆိုတာတွေပါပဲ။ အခုဆိုရင်တော့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ကလဲ အမျိုးသမီးပဲဖြစ်တယ်။ အဲဒီလို အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်စတဲ့ မဏ္ဍိုင်သုံးခုလုံးမှာ အမျိုးသမီးတွေရဲ့ကဏ္ဍက မြင့်မားလာတာပဲဖြစ်တယ်။ စီးပွားရေးကဏ္ဍကတော့ အလိုလို မြင့်မားလာမှာပဲဖြစ်တယ်။

နောက်တစ်ခုကတော့ အမွေဆက်ခံတဲ့ကိစ္စပဲဖြစ်တယ်။ အမွေဆက်ခံတဲ့ကိစ္စမှာ အမျိုးသမီးတွေကို အမွေမပေးဘူး၊ ပေးတယ်ဆိုတဲ့ အယူအဆက ဒီဘက်မှာမရှိတော့ဘူး။ တချို့ယဉ်ကျေးမှု လူ့အဖွဲ့အစည်းမှာ အမွေအနှစ်ကို သားကိုပဲပေးပြီး သမီးကို မပေးတာမျိုးရှိခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ယဉ်ကျေးမှုအားသာချက်မှာ အမွေအနှစ်နဲ့ပတ်သက်ရင် အဲဒီလိုမျိုးမရှိဘူး။ အခုဆိုရင် အမျိုးသမီးအဖွဲ့အစည်းတွေကလဲ အင်အားကောင်းလာတဲ့အခါ စီးပွားရေးစွမ်းဆောင်ရှင်အသင်းတွေအပြင် လူမှုရေးအဖွဲ့အစည်းတွေလဲ အများကြီးဖြစ်လာတာကို တွေ့ရပါတယ်။

ဒီတော့ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတာ အင်မတန်နည်းတယ်။ တချို့နိုင်ငံတွေမှာဆိုရင်တော့ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံပြီး နှိမ့်ချတာတွေရှိတယ်။ ဒါကြောင့် ကိုယ့်ယဉ်ကျေးမှုအရ ခွဲခြားဆက်ဆံတာမရှိတဲ့အတွက် သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် တန်းတူအခွင့်အရေးပေးဖို့ လိုအပ်ပါတယ်။ စီးပွားရေးလုပ်ချင်တဲ့သူ၊ နိုင်ငံရေးလုပ်ချင်တဲ့သူ၊ ပညာရေးလုပ်ချင်တဲ့သူ၊ လူမှုရေးလုပ်ချင်တဲ့သူတွေကို အခွင့်အရေးတွေ ပေးရမှာပဲဖြစ်တယ်။ ဒါက ယောက်ျားလေးအလုပ်၊ ဒါက မိန်းကလေးအလုပ်ဆိုပြီး ခွဲခြားထားစရာမလိုတော့ဘူး။ သင်္ဘောကပ္ပတိန်၊ လေယာဉ်ကပ္ပတိန်တောင် အမျိုးသမီးတွေဖြစ်နေပြီး မြန်မာနိုင်ငံမှာဆိုရင်လဲ အခုလောလောဆယ် YBS ယာဉ်လိုင်းမှာ အမျိုးသမီးယာဉ်မောင်းတွေရှိလာပြီဆိုတာ ပြောချင်ပါတယ်။ ဒါကြောင့် အမျိုးသား၊ အမျိုးသမီးဆိုတာ သဘာဝမတူပေမယ့် အားလုံးမှာတူညီတဲ့ အရည်အချင်းတွေရှိတဲ့အတွက် တူညီတဲ့အခွင့်အရေးတွေလဲ ပေးဖို့လိုအပ်တာပဲဖြစ်ပါတယ်။

> > >

❖ စွမ်းဆောင်မှုကိစ္စမှာလဲ အမျိုးသမီးတွေကို လုံးဝလျှော့တွက်လို့မရပါဘူး။ ဥပမာ-ဘင်္ဂလားဒေ့ရှ်မှာ ငွေချေးတယ်ဆိုရင် အမျိုးသမီးတွေကိုပဲ ထုတ်ချေးတာဖြစ်တယ်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ သူ့ရဲ့ငွေကြေးပေါ်လစီက အမျိုးသားတွေကို လုံးဝငွေမချေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးတွေကို ချေးပေးလိုက်တဲ့ ငွေကြေးတွေဟာ ရက်ကန်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို လုပ်ကိုင်ပြီးရတဲ့ အကျိုးအမြတ်တွေနဲ့ သားသမီးနဲ့မိသားစုကို စောင့်ရှောက်တဲ့အတွက် အမျိုးသမီးတွေကို ဦးစားပေးတာပဲဖြစ်တယ်။ ❖

www.facebook.com/themyawadydaily

# မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့ကြသည့် မွန်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်ထောင်စုကြီးအေးချမ်းသာယာပြီး မွန်ပြည်နယ်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်

နေပြည်တော် မတ် ၁၉

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား–**

ဒီနေ့ မတ်လ ၁၉ရက်နေ့မှာကျရောက်တဲ့ (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီကနေ့ဟာ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ မွန်ပြည်နယ်နေ့ဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁၉၄၈ခုနှစ်၊ လွတ်လပ်ရေးရပြီး ပြည်ထောင်စုဖွဲ့စည်းပုံမှာ တနင်္သာရီတိုင်းအတွင်း လက်ရှိ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့ပါဝင်ခဲ့ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ မွန်တိုင်းရင်းသားခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှုအပေါ် အခြေခံပြီး ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှ "မွန်ပြည်နယ်"သတ်မှတ်ဖြစ်တည်ရေးကို စတင်ခဲ့ပါတယ်။ "မွန်ပြည်နယ်"လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ စတင်ကမ္ပည်းတင်ရေးသားခဲ့တဲ့ ၁၉၇၄ခုနှစ်၊ မတ်လ ၁၉ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ်သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့တာဟာ ဒီကနေ့ဆိုရင်(၄၃)နှစ်မြောက်ရှိပြီဖြစ်ပါတယ်။

သမိုင်းကြောင်းကိုပြန်ကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေးရပြီးချိန်ကစပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးပဋိပက္ခတွေကို အခြေခံတဲ့ ရိုက်ခတ်မှုများကတစ်ဆင့် ခါးသီးတဲ့အတွေ့အကြုံတွေကို ကြုံတွေ့ခဲ့ရပါတယ်။ ပဋိပက္ခတွေ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ယနေ့အချိန်အခါကာလမှာ အဲဒီခါးသီးတဲ့အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့်အချိန်အခါလည်းဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့ကြတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုပြီး လိုက်လျောညီထွေရှိမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အဲဒီမူဝါဒလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံး ပါဝင်ကြိုးပမ်းဖော်ဆောင်ကြဖို့ အထူးလိုအပ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၂ခုနှစ်မှာ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကာ လက်ရှိမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့လက်တွဲပြီး ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ရင်းနှီးပွင့်လင်းစွာနဲ့ဆောင်ရွက်ခဲ့တဲ့ စားပွဲဝိုင်းဆွေးနွေးမှုတွေရဲ့ အကျိုးရလဒ်ကောင်းများအဖြစ် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိနေပြီဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရတဲ့အထိ တစိုက်မတ်မတ် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမှာကိုလည်း အထူးအလေးဂရုပြုကြရမှာဖြစ်ပါတယ်။

မကြာသေးခင်ကလည်း ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ငြိမ်းချမ်းရေးကော်မရှင်တို့နဲ့တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အပြုသဘောဆောင်ပြီး မွန်တိုင်းရင်းသားများအတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ ပိုမိုမြင့်မားလာစေတဲ့ အလားအလာကောင်းတွေ ရရှိခဲ့တဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဆက်လက်ပြီးလည်း နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပြည့်အဝပူးပေါင်းပါဝင်လာမယ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ ခိုင်ခိုင်မာမာပါဝင်လာမယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့ကြသလို ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ကြီးကြီးနဲ့ လျှောက်လှမ်းခဲ့ကြတဲ့ မွန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ဖို့နဲ့ပိုမိုကောင်းမွန်တဲ့ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွေမှာ စုစည်းချစ်ကြည်ညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ၊ မိမိတို့ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်ထောင်စုကြီးအေးချမ်းသာယာပြီး မွန်ပြည်နယ်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

# MNDAA အကြမ်းဖက်သောင်းကျန်းသူများက လောက်ကိုင်မြို့ပေါ်သို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်

နေပြည်တော် မတ် ၁၈

၂၀၁၇ခုနှစ်၊ မတ်လ ၆ ရက်မှစ၍ MNDAA အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်နေရာယူထားသည့် ပို့င့်-၁၁၇၆တောင်ကုန်းအား မတ် ၈ ရက်တွင်လည်းကောင်း၊ ပို့င့်-၁၂၆၉တောင်ကုန်းအား မတ် ၁၅ရက်တွင်လည်းကောင်း၊ ပို့င့်-၁၀၅၂တောင်ကုန်းအား မတ် ၁၆ ရက်တွင်လည်းကောင်း၊ ပို့င့်-၁၀၈၈တောင်ကုန်းအား မတ် ၁၇ရက်တွင်လည်းကောင်း တပ်မတော်မှ တိုက်စစ်ဆင်သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ လူ၊ လက်နက်၊ ခဲယမ်းများ အများအပြားဆုံးရှုံးလာခြင်းကြောင့် တပ်မတော်စစ်ကြောင်းများ၏ အမိကထိုးစစ်ဆင်နေမှုကို နှောင့်နှေးစေရန်နှင့် လောက်ကိုင်မြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို မီးလောင်ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ မတ် ၁၇ရက် ည ၇နာရီ မိနစ် ၅၀ခန့်မှ ည ၁၀နာရီခန့်အထိ နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၆ နှင့် ဘီပီ-၁၂၇ အကြားမှနေ၍ ၁၀၇ မမ ဟုယူဆရသည့် Rocket ၁၀လုံးဖြင့် ပစ်ခတ်နှောင့်ယှက်ခဲ့သည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် နားလီကျေးရွာထိပ်တွင် တစ်လုံး၊ ထင်ပါကျိုင်းကျေးရွာအနီးတွင် လေးလုံး၊ လောက်ကိုင်မြို့ မဟာမြတ်မုနိဘုရားကုန်းအောက်ခြေတောစပ်တွင် နှစ်လုံး၊ စစ်မှုထမ်းဟောင်းအိမ်ရာအနီးတွင် သုံးလုံး၊ စုစုပေါင်း ၁၀လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်မှုထမ်းဟောင်းအိမ်ရာရှိ လူနေထိုင်ခြင်းမရှိသည့်အိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့ပြီး ကျန်နေရာများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။





MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။




MNDAA အကြမ်းဖက်သောင်းကျန်းသူများ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာများအား တပ်မတော်စစ်ကြောင်းများက အမြောက်၊ လက်နက်ကြီးများဖြင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကျော်လွန်မှုမရှိစေရေး တိကျစွာတွက်ချက်၍ ကန့်သတ်ချက်များဖြင့် စနစ်တကျပြန်လည်ပစ်ခတ်ခဲ့ကြောင်းသတင်းရရှိသည်။

www.facebook.com/themyawadydaily



# မြန်မာ့ရုပ်ရှင်လောက၏ တိုးတက်မှုသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုကို ကိုယ်စားပြု
# မြန်မာ့ရုပ်ရှင်လောက၏ အဆင့်အတန်းမြင့်မားမှုသည် နိုင်ငံနှင့်ပြည်သူတို့၏ ဂုဏ်သိက္ခာကို ဖော်ညွှန်းနေ

**နေပြည်တော် မတ် ၁၈**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ချစ်ခင်လေးစားရပါသော အနုပညာရှင်၊ အတတ်ပညာရှင်၊ ရုပ်ရှင်လောကသားများနဲ့ ဧည့်သည်တော်များရှင်-**

ဒီနေ့ကျင်းပပြုလုပ်တဲ့အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျမလာရောက်နိုင်တဲ့အတွက် တောင်းပန်စကားဆိုရင်း ၂၀၁၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကြွရောက်အားပေးလာကြပါသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်က ကြည့်ရှုအားပေးနေကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်များအားလုံး မင်္ဂလာအပေါင်း ခြောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ သုခုမဆိုတဲ့ အနုပညာတွေဟာ လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှု ကြီးကြီးမားမားရှိနေတဲ့ ပညာရပ်တွေဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အထူးသဖြင့် ရုပ်ရှင်အနုပညာလက်ရာတွေဟာ နှစ်ပေါင်းများစွာ ဂန္ထဝင်တွင်ရစ်ခဲ့တဲ့အထိ လူတိုင်းရင်ကို စွဲစွဲမက်မက်ဖြစ်စေနိုင်ပါတယ်။ အခု ၂၁ရာစု ကမ္ဘာကြီးမှာ ရုပ်ရှင်ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက်မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ ဆော့ဖ်ပါဝါအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတွေရဲ့ပါဝါအဖြစ် ရောက်ရှိလာရခြင်းအကြောင်းရင်းကို ပြန်ပြီး လေ့လာကြည့်ရင် ယဉ်ကျေးမှု၊ ဆန်းသစ်မှု၊ တီထွင်ဖန်တီးမှု၊ အဆင့်အတန်းမြင့်မားမှုစတဲ့ ဝိသေသလက္ခဏာတွေကို တွေ့ရှိကြရမှာဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်တွေ၊ စကားလုံးတွေ၊ အမူအရာတွေ၊ သတင်းစကားတွေဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ကြွန်အင်လက္ခဏာတွေကို ကိုယ်စားပြုနေပြန်ပါတယ်။ ရုပ်ရှင်တွေကပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေဟာ လူ့သမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေဟာ လူ့အဖွဲ့အစည်း၊ အထူးသဖြင့် လူငယ်လူရွယ်တွေအပေါ် အထူးပဲ ဩဇာကြီးမားတာကြောင့် ရုပ်ရှင်လောကသားတွေရဲ့တာဝန်ဟာ အလွန်ပဲကြီးပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်ကောင်တွေဟာ လူငယ်တွေရဲ့စိတ်ကူးထဲက စံပြုပုဂ္ဂိုလ်တွေဖြစ်နေတတ်ပါတယ်။ ဇာတ်ကောင်တစ်ယောက်ရဲ့ သရုပ်ဆောင်ချက်၊ အမူအရာတစ်ကွက်ဆိုရင်ပဲ လူငယ်တွေရဲ့စိတ်ထဲကို စွဲစွဲထင်ထင်နစ်ဝင်နေတတ်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံဟာ ပြည်သူလူထုအတွက် အပြောင်းအလဲတွေကို အကောင်းမွန်ဆုံးဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုသမိုင်းဝင်အလှည့်အပြောင်းအခြေအနေမှာ အနုပညာရှင်တွေရဲ့ပံ့ပိုးမှု အမှန်တကယ်ပဲအရေးကြီးနေပါတယ်။ ပြောင်းလဲတယ်ဆိုတာ လူထုရဲ့စိတ်ဓာတ်ကို ပြောင်းလဲပစ်ရတာဖြစ်ပါတယ်။ စိတ်ဓာတ်တော်လှန်ရေးနဲ့ အပြောင်းအလဲကို ဖော်ဆောင်နေရတာလည်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်သူတွေအတွက် အနုပညာရှင်တွေရဲ့ တီထွင်ဖန်တီးမှု၊ ဆန်းသစ်တိုးတက်မှုတွေဟာ အရေးကြီးတဲ့အချိန်အခါကို ရောက်ရှိနေပါပြီ၊ လူ့အဖွဲ့အစည်းရဲ့ စိတ်ဓာတ်၊ အမူအကျင့်တွေကို ဆော့ဖ်ပါဝါတစ်ရပ်အနေနဲ့ အနုပညာရှင်တွေက ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိပါတယ်။

ရွေးကောက်ပွဲတွေကတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာနိုင်ဖို့ ကျွန်မတို့ရဲ့အနုပညာရှင်တွေ ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပေးဆပ်ခဲ့မှုတွေအတွက်လည်း ကျွန်မတို့အစိုးရက လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း ယခုလို အခါအခွင့်သင့်ခိုက်မှာ အလေးအနက်ပြောကြားလိုပါတယ်။ ကျွန်မတို့ရဲ့ အနုပညာရှင်တွေအနေနဲ့ ကျွန်မတို့အစိုးရ လက်ရှိကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ စီးပွားရေးတိုးတက်မှု၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်တွေကို ပြည်သူတွေလျှောက်လှမ်းရာမှာ များစွာအထောက်အကူပေးနိုင်ပါတယ်။ မြန်မာ့ရုပ်ရှင်လောကရဲ့ တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး မြန်မာ့ရုပ်ရှင်လောကရဲ့ အဆင့်အတန်းမြင့်မားမှုဟာ ဒီနိုင်ငံ၊ ဒီပြည်သူတွေရဲ့ ဂုဏ်သိက္ခာကို ဖော်ညွှန်းနေပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့တိုင်းရင်းသားတွေ၊ ကျွန်မတို့လူငယ်တွေအတွက် အားလုံးက အများကြီးကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ မတူကွဲပြားခြင်းတွေ ပိုမိုပြီး ကြီးမားလာ၊ ကျယ်ပြန့်လာခဲ့တဲ့အခြေအနေတွေကို ကျွန်မတို့ ပြန်လည်ပေါင်းစည်းပေးနိုင်ဖို့ ကြိုးစားကြရဦးမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပျောက်ဆုံးနေတဲ့ ညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ဖို့ ကျွန်မတို့ကြိုးစားကြရဦးမှာဖြစ်ပါတယ်။ မငြိမ်းချမ်းသေးတဲ့နယ်မြေဒေသတွေမှာ နေရပ်စွန့်ခွာတိမ်းရှောင်နေရရှာတဲ့ ပြည်သူတွေအတွက် (၂၁)ရာစုပင်လုံညီလာခံကို ကျွန်မတို့ အကောင်အထည်ဖော်ကြိုးပမ်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်မျိုးစုံ သိမ်းကျုံးလုပ်ကိုင်နေရတဲ့ ကျွန်မတို့ပြည်သူတွေ အမိနိုင်ငံကိုပြန်လာပြီး ဂုဏ်သိက္ခာရှိရှိနေထိုင်လုပ်ကိုင်နိုင်အောင် ကျွန်မတို့ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ ဒီတာဝန်တွေကို ထမ်းဆောင်ရမှာမှန်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကနေ့ ပြောင်းလဲတိုးတက်နေတဲ့ကမ္ဘာကြီးမှာ သဘာဝပတ်ဝန်းကျင်ကြီး ယိုယွင်းပျက်စီးလာနေသလို လူသားတွေရဲ့ စိတ်နေစိတ်ထားတွေ ယိုယွင်းပျက်စီးလာနေတာကို အကောင်းဆုံး ဘယ်လိုပြန်လည်ပြင်ဆင်မလဲဆိုတာကို နိုင်ငံတိုင်း နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနဲ့ ထိုက်တန်တဲ့ အမျိုးသားညီညွတ်မှု၊ နိုင်ငံကြီးသားစိတ်ဓာတ်၊ နိုင်ငံကြီးသားအမူအကျင့်၊ နိုင်ငံကြီးသားယဉ်ကျေးမှုတွေ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းလာအောင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းသွားကြဖို့ လိုအပ်ပါတယ်။

ရုပ်ရှင်လောကသားတွေအပါအဝင် စာပေ၊ ဂီတ၊ သဘင်၊ သုခုမအနုပညာရှင်အားလုံးကို ကျွန်မအနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံချင်တာ၊ အကူအညီတောင်းခံချင်တာရှိပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်သူတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနဲ့ တိုးတက်ရေးကို ဝန်းရံပေးကြပါ။ ပြည်သူတွေကြားမှာ ခွဲခြားမှုတွေ၊ အမုန်းတရားတွေ ကင်းဝေးပြီး မေတ္တာတရားတွေ တိုးတက်ဖြစ်ပေါ်လာအောင်၊ အပတ်တကုပ် ကြိုးစားလိုစိတ်တွေ တိုးပွားလာအောင်၊ စာရိတ္တနဲ့လုံ့လကို အခြေပြုပြီး နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်အောင်၊ ကျွန်မတို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ စိတ်ဓာတ်တော်လှန်ရေးကြီး အောင်မြင်ပြီးမြောက်အောင် တတ်နိုင်သမျှ၊ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးကြပါလို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နှစ်တစ်ရာပြည့်တော့မယ် ကျွန်မတို့ရဲ့ မြန်မာ့ရုပ်ရှင်နဲ့ ရုပ်ရှင်လောကသားများအားလုံး အစဉ်တိုးတက်ဆန်းသစ်အောင်မြင်နိုင်ပါစေကြောင်း၊ ကျွန်မတို့ရဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးနိုင်တဲ့ အနုပညာရှင်တွေဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

➢ ➢ ➢

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုကရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ရပ်တည်ချက်အဖြစ် မြဲမြဲစွာခံယူလုပ်ဆောင်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ငြိမ်းချမ်းရေး မူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ကာကွယ်ရေးနှင့်ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စီး ပြန်လည်ထွက်ခွာ




ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS PROTTOY ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာစဉ်။

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS PROTTOY သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးတို့က ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း MITT တံတား၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်တွင် စစ်ရေယာဉ်မှူးဖြစ်သူ Capt. M Monir Uddin Mollick ဦးစီး၍ အရာရှိ ၂၉ဦး၊ အခြားအဆင့် ၁၁၇ ဦး၊ စုစုပေါင်း ၁၄၆ဦး လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၁၅ရက်မှ ၁၈ရက်အထိ ခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေးဘော်လီဘောကစားခြင်းနှင့် ရန်ကုန်မြို့တွင်း လေ့လာရေးသွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

## မန္တလေးနန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တပ်မတော်သားများက မန္တလေးနန်းမြို့ နန်းခုံ ပတ်ဝန်းကျင်၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် မတ် ၁၈**

မန္တလေးနန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် နန်းခုံပတ်ဝန်းကျင်တစ်လျှောက်ရှိ ချုံနွယ်၊ သစ်ပင်များနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တပ်မတော်သားများက စုပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၉-၃-၂၀၁၇ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review & Sports |
| ၂။ | ၀၈း၀၀ | ပျော်ရွှင်ရင်ခုန် စားဖွယ်စုံ |
| ၃။ | ၀၈း၃၅ | Lady Talk |
| ၄။ | ၁၁း၀၀ | Carry On |
| ၅။ | ၁၂း၁၅ | ချစ်သူတို့အတွက် အမှတ်တရ |
| ၆။ | ၁၃း၀၀ | Thazin Music Circle |
| ၇။ | ၁၃း၃၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |
| ၈။ | ၁၅း၃၀ | Celebrity life |
| ၉။ | ၁၆း၀၀ | ပဟေဠိ အဖြေညှိ |
| ၁၀။ | ၁၇း၀၀ | Online Request Songs |

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# မြန်မာသံစဉ် ဂန္ထဝင်ပညာရှင်ကြီးများ၏ အားမာန်များ

**တင်ထွန်းဦး(ယဉ်ကျေးမှု)**

မြန်မာသံစဉ်တေးသံရှင်ကြီးများနှင့်ဇာတ်သဘင်ကပြမှုအစီအစဉ်အဖြစ် ယမန်နေ့ညက ဇေယျာသီရိဗိမာန်၌ တင်ဆက်ခဲ့သည်။ စင်စစ် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာသည့်တိုင် အသံမပျက် စိတ်ဓာတ်ခိုင်မာစွာ မြန်မာသံစဉ်အပေါ် တန်ဖိုးထားကြသည့် တေးသံရှင်ကြီးများကို ချီးကျူးမိသည်။ မြန်မာ့အသံလွှင့်ရုံတွင် ဆယ်စုနှစ်ပေါင်းများစွာက ကာလပေါ်တီးဝိုင်းများ(အပျော်တမ်းဝိုင်း)အပါအဝင် အသံလွှင့်ကြသည့် တီးဝိုင်းများခေတ်စားခဲ့ဖူးသည်။

ထိုစဉ်က သီချင်းဆိုချင်သောသူများသည်အခကြေးငွေ တစ်ပြားမှမရသည့်အပြင် ကိုယ့်စရိတ်နှင့်ကိုယ်သွား၊ကိုယ့်ထမင်းကိုယ်စားပြီး အသံလွှင့်ရုံသို့လာကြရသည်။ယင်းနောက် တိုက်ထားသောသီချင်းများကို အသံသွင်းကြရ၏။ အသံသွင်းသည်ဆိုရာ၌လည်း ယခုကဲ့သို့ ခေတ်မီစက်ကြီးများနှင့် အသံအမျိုးမျိုးပြုပြင်ပြီး တစ်လိုင်းစီသွင်းရသည့် အခြေအနေမျိုးမဟုတ်ဘဲ စည်းတီးဝါးတီးအပါအဝင် ပြိုင်တူဆိုတီးကြ၍ အသံသွင်းကြရသည်။တစ်စုံတစ်ယောက်က မှားသွားပါက အစမှပြန်လည်သွင်းရသည့်စနစ်ဖြစ်၏။ အချို့အဆိုတော်များဆိုပါမူ (၁၀)ကြိမ်မကပြန်၍ အသံသွင်းရသည်ကိုလည်း စာရေးသူကြုံဖူးသည်။ ယင်းနောက် ဆိုထားသည့်သီချင်းကို အစစ်ဆေးခံရန် (ဘုတ်)အဖွဲ့သို့ တင်ခဲ့ရပြီး ပညာရှင်ကြီးအဆုံးအဖြတ်ဖြင့် "တစ်ကြိမ်လွှင့်"၊"အမြဲတမ်းလွှင့်"စသည်ဖြင့် ဓာတ်ပြားရယူခဲ့ရသည်။ယခုပွဲတွင် လာရောက်သီဆိုကြသည့် တေးသံရှင်အများစုမှာ ထိုစဉ်ကမှစ၍ အမြဲတမ်းလွှင့်ခွင့်ရသည့် "ဓာတ်ပြားတေး"ပိုင်ရှင်ကြီးများဖြစ်သည့်နှင့်အညီ နှစ်ပေါင်းများစွာကြာမြင့်လာသည့်တိုင်အောင် ယခင်ဆိုခဲ့သော အသံ(ကီး)ကို မချရသေးဘဲ အဆိုပါးနပ်စွာ ဆိုသွားနိုင်ကြသည်ကို တွေ့ရသည့်အတွက် နှစ်ဟောင်းမှကာလပေါ်တေးသီချင်းများအတိုင်း ပြန်လည်ကြားယောင်မိသလို ခံစားမိလိုက်သည်။

တေးသံရှင်များကို ပံ့ပိုးတီးမှုတ်ပေးကြသည့် စန္ဒရားဆရာ ယဉ်ကျေးမှုတက္ကသိုလ်မှ အငြိမ်းစားဂီတကထိက ဦးခင် လှ(ဆရာလေး)နှင့် စန္ဒရားခွန်တင်ကြွယ်၏ သား ခွန်ဇာနည်တင်ကြွယ်တို့၏ စန္ဒရားတီးကွက်များနှင့် တယောဆရာကြီး ဦးလှထွန်းဦးစီးသည့် တယောအဖွဲ့၏ ဘိုးတံအတက်အဆင်းညီညာမှုနှင့် သံစဉ်အလှများကြောင့် သီဆိုသွားသူများမှာ အံဝင်ခွင်ကျဖြစ်သည်ကို တွေ့ရသည်။ အသက်၈၆နှစ်အရွယ်ရှိပြီဖြစ်သော ဂန္ထဝင်တေးသံရှင်စည်သူဦးမောင်မောင်ကြီး ဆိုသံ၊အသက်၈၃နှစ်ဟုမထင်ရသဲ ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီဒေါ်မြင့်မြင့်ခင်၏ ဖျက်လက်တက်ကြွမှုနှင့် သီဆိုသွားသည့် နားပန်းဆံတေးသီချင်းနှင့် သားကောင်းရတနာအဆိုတော်ကို မွေးထုတ်ပေးခဲ့သည့် အသက်၇၆နှစ်အရွယ် တေးသံရှင် စည်သူဒေါ်ထားတို့၏ ဆိုပေါက်များကိုလည်း ငယ်မူဟန်များနှင့်မခြားခံစားလိုက်မိသည်။

တက္ကသိုလ်ကျောင်းက ငွေလမင်းဟူသည့် တေးသီချင်း၏ခေါင်းစဉ်ကို ကြေညာလိုက်သည်နှင့်ပရိသတ်များ၏ လက်ခုပ်သံကိုရလိုက်သော တေးသံရှင်ချိုပြုံး(မချို)ကို အများကရုပ်ရှင်မင်းသမီးထက်အဆိုတော်အဖြစ် ပို၍ချစ်ခင်လေးစားကြ၏။ ပရိသတ်ရှေ့သို့အရောက်နည်းပြီး ရုပ်ရှင်ကြည့်ပရိသတ်များ၏ ရင်ထဲစွဲငြိအောင် ရုပ်ရှင်တေးပေါင်းများစွာ နောက်ခံဆိုပေးခဲ့သည့် တေးသံရှင်မောင်သိန်းဝင်း၏ တစ်မူထူးသောဆိုဟန်ဖြင့် မျက်လုံးချင်းစကားပြောနေသည် တေးသီချင်းကိုလည်း နားဆင်လိုက်ရသည်။ရုပ်ရှင်နှင့် ဗီဒီယိုမင်းသားကြီးဖြစ်သူ သုမောင်သည်အဆိုဘက်တွင် အားကောင်းသလို ယခုသားဖြစ်သူ ဖိုးသောကြာကိုလည်း ပရိသတ်ကအဆိုတော်အဖြစ် ပို၍လက်ခံကြသည်။စတင်သီဆိုစဉ်ကထက် ပွဲပေါင်းများစွာသီဆိုလာခဲ့သည့်နှင့်အမျှရင့်ကျက်လာပြီး ကောင်းသည်ထက် ကောင်းလာသည်ကို တွေ့ရသည်။

ဂီတအစည်းအရုံးဥက္ကဋ္ဌဖြစ်သူ တေးသံရှင် တင်ဦးလေးသည် အဆိုပညာကို ဝါသနာပါလှသည့်အလျောက် ရုံးအလုပ်အားသည်နှင့် ပွဲတိုင်းမပြေင်းဘဲ လိုက်၍လိုက်၍ဆိုနေသည်ကို မြင်တွေ့နေရသဖြင့် စာရေးသူပင်လျှင် ၎င်းကိုကြည့်ပြီး အားတက်မိသည်။ ယခုကဲ့သို့ မြန်မာ့တပ်မတော်မှဂန္ထဝင်အနုပညာရှင်ကြီးများကို အလေးထားပွဲထုတ်လိုက်ခြင်းသည် ၎င်းတို့အတွက်အားဆေးတစ်ခွက်ဟု မြင်မိသည်။အဆုံးသတ်ဆိုရပါမူ ယခုကဲ့သို့ နောင်လာမည့်ပွဲကြီးများတွင်လည်း တပ်မတော်အကြီးအကဲများနှင့် အနုပညာရှင်ကြီးများသည် တစ်ဦးမလျော့ ဦးမော့မော့နှင့် မြူးမြူးကြော့ကြော့ ပြန်လည်တွေ့ဆုံနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။ ။

➤ ➤ ➤

# ကျိုက်ထိုမြို့နယ်တွင် လမ်းမြေဖို့ရန်မြေတူးရာမှ ခွက်ပုံသဏ္ဌာန် ရွှေဟောင်းရွှေပြား ၃၉၀ အလေးချိန်တစ်ပိဿာကျော် တူးဖော်ရရှိ



**ကျိုက်ထို မတ် ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် မတ် ၁၇ရက်က လမ်းမြေဖို့ရန်မြေတူးရာမှ ခွက်ပုံသဏ္ဌာန် ရွှေဟောင်းရွှေပြားများ အလေးချိန်တစ်ပိဿာကျော် တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

ကျိုက္ကသာကျေးရွာနေ ဦးထွန်းရီသည် ၎င်းပိုင်ခြံကိုလမ်းမြေဖို့ရန် အတွက်ပေးလှူခဲ့ပြီး ဘက်ဟိုးဖြင့် မြေတူးနေစဉ် အချင်းနှစ်လက်မခန့်ရှိ ခွက်ပုံသဏ္ဌာန်ရွှေပြား ၃၉၀ အလေးချိန် တစ်ပိဿာ ၁၀ကျပ်သားခန့် တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်ကဘတ်ဂျက်ရလို့ ကျေးရွာလမ်းကို ခင်းတယ်။ အဲဒီမှာ လမ်းခင်းပြီးတော့ လမ်းပခုံးသား မြေဖို့ဖို့အတွက် မြေကိုတူးဖော်ဖို့လှူတယ်။ အဲဒီမှာမြေကို ဘက်ဟိုးနဲ့တူးနေတဲ့အချိန်မှာ မြေအနက်လေးပေလောက်မှာ တူးဖော်တွေ့ရှိတာ ရွှေသားအစစ်တွေပါ။ လက်ရှိအချိန်ထိတော့ ပစ္စည်းတွေကို ထိန်းသိမ်းထားပါတယ်။ ရှေးဟောင်းသုတေသနအဖွဲ့ကိုအပ်ဖို့ဆိုတာက ကာလပေါက်ဈေးထက် ပိုပေးရင်တော့ အပ်မှာပါ။ ဒီကရတဲ့ပစ္စည်းကို ရောင်းချပြီးရင် ရွာကသူတွေကို ရဟန်းခံပေးဖို့ စီစဉ်နေတယ်။ ကျေးရွာကဘုရားကိုလဲ ပြုပြင်ပေးဖို့ စီစဉ်နေပါတယ်"ဟု ဦးထွန်းရီ၏ သားဖြစ်သူ ကိုဇာနည်ကပြောပြသည်။

ရှေးဟောင်းရွှေပြားများ တူးဖော်ရရှိသည်ဟု သတင်းအရ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ရွှေအကြောင်းနားလည်သူ ရွှေပန်းတိမ်ဆရာများနှင့် ထပ်မံစစ်ဆေးခဲ့ရာ ရွှေဖြစ်ကြောင်း အတည်ပြုချက်ရသဖြင့် တွေ့ရှိသည့်ရွှေများကို ရှေးဟောင်းသုတေသနအဖွဲ့ထံ အပ်နှံရေး ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ MMK

# ပြဟ္မစိုရ်လူမှုကူညီရေးအသင်း၌ နွေရာသီ အခမဲ့ပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေး

**မန္တလေး မတ် ၁၈**

မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းဝန်းအတွင်း၌ နွေရာသီပန်းချီသင်တန်းဖွင့်လှစ်၍ အခြေခံပညာမူလတန်းမှ အထက်တန်းအဆင့်ရှိ ကျောင်းသူကျောင်းသားများကို ပန်းချီပညာရပ်ကို အခမဲ့သင်ကြားပေးလျက်ရှိကြောင်း ပန်းချီသင်တန်းဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်သူ ကိုထွန်းထွန်းက ပြောပြသည်။

အဆိုပါ နွေရာသီအခမဲ့ပန်းချီသင်တန်းကို မတ်၁၁ရက်မှ စတင်၍ အတန်းနှစ်တန်းခွဲကာ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ၁၁နာရီထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မေလကုန်ထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောပြသည်။

"ကလေးတွေက ကျောင်းစာတွေနဲ့ မွန်းကျပ်နေတာ။ဒီလိုပန်းချီဆွဲပြီး စိတ်ထွက်ပေါက်ရအောင် လုပ်ပေးတာပါ။ ပန်းချီသင်တန်းဆိုတော့ လက်တွေ့လဲဆန်တယ်။ သူတို့ကိုယ်တိုင်လဲ ပန်းချီဆွဲရတော့ ပျော်ရွှင်ကျတယ်။ ပန်းချီပညာရပ်ကို အခြေခံလဲရသွားမယ်" ဟု ၎င်းကဆက်လက်ပြောပြသည်။

ထိုသို့ နွေရာသီတွင် အခမဲ့ ပန်းချီသင်တန်းဖွင့်လှစ်၍ သင်ကြားပေးမှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုပန်းချီသင်တန်းတွင် ပန်းချီဆရာ၊ ပန်းချီဆရာမ လေးဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျောင်းမှာသင်တဲ့ ဘာသာရပ်တွေမှာပုံဆွဲတဲ့ဟာတွေပါတယ်။ အဲဒီအရာအတွက် သင်ကြားမှု၊ သင်ယူမှုအနေနဲ့ သူတို့အတွက် အထောက်အကူဖြစ်အောင် ခဲ အခြေခံလေးတွေ၊ ပုံသဏ္ဌာန်လေးတွေကစပြီးတော့သူတို့တွေအတွက် အထောက်အကူဖြစ်မယ့် ဟာတွေ အဓိကရွေးပြီး သင်ကြားပေးပါတယ်"ဟု ပန်းချီဆရာ ကိုကျော်မင်းဝင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေရာသီအခမဲ့ပန်းချီသင်တန်းတွင် ပန်းချီပညာရပ် လာရောက်သင်ကြားကြသည့် ကျောင်းသား၊ကျောင်းသူ ဦးရေ၈၀ ခန့်ရှိပြီး ယခုနှစ်နွေရာသီ အခမဲ့ပန်းချီသင်တန်းတွင် လာရောက်သင်ကြားကြသည့် ကျောင်းသား၊ ကျောင်းသူဦးရေ၁၃၀ခန့်ရှိကြောင်း သိရသည်။

(၁၉၉)

# လာမည့်ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိရေး ငွေကျပ်သန်း ၂၆၀၀၀ကျော် အသုံးပြုမည်

**နေပြည်တော် မတ် ၁၈**

လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လျှပ်စစ်မီးပြည့်ဝစွာရရှိရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ခန့်မှန်းငွေကျပ် ၂၆၇၀၉ ဒသမ ၇၄၃ သန်းကို လျာထားကာ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လာမည့်ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်း ၆၆ ကေဗွီဓာတ်အားခွဲရုံ သုံးရုံ၊ ၆၆ ကေဗွီ Switch Bay သုံးစုံ၊ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၆ ဒသမ ၅ မိုင်၊ ၃၃ ကေဗွီဓာတ်အားလိုင်း ခုနစ်မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၃ မိုင်တို့ကို တိုးချဲ့လုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အစားထိုးနှင့် အင်အားတိုးလုပ်ငန်းများအဖြစ် ၆၆ ကေဗွီဓာတ်အားခွဲရုံငါးရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ ၁၀ ရုံ၊ ၆၆ ကေဗွီ Switch Bay တစ်စုံ၊ ၃၃ ကေဗွီ Switch Bay ရှစ်စုံနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၆၄ ဒသမ ၁၃ မိုင်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ယူကြီးကြပ်ကာ ၁၁ ကေဗွီဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်းနှင့် ၁၁/သုည ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ပုံငွေစုစုပေါင်းခန့်မှန်းငွေကျပ် သန်းတစ်သိန်းကျော်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၃)

➤ ➤ ➤

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily


# $H_7N_9$ နှင့် ကြက်ဥ၊ ကြက်သားပြဿနာ

မျိုးသူရ(စစ်ကိုင်း)

"ဈေးကပြန်လာတာလား ဒေါ်ဝိုင်းကြည်။ လာချို့လား။ ဒီမှာထိုင်ပါအုံး။ ကျန်းမာရေးအခြေအနေကော ကောင်းသွားပြီလား။"

ဈေးခြင်းတောင်းတစ်ဖက်၊ ကြွပ်ကြွပ်အိတ်အနက်ကြီးကို လက်တစ်ဖက်မှာဆွဲရင်း ဒေါ်ဝိုင်းကြည်ရောက်လာသည်။

"ဈေးက ပြန်လာတာမဟုတ်ဘူး ဆရာမျိုးရဲ့။ အခုမှ ဈေးကိုသွားရမှာ။"

"ဒါဖြင့် ခင်ဗျားလက်ထဲက အိတ်ကြီးက ဘာတွေတုန်း။"

"ကြက်ဥတွေလေ သွားရင်းလာရင်း ရတနာပုံတံတားအဆင်းမှာ ဆိုင်ကယ်တစ်စီးနဲ့ ကြက်ဥရောင်းနေတာတွေ့လို့ဝယ်ခဲ့တာ။ တန်မှတန်လို့ပြောရမှာပဲ။ ငွေကျပ် ၁၀၀၀ဖိုးကို ကြက်ဥ ၁၈လုံးရတယ်။"

"ဘယ်က လာရောင်းတာလဲ။"

"တံတားအဆင်းမှာ တွေ့တာဆိုတော့ မန္တလေးဘက်ကလာတာဖြစ်မှာပါ။ အတိအကျတော့ မပြောနိုင်ဘူးလေ။"

"ကြက်ဥတင်လား၊ ကြက်သားရောမပါဘူးလား။"

"ပါတယ်၊ ပါတယ်။ ဆိုင်ကယ်နောက်က ရေခဲပုံးထဲက ကြက်ပေါင်တွေ ထုတ်ရောင်းနေတာတွေ့တယ်။"

"ဘယ်ဈေးလဲတော့မသိဘူး။ ဈေးသက်သာပုံရတယ်။ ဝယ်တဲ့လူတွေ အုန်းအုန်းခဲလို့။ ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ ရင်ပုံသားလေးတွေ၊ အမြစ်အသည်းတွေ၊ ကြက်ခေါင်း၊ ကြက်ရိုးနဲ့ ဆီဘူးထုပ်တွေလဲမြင်ခဲ့တယ်။"

"အဲဒါမှ တကယ့် ပြဿနာဗျ။"

"ဘာဖြစ်လို့လဲ စာရေးဆရာရဲ့။"

"ဘာဖြစ်ရမှာလဲ ဒေါ်ဝိုင်းကြည်၊ တရုတ်နိုင်ငံယူနန်ပြည်နယ်ဘက်မှာ ကြက်ငှက်တုပ်ကွေးရောဂါတွေ ဖြစ်နေတဲ့သတင်း မကြားမိဘူးလား။

"ယူနန်နဲ့ ကျုပ်တို့စစ်ကိုင်းက အဝေးကြီးပါ ဆရာမျိုးရယ်။"

"ခရီးကဝေးပေမယ့် ရောဂါကူးစက်တာက မြန်တယ် ဒေါ်ဝိုင်းကြည်ရဲ့။ အခုပဲကြည့်လေ ဈေးသက်သာတယ်ဆိုပြီး ဝယ်လာခဲ့တဲ့ အဲဒီအိတ်ကြီးထဲက ကြက်ဥတွေထဲမှာ တရုတ်နိုင်ငံက ကြက်ငှက်တုပ်ကွေးရောဂါပါလာတဲ့ ကြက်ဥဘယ်နှလုံးရှိမလဲ"။

"ဘယ်သိပါ့မလဲဆရာမျိုးရယ်"။

"မသိဘူးဆိုလို့ မရဘူးဒေါ်ဝိုင်းကြည်။ ကြက်ငှက်တုပ်ကွေးက သိသိ၊မသိသိကူးစက်လွယ်တယ်ဗျ"။

"မြိမ်းခြောက်လှပါ့လားဆရာရယ်။ နားလည်အောင်တော့ နည်းနည်းပါးပါးရှင်းပြစမ်းပါအုံး"။

"ဆောရီးပါ ဒေါ်ဝိုင်းကြည်၊ ကျွန်တော်စကားပြောတာလောသွားတယ်။ စိုးရိမ်လွန်သွားလို့ပါ။ ဒီလိုဗျ ကြက်ငှက်တုပ်ကွေးရောဂါဆိုတာ ကြက်၊ ဘဲ၊ ငုံးငှက်မျိုးစုံကတစ်ဆင့် လူကိုကူးစက်တတ်တဲ့ရောဂါတစ်မျိုးဗျ။ ဒေါ်ဝိုင်းကြည်တုပ်ကွေးဖြစ်ဖူးလား"။

"ဖြစ်ဖူးတာပေါ့။ တစ်ကိုယ်လုံးကိုက်ခဲပြီးဖျားတာ။ ခေါင်းတွေအုံ၊ အရိုးအဆစ်တွေကိုက်၊ မစားနိုင်၊ မသောက်နိုင်၊ အော့အန်၊ ချမ်းတုန်၊ အို. . . စုံလို့ပါပဲ။ တုပ်ကွေးဖြစ်လို့ကတော့ လူကို ချုံးချုံးကျပြီး အားပြတ်အင်ပြတ် နုံးခွေချိသွားတာ ဆရာမျိုးရဲ့"။

"ခင်ဗျားဖြစ်ဖူးတဲ့ အဲဒီတုပ်ကွေးရောဂါထက် အခုတရုတ်နယ်စပ်မှာဖြစ်နေတဲ့ $H_7N_9$ဆိုတဲ့ ကြက်ငှက်တုပ်ကွေးက ပိုဆိုးတယ်"။

"ဘာဖြစ်လို့"။

"ဟိုတစ်ချိန်တုန်းက ဖြစ်ခဲ့ဖူးတဲ့ $H_5N_1$၊ $H_5N_2$၊ $H_5N_6$ ဆိုတဲ့ ကြက်တုပ်ကွေးရောဂါတွေက လူကို မကူးစက်ခင် ကြက်တွေမှာအရင်ဖြစ်တာ၊ ကြက်တွေ တဖြုတ်ဖြုတ်နဲ့သေတာ၊ ကြက်အမောက်တွေပြာလာတာစသဖြင့် ရောဂါလက္ခဏာကို ကြိုမြင်ရတော့ကြိုတင်ကာကွယ်ဖို့အချိန်ရတယ်။ အခုဖြစ်နေတဲ့ $H_7N_9$ က ကြက်တွေမှာ ရောဂါလက္ခဏာမတွေ့ရဘဲ သူတို့နဲ့ထိတွေ့မိတဲ့ လူတွေကို ကူးစက်တာ။ အလွန်အန္တရာယ်များပြီး ကပ်ရောဂါလိုဖြစ်မှာတောင် စိုးရိမ်ရတယ်လို့ ပြောတယ်"။

"ကြောက်စရာပါလား. . . ရှင်ရယ်"။

"တကယ့်ကိုကြောက်စရာပေါ့ဗျာ။ ပိုပြီးကြောက်စရာကောင်းတာက အခုတရုတ်နယ်စပ်မှာဖြစ်နေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ($H_7N_9$)ဗိုင်းရပ်စ်ပိုးက ပြင်းထန်ပြီးတော့ လူကိုကူးစက်ခံရရင် တစ်ပတ်အတွင်း အသက်သေဆုံးတဲ့ထိ ထိခိုက်နိုင်သတဲ့။ **ခက်တာက $H_7N_9$ ဖြစ်နေတဲ့ ကြက်ကဘာမှမဖြစ်ဘဲ အဲဒီကြက်ရဲ့ အသား၊အသွေးနဲ့ထိမိ၊တွေ့မိတဲ့ လူကိုလာပြီးရောဂါကူးတာတဲ့ဗျ။ အဲဒီ ဗိုင်းရပ်စ်ကြောင့် အပြင်းစားတုပ်ကွေးနဲ့ ပြင်းထန်တဲ့အဆုတ်ရောင်ရောဂါ၊ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါတွေ အမြန်ဆုံးဖြစ်၊ အများဆုံးဖြစ်တတ်သတဲ့။"**

"ဒါဖြင့်ရင် သူတို့ကြက်ဥနဲ့ ကျုပ်တို့ကြက်ဥ ဘယ်လိုခွဲရမှာလဲ။"

"ပြောရရင်တော့ စီးပွားရေးသမားဆိုတာက ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သူတွေများတယ်၊ ဟိုဘက်နိုင်ငံမှာ ကြက်မွေးတယ်ဆိုတာက သိန်းသောင်းချီပြီးမွေးကြတာ၊ အဲဒီကြက်တွေ၊ကြက်ဥတွေကို ရောဂါမကူးစက်ခင် သတ်ဖြတ်ဖျက်ဆီးရမယ်ဆိုတော့ ရသမျှငွေလေးတော့ ပြန်ယူချင်ကြတဲ့ မွေးမြူရေးသမားနဲ့ ကုန်သည်တွေ နည်းမျိုးစုံသုံး၊ ရသမျှဈေးနဲ့ ငွေပေါ်အောင် ရောင်းကြတော့တာပေါ့၊ အဲဒါကြောင့်လဲ ငွေကျပ် ၁၀၀၀ဖိုးကို ကြက်ဥ ၁၈လုံးထိဖြစ်နေတာ ဒေါ်ဝိုင်းကြည်ရဲ့၊ ဈေးသက်သာတာသဘောကျတဲ့ ကျုပ်တို့နိုင်ငံသားတွေအတွက်တော့ ရောဂါဆိုးတွေ ငွေနဲ့စက်ဝယ်ရသလိုဖြစ်နေတော့တာပေါ့။"

"မသိလို့မေးချင်သေးတယ်။အဲဒီအေးခဲကြက်သားတွေ၊ ကြက်ဥတွေကို ဘယ်ကုမ္ပဏီကြီးတွေက တင်သွင်းရောင်းချခွင့်ရထားတာလဲ ဆရာမျိုးရဲ့။"

"သက်ဆိုင်တဲ့ သူတွေပြောတာကတော့ အခုချိန်ထိ အေးခဲကြက်သားနဲ့ကြက်ဥတွေ တင်သွင်းဖို့ ဘယ်သူ့ကိုမှ တရားဝင်ခွင့်ပြုတာမရှိဘူးတဲ့။"

"ဒါဖြင့် အခု ကျုပ်တို့ဝယ်စားနေတဲ့ ကြက်သား၊ ကြက်ဥတွေက တရားမဝင်လမ်းကြောင်းကလာတာပေါ့။"

"ခင်ဗျားပဲ စဉ်းစားကြည့်လေ။ ကျုပ်တို့ဆီက မွေးမြူရေးသမားတွေ ကြက်ဥတစ်လုံးရဲ့ ကုန်ကျစရိတ် ငွေကျပ် ၉၀နဲ့ ၁၀၀ကြားရှိသတဲ့၊ ဘယ်လိုလုပ်ပြီး ငွေကျပ် ၁၀၀၀ဖိုးကိုကြက်ဥ ၁၈လုံးနဲ့ ရောင်းနိုင်ပါ့မလဲ။

"ဒါဖြင့် ကျုပ်ဝယ်လာတဲ့ကြက်ဥတွေက"။

"သေချာတာပေါ့ ဒေါ်ဝိုင်းကြည်ရယ်။ တစ်နည်းတစ်လမ်းနဲ့ဟိုဘက်က ဝင်လာတဲ့ကြက်ဥတွေဖြစ်ဖို့များတယ်။ ဈေးသည်တွေပြောတာကတော့ တရုတ်ကြက်ဥက အလုံးကြီးပြီး အလေးချိန်ပေါ့သတဲ့၊ မြန်မာကြက်ဥကတော့ တရုတ်ကြက်ဥလောက် အလုံးမကြီးပေမယ့် အချိန်စီးသတဲ့ဗျ။"

"အဲဒီကြက်ငှက်တုပ်ကွေးရောဂါဖြစ်တာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ ပြောပြစမ်းပါအုံးဆရာရယ်"။

**"တရုတ်နိုင်ငံမှာ ၂၀၁၆ခုနှစ်ကတည်းက ကြက်ငှက်တုပ်ကွေးဒဏ် ပြင်းပြင်းထန်ထန်ခံခဲ့ရတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သုတေသနပြုချက်အရ ၂၀၁၆ခုနှစ်က တရုတ်နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရတဲ့လူပေါင်း ၄၂၅ယောက်ရှိသတဲ့ဗျာ။ အဲဒီထဲက ၇၃ယောက်သေခဲ့ရတယ်။ ဂွမ်ဒေါင်ပြည်နယ်မှာ $H_7N_9$ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရလို့ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၉ရက်ကနေ ဖေဖော်ဝါရီ ၁၄ရက်နေ့ထိ လူပေါင်း ၃၀၄ယောက် ကူးစက်ခံရပြီး သေဆုံးသူ ၃၆ယောက်ရှိနေပြီလို့ CNA(Channel News Asia) က သတင်းထုတ်ပြန်ထားတယ်"။**

"ဒါဖြင့် ကျုပ်တို့နိုင်ငံမှာရော အဲဒီဗိုင်းရပ်စ်တွေများရောက်နေပြီလားမသိဘူးနော်"။

"ဘယ်ပြောနိုင်ပါ့မလဲ ဒေါ်ဝိုင်းကြည်ရယ်၊ အခုပဲကြည့်လေ။ **ခင်ဗျားဝယ်လာတဲ့ကြက်ဥတွေထဲက တစ်ဆင့် ကျွန်တော့်အိမ်ခန်းထဲမှာ $H_7N_9$ ဗိုင်းရပ်စ်တွေ ရောက်ချင်ရောက်လာနိုင်တာပဲ"**။

"ဘုရား. . . ဘုရား. . . လွဲပါစေ၊ ဖယ်ပါစေ။ ကျက်သရေမရှိတဲ့စကားမပြောစမ်းပါနဲ့ ဆရာမျိုးရယ်"။

"မကြောက်ပါနဲ့ ဒေါ်ဝိုင်းကြည်ရဲ့၊ ကျုပ်တို့နိုင်ငံထဲကို ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေရောက်ခဲ့တာ ကြာပါပြီဗျ။ **ဟိုလွန်ခဲ့တဲ့ ၂၀၀၆ခုနှစ်နောက်ပိုင်းမှာ ကြက်ငှက်တုပ်ကွေးဖြစ်ခဲ့တာ ရှစ်ကြိမ်ရှိသွားပြီ။ အဲဒီထဲက ၂၀၁၆ခုနှစ် ဧပြီလထဲမှာဖြစ်ခဲ့တဲ့ကြက်ငှက်တုပ်ကွေးကတော့ တော်တော်ပြင်းသဗျ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးထဲက မုံရွာမှာ အထိနာဆုံးပဲဗျို့။ အဲဒီတုန်းက $H_5N_1$ ဗိုင်းရပ်စ်နဲ့ $H_9N_2$ ဗိုင်းရပ်စ် နှစ်မျိုးပေါင်းပြီး နှိပ်စက်လိုက်တာ မုံရွာကြက်မွေးမြူရေးခုန်မှာ ကြက်ကောင်ရေ ၈၈၀၀၀ ကျော် သတ်ဖြတ်ခဲ့ရတယ်။ ငွေကျပ် သန်း ၆၆၀ လောက် နစ်နာဆုံးရှုံးခဲ့ကြရတယ်။** မုံရွာက ကြက်မွေးမြူရေးသမားတွေ ခုထိစီးပွားရေးနာလန်မထူနိုင်ကြသေးဘူးဗျ"။

"နေပါအုံး စာရေးဆရာရဲ့၊ အဲဒီကြက်ငှက်တုပ်ကွေးဆိုတဲ့ရောဂါကြီးက ကျုပ်တို့နိုင်ငံတွေမှာပဲဖြစ်တာလား၊ တခြားနိုင်ငံတွေမှာရော ဖြစ်တာမရှိဘူးလား"။

**"တကယ်တော့ ကြက်ငှက်တုပ်ကွေးရောဂါကို ၁၉၉၆ခုနှစ်၊ ၁၉၉၇ခုနှစ်လောက်မှာစပြီး တွေ့ခဲ့ကြတာဗျ။ တရုတ်နိုင်ငံမှာ ၁၉၉၇ခုနှစ်ကစပြီး $H_5N_1$ အပြင်းစားဗိုင်းရပ်စ်ကူးစက်တာကို ကြက်၊ ဘဲမွေးမြူရေးခြံတွေနဲ့ ကြက်၊ ဘဲဈေးတွေမှာ စပြီးတွေ့ခဲ့ရတယ်။ ကြက်ငှက်တုပ်ကွေးရောဂါမှာ အပြင်းစားနဲ့ အပျော့စားဆိုပြီး နှစ်မျိုးတွေ့ရတယ်။ $H_5N_1$ ဆိုတာက အပြင်းစားအမျိုးအစားပေါ့။ အပြင်းစားဖြစ်ရင် ကြက်တွေ သေဆုံးမှုများတာတွေ့ရတယ်။ $H_5N_2$၊ $H_5N_6$၊ $H_5N_8$၊ $H_{10}N_8$ဆိုတဲ့ဗိုင်းရပ်စ်အမျိုးအစားတွေကလဲ ကြက်သေဆုံးတာအများဆုံးဖြစ်နိုင်သတဲ့။ အပျော့စားကြက်ငှက်တုပ်ကွေးကတော့ ကြက်သေဆုံးတာမများပေမယ့် လူကိုကူးစက်တာအလွန်မြန်တယ်လို့ ပြောကြတယ်။ $H_7N_9$၊ $H_9N_2$ဗိုင်းရပ်စ်က အပျော့စားထဲမှာပါတယ်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ $H_7N_9$က အပျော့စားကနေ အပြင်းစားမျိုးရိုးဗီဇကို ပြောင်းသွားတာတွေ့ရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတယ်။** ၂၀၁၃ခုနှစ်ကစပြီးတွေ့ခဲ့တဲ့ $H_7N_9$ လို့ခေါ်တဲ့ အပျော့စားကြက်ငှက်တုပ်ကွေးရောဂါဟာ လူသားတွေကို ကူးစက်လာတာတွေ့ရပါတယ်၊ **မလေးရှား၊ တရုတ်(တိုင်ပေ)၊ ကနေဒါနိုင်ငံတွေမှာ $H_7N_9$ဗိုင်းရပ်စ်က လူတွေကိုကူးစက်လာတာ တွေ့ခဲ့ရတယ်ဗျ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ မှတ်တမ်းတွေအရ ကမ္ဘာပေါ်မှာ $H_7N_9$ ရောဂါလှိုင်းကျရောက်ခဲ့တာ ငါးကြိမ်တောင်ရှိခဲ့သတဲ့။ လူကိုကူးစက်တဲ့အကြိမ်ပေါင်း ၁၂၃၀ရှိခဲ့ပြီး လူ ၄၂၈ယောက်သေဆုံးခဲ့ရတယ်လို့ ထုတ်ပြန်ထားတာတွေ့ရတယ်"။**

"ကတ်သီးကတ်သတ်မေးတယ်လို့တော့ မထင်နဲ့နော်။ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ရှိမရှိ ကျုပ်တို့က ဘယ်လိုလုပ်သိနိုင်မှာလဲ"။

"ခင်ဗျားမေးလဲ မေးချင်စရာပဲ၊ အခုဖြစ်နေတယ်ဆိုတဲ့ **$H_7N_9$ ဆိုတာက သာမန်မျက်စိ၊ သာမန်မှန်ဘီလူးနဲ့မမြင်ရဘူး။ အထူးကြည့်မှန်ဘီလူးမျိုးမှ မြင်ရသတဲ့။ အခုလောလောဆယ်တော့ $H_7N_9$ စစ်ဆေးနိုင်တဲ့ ဓာတ်ခွဲခန်းသုံးခန်းပဲ ရှိသေးတယ်။ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာပဲ စစ်ဆေးလို့ရနိုင်သတဲ့"**။

"အဲဒီလိုဆိုတော့ ကျုပ်တို့က ဘယ်လိုကာကွယ်ကြရမှာလဲ"

"သိပ်လဲမစိုးရိမ်ပါနဲ့အုံး ဒေါ်ဝိုင်းကြည်ရယ်၊ အခုအချိန်ထိတော့ မြန်မာနိုင်ငံထဲမှာ $H_7N_9$ကြက်ငှက်တုပ်ကွေးဖြစ်တဲ့သူတစ်ယောက်မှမရှိသေးဘူးလို့ ပြောတာပဲ၊ နယ်စပ်ဒေသတွေမှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေပူးတွဲပြီး ရောဂါစောင့်ကြည့်စစ်ဆေးရေးဂိတ်တွေမှာ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ထွက်ပစ္စည်းတွေကို နိုင်ငံထဲအသွင်းမခံဘဲ သိမ်းဆည်းဖျက်ဆီးတာတွေ လုပ်နေကြတယ်၊ တရားမဝင်တင်သွင်းလာတဲ့ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေကိုလဲ စစ်ဆေးသိမ်းဆည်းနေတယ်လို့ သတင်းကြားရတယ်ဗျ၊ အထူးသဖြင့်တော့ ကချင်ပြည်နယ်က ကန်ပိုက်တီး၊ လွယ်ဂျယ်၊ ဗန်းမော်၊ မူဆယ်စတဲ့နယ်စပ်ဝင်ပေါက်မြို့တွေမှာ ပိုပြီးတင်းတင်းကျပ်ကျပ်နဲ့ ပိတ်ဆို့တားဆီးနေကြပြီ။ အခုဟာက တရားဝင်လမ်းကြောင်းကမဟုတ်ဘဲ တရားမဝင်ခိုးသွင်းလာတဲ့ ကြက်သားနဲ့ ကြက်ဥတွေ ဘယ်လောက်များရောက်နေပြီလဲ တွေးမိရင် စိတ်မောရတယ် ဒေါ်ဝိုင်းကြည်ရေ"။

"ကြက်သားကို ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီး စပ်စပ်နဲ့ ဆီပြန်နေအောင်ချက်လိုက်လို့ကတော့ $H_7N_9$ ဆိုတဲ့ ကြက်ငှက်တုပ်ကွေးကြီး ပိုးလိုးပက်လက်လန်သွားမယ်ထင်တယ်၊ ဘယ့်နှယ်လဲ"။

"သူမလန်ဘဲ ကိုယ်လန်မှာစိုးရတာဗျ"။

"စကားပြောလို့တော့ ကောင်းပါရဲ့၊ ဈေးဝင်ရအုံးမှာ သွားလိုက်အုံးမယ်ဆရာမျိုးရေ"။ ကြက်ဥအိတ်နှင့် ခြင်းတောင်းကိုလက်မှာဆွဲရင်း ဒေါ်ဝိုင်းကြည် ထိုင်ရာမှ ထသွားတော့သည်။

❖ "ပြောရရင်တော့ စီးပွားရေးသမားဆိုတာက ဘယ်သူသေသေ ငတေမာ ပြီးရောဆိုတဲ့ သူတွေများတယ်။ ဟိုဘက်နိုင်ငံမှာ ကြက်မွေးတယ်ဆိုတာက သိန်းသောင်းချီပြီး မွေးကြတာ။ အဲဒီကြက်တွေ၊ ကြက်ဥတွေကို ရောဂါမကူးစက်ခင် သတ်ဖြတ်ဖျက်ဆီးရမယ်ဆိုတော့ ရသမျှငွေလေးတော့ ပြန်ယူချင်ကြတဲ့ မွေးမြူ ရေးသမားနဲ့ ကုန်သည်တွေ နည်းမျိုးစုံသုံး၊ ရသမျှဈေးနဲ့ ငွေပေါ်အောင် ရောင်းကြတော့ ပေါ့။ အဲဒါကြောင့်လဲ ငွေကျပ်၁၀၀၀ဖိုးကို ကြက်ဥ ၁၈လုံးထိဖြစ်နေတာ ဒေါ်ဝိုင်းကြည်ရဲ့။ ဈေးသက်သာတာသဘောကျတဲ့ ကျုပ်တို့နိုင်ငံသားတွေအတွက်တော့ ရောဂါဆိုးတွေ ငွေနဲ့စက်ဝယ်ရသလိုဖြစ်နေတော့တာပေါ့။" ❖

www.facebook.com/themyawadydaily

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂) ကြိမ် မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး



မန္တလေး မတ် ၁၈

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီ မိနစ်၃၀က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဦးစိုးသိန်းက တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တရားသူကြီးများနှင့်တရားရေးအရာရှိများအနေဖြင့် အဂတိတရားလေးပါးကင်းရှင်းရန်၊ အမှုများကို ဥပဒေနှင့်အညီ မြန်မြန်နှင့်မှန်ကန်မျှတစွာ စစ်ဆေးစီရင်ရန်၊ အများပြည်သူနှင့်ဆက်ဆံရာတွင် သိမ်မွေ့ညင်သာစွာ ဆက်ဆံကြရန်နှင့် ပြည်သူအများယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးစိုးသိန်း၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၁၅၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၁၂)

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်း ရောင်းချရန် ဈေးကွက်ချိတ်ဆက်မှုခက်ခဲနေ

ရန်ကုန် မတ် ၁၈

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းရောင်းချနိုင်ရန် ဈေးကွက်ချိတ်ဆက်မှုအပိုင်းတွင် အခက်အခဲများရှိနေကြောင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံများထံမှ သိရသည်။

"ဈေးကွက်ချိတ်ဆက်တဲ့အချိန်မှာ အခက်အခဲရှိတယ်။ တောထဲမှာပဲနေတော့ ကုန်သည်ကြီးတွေ၊ ဈေးကွက်ကြီးတွေနဲ့ ချိတ်ဆက်နိုင်မှုမရှိပါဘူး။ အဲဒီတော့ ဈေးကွက်ချိတ်ဆက်ပေးဖို့ တစ်ဆင့်ခံလုပ်ရတာပါ။ ဈေးကွက်နဲ့တောင်သူ တိုက်ရိုက်ချိတ်ဆက်တဲ့စနစ်မျိုး လိုချင်ပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

သစ်တောအသုံးပြုသည့်အဖွဲ့များမှ တစ်ဆင့် ဈေးကွက်သို့ ထုတ်ကုန်များပီပီပြင်ပြင်ရောင်းနိုင်ရန် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်မှုလိုအပ်ပြီး ဈေးကွက်စီးပွားရေးကိုအခြေခံ၍ လုပ်သဖြင့် ဒေသခံပြည်သူလူထုထံမှ သစ်တောထွက်ပစ္စည်းများကို ပြန်လည်ဝယ်ယူ ဖြန့်ဖြူးမည်ဆိုပါက အောင်မြင်မည်ဖြစ်ကြောင်းသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုနီက ပြောပြသည်။

သစ်တောဦးစီးဌာနအနေဖြင့် ဒေသခံများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကြား ဈေးကွက်လိုအပ်ချက်များကိုဆန်းစစ်ကာ ဈေးကွက်၏ အမှန်တကယ်လိုအပ်ချက်၊ ဒေသခံများ၏ ကုန်ကြမ်းထုတ်လုပ်နိုင်မှုကို ချိန်ဆနိုင်ပါက ဈေးကွက်အခက်အခဲသည် အတိုင်းအတာတစ်ခုထိလျော့နည်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ ဈေးကွက်အတွင်းပြန်လည်အသုံးချသည့်ထွက်ကုန်ပစ္စည်းများမှာထင်းအဖြစ်ရောင်းချခြင်း၊ ပရိဘောဂနှင့် သစ်တောများကြား စားပင်သီးပင်များ ထုတ်လုပ်ရောင်းချခြင်းတို့ဖြစ်ကြောင်း သိရသည်။

MMK

# မြန်မာ့စီးပွားရေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာသည့်စနစ် ယခုလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် မတ် ၁၈

မြန်မာ့စီးပွားရေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာသည့်စနစ် (Myanmar Enterprise Monitoring System - MEMS)ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ဒိန်းမတ်အစိုးရ တို့ပူးပေါင်း၍ ယခုလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာသည့်စနစ်တည်ထောင်ရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာသုတေသနမိတ်ဖက်အဖွဲ့အဖြစ် ဆောင်ရွက်မည့် (United Nations University World Institute for Development Economic Research - UNU WIDER) တို့ သဘောတူညီမှုရယူကာ ယခုနှစ် မတ်လမှ ၂၀၂၀ပြည့်နှစ်ထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ်များထဲတွင် မြန်မာနိုင်ငံအတွင်းရှိ အသေးစားအလတ်စားလုပ်ငန်းများကို စာရင်းကောက်ယူမှုများနှင့် အရည်အသွေးကောက်ယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း မှတ်ပုံတင်ထားသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းပေါင်း ၁၂၀၀၀၀ ကျော်ရှိပြီး မှတ်ပုံတင်ထားခြင်းမရှိသည့်လုပ်ငန်းများလည်းရှိကြောင်း၊ ၎င်းစီးပွားရေးလုပ်ငန်းများသည် မြန်မာ့စီးပွားရေးလုပ်ငန်းအတွက် အထောက်အကူပြုလျက်ရှိရာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် ကြုံတွေ့နေရသည့် ကန့်သတ်ချက်များကို လေ့လာဆန်းစစ်ရန် လိုအပ်သောကြောင့် ၂၀၁၇ခုနှစ်နှင့် ၂၀၁၉ခုနှစ်တို့တွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေအတွက် စစ်တမ်းနှစ်ခုကောက်ယူမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၁၈ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရည်အသွေးစစ်တမ်းနှစ်ခု ကောက်ယူသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

(၁၈၃)

➤ ➤ ➤

# မချမ်းဘောမြို့နယ်တွင် တန် ၂၀ ခံနိုင်ဝန်ရှိ ကြိုးတံတား ဖွင့်လှစ်

မချမ်းဘော မတ် ၁၈

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အတွင်း တန် ၂၀ခံနိုင်ဝန်ရှိ အရှည်ဆုံးကြိုးတံတားဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေး လမ်းတံတားများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့်တာဝန်ရှိသူတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါတံတားသည် ဘေလီကြိုးဆိုင်း အရှည်ပေ ၆၀၀နှင့်သံကူကွန်ကရစ်ကြိုးတံတားအရှည်ပေ ၂၄၀ စုစုပေါင်းတံတားအရှည်ပေ ၈၄၀၊ လမ်းအကျယ် ၁၃ပေ ကိုးလက်မနှင့် ခွင့်ပြုတန်ချိန် တန်၂၀ဖြစ်သန်းမောင်းနှင်နိုင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁)က တာဝန်ယူ၍ ငွေကျပ် သန်း ၄၇၅၀ အကုန်အကျခံ၍တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၃)

# ပြင်ဦးလွင်မြို့ရှိ နှစ်ရှည်ပျိုးပင်များကို ကော်ဖီခြံများမှအများဆုံးလာရောက်ဝယ်နေ

ပြင်ဦးလွင် မတ် ၁၈

ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် နှစ်ရှည်ပျိုးပင်များကို ကော်ဖီစိုက်တောင်သူများမှ အများဆုံးလာရောက်ဝယ်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့ရှိ နှစ်ရှည်ပျိုးပင်စိုက်ပျိုးရောင်းချသည့်ခြံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပြင်ဦးလွင်မြို့သည်တောင်ပေါ်ဒေသဖြစ်သည့်အပြင် ရေမြေတောတောင်သဘာဝအနေအထားအရ သစ်ပင်၊ ပန်းပင်များနှင့် နှစ်ရှည်ပင်ပျိုးပင်များ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်ပြီး ပျိုးပင်များနှင့် အခြားသီးနှံပင်များကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"အခုအချိန်မှာတော့ အရိပ်ရနေကာပင်ဖြစ်တဲ့ ခါတော်မီပင်ကို ကော်ဖီစိုက်တဲ့သူတွေ အများဆုံးလာရောက်ဝယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခါတော်မီပင်က အကိုင်းအတက်တွေ ထွက်လာရင် အရိပ်လဲရတယ်၊ နေကိုလဲ ကာကွယ်ပေးတယ်။ ဒါကြောင့် ကော်ဖီစိုက်တဲ့သူတွေက ကော်ဖီပင်တွေ အရိပ်ရအောင်ဆိုပြီး ကော်ဖီမစိုက်ခင်မှာ ဒီခါတော်မီအပင်ကို စိုက်ပါတယ်"ဟု ၎င်းက ပြောပြသည်။

ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့်နှစ်ရှည်ပျိုးပင်များကို ကော်ဖီခြံများမှ လာရောက်ဝယ်ယူသည့်အပြင် တရုတ်နိုင်ငံသားများမှာ စက္ကူပန်းပင်ကို အဓိကထား လာရောက်ဝယ်ယူနေကြကြောင်း၊ ထို့အတူ ကိုရီးယားနိုင်ငံသားများနှင့် ဟိုတယ်များမှာလည်း အလှပန်းပင်များ စိုက်ပျိုးရန်အတွက် ချယ်ရီပင်နှင့် အခြားအလှပန်းပင်များကို လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ပျိုးပင်များကို အပင်အမျိုးအစားများနှင့် အရွယ်အစားအလိုက် ဈေးနှုန်းများ သတ်မှတ်ကာရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ပျိုးပင်ခြံတွင် ပျိုးပင်အမျိုးပေါင်း ၂၀ကျော်စိုက်ပျိုးရောင်းချလျက်ရှိကြောင်း၊ ပျိုးပင်များမှာ ခရေပင်၊ ချယ်ရီပင်၊ ပန်းတရုတ်ပင်၊ စိန်ပန်းပင်၊ ဝါးပင်၊ စက္ကူပန်းစသည့်ပျိုးပင်များကို ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခုအနေအထားက ဒီမြို့မှာရှိတဲ့ နှစ်ရှည်ပင် အမျိုးအစားတစ်ခုဖြစ်တဲ့ ခါတော်မီပျိုးပင်တွေကို ကော်ဖီခြံတွေကနေ အများဆုံး လာရောက်ဝယ်ယူနေတယ်။ အဓိက ပြင်ဦးလွင်မြို့တစ်ခုတည်းသာလာပြီး ဝယ်ကြတာများပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

NNL



www.facebook.com/themyawadydaily




# SUPER ONE Hyper Mart

**ဈေးဝယ်လျှင် 'စူပါဝမ်း' မှာမှ စိတ်ချရပါသည်...**

**စူပါဝမ်း ဟိုက်ပါမတ် ပိတ်ရက်မရှိ စတင်ဖွင့်လှစ် ရောင်းချပေးနေပါပြီ...**





၃၅ လမ်း-၆၈ လမ်းထောင့်၊ မဟာမြိုင် (၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၇၃၁၅၁၄၄၉၊ ၀၉ ၇၉၇၇၄၉၇၁၃၊ ၀၁ ၂၀၂၂၉၄

# SOVEREIGN MYANMAR ထွန်းခေါင်မြန်မာ

## ENGLISH LANGUAGE CLASSES

အင်္ဂလိပ်ဘာသာစကားသင်တန်းများ

**WE LIVE, BREATHE AND TEACH GOOD ENGLISH.** မှန်သောအင်္ဂလိပ်ဘာသာစကားကိုသာသင်သည်။

**တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများအတွက် အထူးတန်းခွဲအတွဲများ**

**An 8-month long package course - from 23-3-2017 to 24-11-2017**

**Mornings ⇨ 7~8 am & 8~9 am** **Afternoons ⇨ 4~5 pm & 5~6 pm**

**THE SMARTEST STUDENTS IN TOWN JOIN OUR CLASSES! 75th (33rd-34th)Streets - 09258842234**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ဈေးချိုရပ်၊ ထန်းတပင်ရပ်ကွက် တွင် နေထိုင်သော (ဘ) ဦးရွှေ သား ဦးအုံးမောင်၊ ၉/အမရ(နိုင်) ၀၅၁၂၈၂ နှင့် (ဘ) ဦးရွှေ၏ သမီး ဒေါ်မိုးမိုးဆောင်း၊ ၉/အမရ(နိုင်) ၀၅၁၂၈၃၊ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရွှေ (ကွယ်လွန်) + ဒေါ်တင်အေး (ကွယ်လွန်) တို့သည် ဒေါ်ခင်မာတင်၊ ဦးအုံးမောင် နှင့် ဒေါ်မိုးမိုးဆောင်း သားသမီး (၃) ဦး ထွန်းကားခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏မိခင် ဒေါ်တင်အေးပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ဈေးချိုရပ်၊ထန်းတပင်ရပ်ကွက် ကွင်းအမှတ် (၆၀၁)၊ ဦးပိုင်အမှတ် (၃၁) မြေကွက်မှ အရှေ့အနောက် (၇၄) ပေ၊ တောင်မြောက် (၃၁) ပေ နှင့် ဦးရွှေ (ကွယ်လွန်) + ဒေါ်တင်အေး (ကွယ်လွန်) ပိုင်ဆိုင်သော ကွင်းအမှတ် (၆၀၁)၊ ဦးပိုင်အမှတ် (၂၉) ၏ အစိတ်အပိုင်းဖြစ်သည့် (တောင်ဘက်ခြမ်း)၊ တောင်မြောက် (အရှေ့ဘက်မျက်နှာစာ) (၃၁) ပေ၊ အရှေ့အနောက် (၄၂) ပေ၊ တောင်မြောက် (အနောက်ဘက်မျက်နှာစာ) (၃၉) ပေ၊ အကျယ်အဝန်းရှိသော မြေအစိတ်အပိုင်းတို့အား သမီးကြီးဖြစ်သူ ဒေါ်ခင်မာတင်အား လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ နှစ်ဦးဖြစ်သော ဦးအုံးမောင် နှင့် ညီမ ဒေါ်မိုးမိုးဆောင်း အားကြီးတော်ဖြစ်သူ ဒေါ်စန်းမှ ၎င်းပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ဈေးချိုရပ်၊ ထန်းတပင်ရပ်ကွက် ကွင်းအမှတ် (၆၀၁)၊ ဦးပိုင်အမှတ် (၃၁) မြေကွက် အရှေ့အနောက် (၇၄) ပေ၊ တောင်မြောက် (၃၁)ပေ အကျယ်အဝန်းရှိသော မြေအစိတ်အပိုင်း တို့အား လည်းကောင်း (၉.၄.၂၀၁၆) ခုနှစ်က မိသားစု စီမံမှုပြုသည့် မှတ်တမ်းလွှာပြုလုပ်ပြီး ဇာက်သရေရှိ လူကြီး အသိသက်သေများဖြစ်ကြသော ဦးထိန်လင်း + ဒေါ်မွှေးမွှေး၊ ဒေါ်ကြန်၊ ဒေါ်ပု တို့ရှေ့တွင် မြန်မာဓလေ့ ထုံးတမ်းဥပဒေ နှင့်အညီ အသီးသီး ပေးအပ်ခဲ့ပါသည်။ အမွေပစ္စည်း လက်ခံရယူသူများအဖြစ် အသီးသီး လက်မှတ်ရေးထိုးပြီး မိသားစုစီမံမှုပြုသည့် မှတ်တမ်းလွှာကို ပြုလုပ်ပြီး ပေးအပ်ခဲ့သည် ကိုလည်း လူကြီးမင်းတို့ကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။ မိသားစု စီမံမှု ပြုလုပ်ရာတွင် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ဒေါ်ခင်မာတင် သည် ၎င်း နှင့်သက်ဆိုင်သော အမွေဆိုင်ပစ္စည်းများကို ရရှိပြီးဖြစ်၍ နောက်နောင် အမွေဆိုင်များပေါ်တွင် အမွေဆိုင် ပစ္စည်းများကို ထပ်မံတောင်းဆိုခြင်း၊ တောင်းခံခြင်း မရှိရတော့ပါဟုလည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

ဤကဲ့သို့ အမွေရှင်များ နှင့် အမွေပစ္စည်း လက်ခံရယူသူများ ၏ သဘောတူညီချက် ဆန္ဒနှင့် မိသားစု စီမံမှုပြုလုပ်ခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ် မိတ်ဆွေ နှစ်ဦး မှ ၎င်းတို့ အမွေပစ္စည်း အဖြစ် ရရှိသော ဦးပိုင်အမှတ် (၃၁) မြေကွက် အရှေ့အနောက် (၇၄) ပေ၊ တောင်မြောက် (၃၁)ပေ အကျယ်အဝန်းရှိသော မြေအစိတ်အပိုင်း နှင့် ဦးရွှေ (ကွယ်လွန်) + ဒေါ်တင်အေး (ကွယ်လွန်) ပိုင်ဆိုင်သော ကွင်းအမှတ် (၆၀၁)၊ဦးပိုင်အမှတ် (၂၉) ၏ ကျန်အစိတ်အပိုင်းဖြစ်သည့် (အရှေ့ဘက်မျက်နှာစာ)တောင် မြောက် (၃၉) ပေ၊ (တောင်ဘက်ခြမ်း) အရှေ့အနောက် (၄၂) ပေ၊ (အနောက်ဘက်မျက်နှာစာ)တောင်မြောက် (၃၉) ပေ၊ (မြောက် ဘက်ခြမ်း) အရှေ့အနောက် (၅၄) ပေ စသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဂရန်အမည်ပေါက်လျှောက်ထားခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ တဆင့်လွှဲပြောင်းခြင်း၊ ဖြီစည်းရိုးကာရန်ခြင်း တို့အပြင် အခြားနည်း တစ်စုံ တစ်ရာဖြင့် စီမံဆောင်ရွက်ခြင်း များကို ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများကို ပြသပြီး ဤကြော်ငြာပါသည့်နေ့မှ (၇) ရက် အတွင်း ကျွန်ုပ်ထံသို့ လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ များထံသို့ လည်းကောင်း လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူ မရှိပါက ကျွန်ုပ်၏ မိတ်ဆွေများ မှ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးအုံးမောင်
၉/အမရ(နိုင်) ၀၅၁၂၈၂
ဒေါ်မိုးမိုးဆောင်း
၉/အမရ(နိုင်) ၀၅၁၂၈၃

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းထိုက်စိုး ( LL.B ; DBL)
အထက်တန်းရှေ့နေ (စဉ်-၂၃၂၆၉)
ရှ/ထ (၁၇၄)၊ ထန်းတပင်ရပ်၊ ဈေးချိုရပ်ကွက်၊ အမရပူရမြို့

www.facebook.com/themyawadydaily

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အထက(၁၉)နဝမတန်း(B) တွင် ပညာသင်ကြားခဲ့သော မချမ်းမြေ့သူဇာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်ဌေး ဖြစ်ပါသည်။

**ဦးခင်မောင်ဌေး (၅/ ရဘန(နိုင်)၀၈၁၈၃၈)**

Kai Li Restaurant
凯里童子鸡餐厅

## "ခိုင်လီ"

## ကြက်ချဉ်စပ်ဟော့ပေါ့နှင့် စားသောက်ဆိုင်မှ

အထူးအစီအစဉ်အနေဖြင့် တရုတ်နိုင်ငံမှနာမည်ကျော်စားဖိုမှူးကြီး ကိုယ်တိုင်ကြော်ချက်ထားသော ထူးခြားဆန်းသစ်ပြီးအရသာအထူးကောင်းမွန်သောဟင်းပွဲသစ်(၂၀)ကျော်နှင့် ကြက်ချဉ်စပ်ဟော့ပေါ့ (ကြီး/သေး)များကို (၁၀-၃-၂၀၁၇)ရက်မှ (၁၀-၄-၂၀၁၇)ရက်အထိ နံနက် (၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်းတွင် **20% Discount** ဖြင့် ရောင်းချပေးနေပါပြီ။ အရမ်းလည်းတန် အရသာထူးခြားပြီးအရမ်းလည်းကောင်းတဲ့ဟင်းပွဲတွေမို့ အမြန်လှမ်းလာအားပေးကြပါလို့ဖိတ်ခေါ် လိုက်ပါရစေနော်။

မှတ်ချက် ။ ။ အထက်ပါ Promotion လုပ်ထားသောဟင်းပွဲများ အားလုံးအတွက် Discount Card ထပ်မံအသုံးပြုခွင့်မရှိပါ။

## ဝန်ထမ်းအလိုရှိသည်

- ဝိတ်တာ အမျိုးသား၊ အမျိုးသမီး (၁၀)ဦး
- စားဖိုအကူ အမျိုးသမီး (၅)ဦး

စရိတ်ငြိမ်းလျှောက်ထားနိုင်သည်။

**အမှတ်(တ-၇/ တ-၂၇)၊ ၆၈လမ်းနှင့်သစင်လမ်းထောင့်၊**
**သိပ္ပံလမ်းတောင်ဘက်၊ မန္တလာသီရိဘောလုံးကွင်းမြောက်ဘက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

Ph: 09-91013648, 09-797447941

www.facebook.com/themyawadydaily

# STUDY UK EXHIBITION
# ဗြိတိန်ပညာရေးပြပွဲကြီး



**THURSDAY 23 MARCH 2017 • 14.00 – 18.00**
**AMARAPURA BALLROOM (GROUND FLOOR)**
**SEDONA HOTEL MANDALAY**

မတ်လ ၂၃ရက် ၂၀၁၇ - ကြာသပတေးနေ့
နေ့လည် ၂နာရီ မှ ညနေ ၆ နာရီ အထိ • အမရပူရခန်းမ - မြေညီထပ်
ဆီဒိုးနား ဟိုတယ်၊ မန္တလေး

Free admission • ဝင်ခွင့် အခမဲ့

အောက်ပါလိပ်စာတွင် ကြိုတင်စာရင်းသွင်းပါရန်။
https://mm.edukexhibition.org သို့မဟုတ်
QR application ကို download လုပ်ပြီး အောက်ပါ
QR code ကို scan လုပ်၍ ကြိုတင် စာရင်းသွင်းပါရန်။

BRITISH COUNCIL

·STUDY UK·
DISCOVER YOU

GREAT
BRITAIN & NORTHERN IRELAND

---

**KYAW THU & ASSOCIATES**
**NLP** since 1990 College of Personal Development

**ရွှေမန္တလေးအတွက်**
**အင်အယ်ပီ ခြောက်ရက် အထူးသင်တန်း**
**NLP Practitioner Bootcamp, Mandalay**

ကျွန်တော်များ သင်တန်းကျောင်းမှဖွင့်လှစ်သောသင်တန်းမှ သင်ခန်းစာများက
သင်တို့ဘဝအတွက် အသုံးမတည့်ဟုဆိုလျှင် သင်တန်းကြေး ၁၀၀% ပြန်အမ်းသွားမည်

၂၀၁၇ - ခုနှစ်၊ မတ်လ၊ (၂၉၊ ၃၀၊ ၃၁) မှ ဧပြီလ၊ (၁၊ ၂၊ ၃)
နံနက် ၉း၀၀ နာရီ - ညနေ ၆း၀၀ နာရီအထိ
**KMC Private High School** ၄၃လမ်း၊ ၆၅ ၆၆ လမ်း၊ ပြည်သစ်၊ မန္တလေး။

၀၉ ၇၉၄ ၄၆၁ ၈၈၈၊ ၀၉ ၇၉၄ ၀၁၀ ၇၇၇၊ ၀၉ ၅၂၇ ၅၂၃၈၊ ၀၉ ၄၀၀၀ ၅၂၁၇
စသည့်ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

မူလသင်တန်းကြေး ကျပ် ၉၀၀,၀၀၀ မျှသာ

အစောဆုံး သင်တန်းသား ၁၀ - ဦးအတွက် **25 March** မတိုင်ခင် စာရင်းသွင်းပါက
၅၀% **Discount** ဖြင့် ကျပ် ၄၅၀,၀၀၀ မျှသာ ကျသင့်မည်ဖြစ်ပါသည်။

အင်္ဂလိပ်စာ + မြန်မာစာ နှစ်မျိုးလုံးဖြင့် ဝက်ဝက်ကွဲ သင်ကြားနိုင်သော
ဆရာကြီး **Kyaw Thu, NLP** ဦးဆောင်သင်ကြားမည်။
မြန်မာဖြင့် ရှင်းလင်းပြတ်သားစွာရေးထားသော သင်တန်းလက်ကိုင်စာအုပ်ဖြင့်သင်ကြားမည်။

၁၂ထပ်၊ အခန်း(၁)၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၂၅၆ ၆၀၂၊ ၀၁ ၃၉၂ ၆၁၇ FB: kta.ebs, Kyaw Thu NLP email:kta.ebs@gmail.com

---

**32 ဝါကိုးလ်စတိုး** မဟာသင်္ကြန်အကြိုအထူးလျှော့ဈေး
**UP to 70% off အထူးလျှော့ဈေးကြီး**
ဆိုင်ဖွင့်ချိန် (9:00) AM to (8:00)PM
**ဝါကိုးလ်စတိုး**
www.facebook.com/themyawadydaily
**၃၂လမ်း၊ ၈၁-၈၂လမ်းကြား၊ မန္တလေး။**

---

**NIVEA Friend Beauty Salon**
**ကျွမ်းကျင်ဝန်ထမ်းအမြန်အလိုရှိသည်**

- ဘာသာစုံကျွမ်းကျင် အညှပ်ဆရာ — အမျိုးသား(၅)ဦး
  လစာကျပ်(၃၀၀၀၀၀)မှ (၅၀၀၀၀၀)ထိ
- ဖြောင့်၊ ကောက်၊ ဆေးဆိုး၊ နှိပ်လျှော် — အမျိုးသမီး(၅)ဦး
  လစာကျပ်(၁၀၀၀၀၀)မှ(၂၀၀၀၀၀)ထိ

**၇၃လမ်း၊ ၃၄-၃၅လမ်းကြား၊ မန္တလေးမြို့။**
**Ph: 09-250919528, 09-787755388**

---

# B.K.K ပိုးနှင့်ဇာ

**သင်္ကြန်အထူးလျှော့ဈေး**
**၁၈-၃-၂၀၁၇ရက်မှ ၁၁-၄-၂၀၁၇ရက်ထိ**
**ဇာဒီဇိုင်းလှလှလေးများကို**
**အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင်**
**ကျပ်(၅၀၀၀၀)နှင့်အထက်**
**ဝယ်ယူသူများအတွက်လည်း**
**ဇာလက်ဆောင်များ စီစဉ်ထားပါသည်။**

အားပေးမှုကို မျှော်လင့်လျက်.......

**B.K.K ပိုးနှင့်ဇာ**
**၃၂လမ်း၊ ၇၇-၇၈လမ်းကြား၊ မန္တလေးမြို့။**
**Ph: 09-450948548, 09-258560008**

www.facebook.com/themyawadydaily

THEC

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအတွက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ နှင့် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများ

- English 4 Skills (Level I, II, III)
- Business Management
- Microsoft Office Foundation
- Graphic Design
- A+
- AutoCAD

၆၆လမ်း၊ အောင်မင်္ဂလာလမ်းနှင့် စိန်ပန်းလမ်းကြား၊ မနော်ဟရီလမ်းတောင်ဘက်၊ အထက (၂၆) အရှေ့ဘက်၊ မန္တလေးမြို့။ ✆ 09-442076677, 09-442076688

---

# (Hangeul) ကိုရီးယားဘာသာစကားသင်တန်း

ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်စိတ်ဝင်စားသူများအတွက် (၁၁)ကြိမ်မြောက် E.P.S TOPIK မှ ကုန်ထုတ်လုပ်ငန်း ဖြေဆိုမည့်သူများကို (၂၃-၃-၂၀၁၇)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

***Mon- Fri ➢ (3:00) PM - (5:00) PM, (5:00)PM - (7:00)PM***

**အမှတ်(၅၄)၊ ၆၉လမ်း၊ ၃၄-၃၅လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၁၇၆၉၉**

---

# ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| ၁။ Cheif Accountant | Female | (2) Posts |
| ၂။ Software Accountant | Female | (2) Posts |
| ၃။ Manual Accountant | Female | (2) Posts |
| ၄။ Store Keeper | Male | (1) Post |
| ၅။ Cashier | Female | (5) Posts |

အမှတ်စဉ်(၁)အတွက် B.Com (သို့) LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ လချုပ်၊ နှစ်ချုပ်ရေးဆွဲနိုင်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
အမှတ်စဉ်(၂)အတွက် Accounting Software ကျွမ်းကျင်သူဖြစ်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။
အမှတ်စဉ်(၃၊ ၄၊ ၅)အတွက် သက်ဆိုင်ရာနယ်ပယ်တွင် အနည်းဆုံး(၁)နှစ်အတွေ့အကြုံရှိရမည်။
အမှတ်စဉ်အားလုံးအတွက်ညှိနှိုင်းလစာ

နိုင်ငံသားစိစစ်ရေးကတ်၊ ပညာအရည်အချင်းမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ရွှေယမင်းပိုးထည်တိုက်**
**အ-သ/၅၃၊ စစ်ကိုင်း-မန္တလေးလမ်း၊ အမရပူရမြို့။**
**ဖုန်း ၀၉-၉၆၁၅၃၅၃၅၇၊ ၀၉-၂၅၉၀၅၇၃၅၉၊ ၀၂-၇၀၀၆၀၊ ၀၂-၅၉၇၈၈**

---

**ရန်ကုန်နှင့်မန္တလေးတွင်တာဝန်ထမ်းဆောင်ရန်**
**ဝန်ထမ်းအမြန်အလိုရှိသည်**

**မာရသွန်မြန်မာ** အိမ်တိုင်ရာရောက်ပါဆယ်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(Door to Door Service)မှ မန္တလေးရုံးခွဲအတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

➢ တာဝန်ခံမန်နေဂျာ အမျိုးသား၊ အမျိုးသမီး (၁)ဦး
- စီမံအုပ်ချုပ်ဦးဆောင်နိုင်သူဖြစ်ရမည်။
- စာပို့လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- အင်တာနက်ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- စာရင်းဇယားကျွမ်းကျင်သူဦးစားပေးမည်။

➢ Customer Service အမျိုးသမီး (၃)ဦး
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
- ဘွဲ့ရပြီးသူဖြစ်ရမည်။
- အတွေ့အကြုံရှိသူနှင့် မန္တလေးမြို့ကျွမ်းကျင်သူကိုဦးစားပေးမည်။
- ကွန်ပျူတာအခြေခံသိရှိရမည်။

➢ Delivery Man အမျိုးသား (၃)ဦး
- မန္တလေးမြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။
- ဆိုင်ကယ်မောင်းလိုင်စင်ရှိရမည်။
- စာပို့အတွေ့အကြုံရှိသူဦးစားပေးမည်။

***မှတ်ချက်။ ။ရုံးချိန် နံနက်(၈း၃၀)နာရီမှ ညနေ(၅း၃၀)နာရီအထိ ဖြစ်သည်။ တစ်ပတ်(၆)ရက်ဆင်းရမည်။***

CV Formများကို **မာရသွန်မြန်မာရုံးခွဲ၊ ၃၆လမ်း၊ ၇၃-၇၄လမ်းကြား၊** **Gen-Y**ဖုန်းဆိုင်သို့ပေးပို့လျှောက်ထားနိုင်သည်။ **ရုံးဖုန်း ၀၉-၇၇၇၂၁၈၁၂၀၊ ၀၉-၉၆၄၂၁၈၁၂၀**

---

**ဝန်ထမ်းအလိုရှိသည်**

**ကိုယ်ပိုင်ကျောင်း၉၊၀၀၀တန်း**
**အဆောင်မှူး(အမျိုးသား)**
**လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။**
**CVကိုအောက်ပါလိပ်စာအတိုင်းပို့ပေးရန်။**
**40th St, Bet: 58rd & 59th St, Mdy**
**Tel: , 09-91022438, 09-91022498,**

---

**အမျိုးသမီးဝန်ထမ်း(၅)ဦး အလိုရှိသည်**
**အဆောင်စီစဉ်ပေးမည်။**
**စိန်ကမ္ဘာချည်မျှင်စက်ရုံ**
A4(a)၊ **၆၂လမ်း၊ သားရေနယ်လမ်း၊ ငွေတော်ကျိုကုန်းရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**Ph: 09-6501608, 09-6808176, 02-5154824**

---

# ဝန်ထမ်းအလိုရှိသည်

➢ ပစ္စည်းပို့ရန် အမျိုးသား
- အသက်(၂၀)နှစ်မှ(၂၈)နှစ်ကြား
- ဘွဲ့ရ ကျောင်းဆက်မတက်သူ
- မန္တလေးလမ်းကြောကျွမ်းကျင်သူ
- (ခ)ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ရမည်။

**အိမ်အမှတ်(9/ ခ)၊ အကွက်(817)၊ ၆၂-၆၃လမ်းကြား၊ ၃၁-၃၂လမ်းကြား၊ မေတ္တာလမ်းသွယ်။ Ph: 09-967397526**

---

# ဝန်ထမ်းအလိုရှိသည်

၁။ Sales & Marketingအမျိုးသား၊ အမျိုးသမီး(၂)ဦး
၂။ Accountant အမျိုးသား၊ အမျိုးသမီး(၃)ဦး

ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိရမည်။

စာရွက်စာတမ်းအပြည့်အစုံနှင့် (၇)ရက်အတွင်း လာရောက် လျှောက်ထားနိုင်သည်။

**Triple "A"**
**Cement International Co.,Ltd**
**No.(396), 81St,**
**Bet : 30-31St, Mandalay**

---

# ဝန်ထမ်းအလိုရှိသည်

**ခေတ်သစ်လယ်ယာကုမ္ပဏီမှ အောက်ပါဝန်ထမ်းများအလိုရှိသည်**

၁။ ဇုံနောက်လိုက် အမျိုးသား (၅)ဦး
ဘွဲ့ရဖြစ်ရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

၂။ ကွန်ပျူတာစာရင်းကိုင် အမျိုးသမီး (၅)ဦး
စာရင်းနှင့်ပတ်သက်သောဘွဲ့ရရှိထားသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ရုံးဖန်ရံခါခရီးသွားနိုင်ရမည်။

၃။ အရောင်းဝန်ထမ်း အမျိုးသား၊ အမျိုးသမီး (၅)ဦး
ဘွဲ့ရ(သို့မဟုတ်) ကျောင်းဆက်မတက်သူဖြစ်ရမည်၊ ယဉ်ကျေးပြေပြစ်စွာပြောဆိုနိုင်သူဖြစ်ရမည်။ ခရီးသွားလာနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များနှင့်အတူ **ခေတ်သစ်လယ်ယာကုမ္ပဏီလီမိတက် ၇၈လမ်း၊ ကျွဲဆည်ကန်(၇)လမ်းထောင့်**သို့ ၂၇-၃-၂၀၁၇ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**Ph: 09-91025772, 09-791025772**

---

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးအောင်လှိုင်-ဒေါ်ထွေးထွေးတို့၏သား မောင်ဝင်းနိုင်ဦးသည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှ[illegible]

**ဦးအောင်လှိုင်-ဒေါ်ထွေးထွေး**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊
ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ပါမောက္ခချုပ်၊
စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
ထ.စ.အ ဓမ္မာစရိယ ဝါဠိဝါရရူ (M.A Ph.D)
စစ်ကိုင်းမြို့ မဟာသုဓောစာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်

# ဒေါက်တာနန္ဒမာလာဘိဝံသ

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့်
တရားတော်များ နာယူကြည်ညို သဒ္ဓါပွားများနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**တရားပွဲ ကုသိုလ်ရှင်** ကွယ်လွန်သူ ဖခင်ကြီး Dr. ဦးထွန်းလင်း နှင့် ဦးအိုက်စံအားရည်စူး၍ မိခင်ကြီး ဒေါ်ချောက်စိန် နှင့် ဒေါ်လိလိမြင့် အားအမှူးထားလျှက်
မန္တလေးမြို့နေ ဦးဇော်ဝင်းထွန်း+ဒေါ်အေးမိစံ ၊ (သား)မောင်သုရိန်ဝင်း (သမီး)မခေမြဘုံနီးခင်
United Pacific Co.,Ltd. , Advanced Myanmar Star Co.,Ltd. (မိသားစု)

**တရားပွဲနေ့ရက်** ၁၃၇၈-ခု၊ တပေါင်းလပြည့်ကျော်(၁၃)ရက်၊ ၂၅.၃.၂၀၁၇ (စနေနေ့)။
၁၃၇၈-ခု၊ တပေါင်းလပြည့်ကျော်(၁၄)ရက်၊ ၂၆.၃.၂၀၁၇ (တနင်္ဂနွေနေ့)။

**တရားပွဲအချိန်** ည(၇း၃၀)နာရီ (၂)ညတိုင်တိုင် ။

**တရားပွဲနေရာ** မန္တလာသိရိဘောလုံးကွင်း၊ ၇၃လမ်း၊ ရွှေဝါထွန်းလမ်း နှင့် သဇင်လမ်းကြား၊ မန္တလေးမြို့။

**လောင်းလှူမည့်အချိန်** ၂၅.၃.၂၀၁၇ ရက်နေ့ ၊ ညနေ(၆)နာရီအချိန်တွင် ပင့်သံဃာအပါး(၅၀၀)နှင့် ပင့်သီလရှင်အပါး(၅၀၀)အား ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပါမည်။
၂၆.၃.၂၀၁၇ ရက်နေ့ ၊ ညနေ(၆)နာရီအချိန်တွင် ပင့်သံဃာအပါး(၅၀၀)နှင့် ပင့်သီလရှင်အပါး(၅၀၀)အား ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပါမည်။


MIB Education Centre

- Tourist Guide Entrance Exam Preparation Course
  05:00 p.m. to 06:30 p.m.
  Monday to Friday (Week Days)
  20.03.2017 – 09.05.2017
- Tourist Guide Training & Applied Course
  06:30 p.m. to 08:00 p.m.
  Monday to Friday (Week Days)
  20.03.2017 – 31.05.2017
- Biking Tourist Guide Training Course
  07:00 a.m. to 08:30 a.m.
  Monday to Sunday (Everyday)
  20.03.2017 – 25.04.2017

Contact: 09-402626510, 09-448013967, 02-2832686

ဘာသာပြန် လက်ခံသည်။
အင်္ဂလိပ် ⇌ မြန်မာ
ဒေါ်ချိုလွင်ဖူး MA(Eng)
09-974765262

သန့်ရှင်းရေးဝန်ထမ်းအလိုရှိသည်
➤ အမျိုးသား၊ အမျိုးသမီး (၄)ဦး
မှတ်ချက် ။ အသက်(၁၆)နှစ်မှ (၃၀)နှစ်အတွင်း။
No.(45/A)၊ ၂၁လမ်း၊ ၈၂-၈၃လမ်းကြား၊
မန္တလေးမြို့။ Ph: 09-786066551

STI MYANMAR UNIVERSITY
in partnership with University of Bedfordshire

## Study UK Exhibitions 2017

British Council ၏ ကြီးမှူး ကျင်းပမှုဖြင့် **"Study UK Exhibitions 2017"** တွင် STI Myanmar University နှင့် မိတ်ဖက်တက္ကသိုလ် University of Bedfordshire တို့မှ ပါဝင်ပြသမည် ဖြစ်ပါသည်။

အဆိုပါပွဲတွင် **"Getting UK qualification in-country and what does it mean?"** ခေါင်းစဉ်ဖြင့် **Dr. Kathryn Wills (Academic Partnerships Account Manager, University of Bedfordshire)** နှင့် ဒေါ်ခင်အေးဝင်း **(Managing Director, STI Myanmar University)** တို့မှ ပြည်တွင်းတွင်သင်ကြားနိုင်မည့် အင်္ဂလန်နိုင်ငံမှ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းတို့အား ဆွေးနွေးတင်ပြမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

ဆွေးနွေးပွဲအချိန်

**23 MARCH 2017 Thursday**
Seminar Time : 14:45 – 15:15 Hrs
Amarapura Ballroom (Ground Floor)
Sedona Hotel Mandalay
Event Time: 14.00 – 18.00 Hrs

**26 MARCH 2017 Sunday**
Seminar Time : 10:45 – 11:15 Hrs
Myanmar Ballroom (Level 2)
Sule Shangri-La Hotel Yangon
Event Time : 10.00 – 16.00 Hrs

၆ ဘာသာဂုဏ်ထူးအပါအဝင် ဂုဏ်ထူးရှင်များ မွေးထုတ်ပေးခဲ့သည်။
ထူးချွန်လိုလျှင် ၊ ထူးချွန်မှာသင်
ထူးချွန်ရောက်ရင် ၊ အောင်မြင်ဖို့ သေချာပြီ။
ထူးချွန် ပညာ့ရိပ်သာ
နေ့အထူး နှင့် ဘော်ဒါ
၉ တန်း နှင့် တက္ကသိုလ်ဝင်တန်းများ ကျောင်းအပ်လက်ခံပြီ။
ထူးချွန် ပညာ့ရိပ်သာ ၊ ၃၉ လမ်း၊ ၈၀-၈၁ လမ်းကြား၊ မန္တလေးမြို့
၀၉-၂၀၂၀၂၂၃၊ ၀၉-၂၀၂၄၃၄၃၊ ၀၉-၇၄၂၀၂၀၂၂၃

ဝန်ထမ်းအလိုရှိသည်
♦ လျှော်စက်ဆွဲပေါင်းတင်ကျွမ်းကျင် အမျိုးသမီး (၅)ဦး ♦ အလုပ်သင် အမျိုးသမီး(၃)ဦး
♦ ခြေ၊ လက်ပန်းချီဆေးစိမ်ကျွမ်းကျင်အမျိုးသမီး (၃)ဦး
၅၅လမ်းနှင့်အနော်ရထာလမ်းထောင့်၊ အောင်ပင်လယ်၊ မန္တလေးမြို့။
Ph: 09-250700773, 09-250798174

စော်ဘွားလေးပိုလ်ပိုလ်မောင်
ဘလိတ်ဓားဆူးကြိုး ကုမ္ပဏီလီမိတက်မှ
သံချေးမတက်၍ ပလာယာဖြင့် ကိုက်ဖြတ်၍မရနိုင်သော နိုင်ငံခြားဖြစ် လုံခြုံရေး(Steel)ဘလိတ်ဓါးသွားဆူးကြိုးများကို နေရာဒေသမရွေး အိမ်တိုင်ရာရောက် (100%အပြီးအစီး) လက်ခံမဲ့ ဝန်ဆောင်မှုများဖြင့် တိုက်ရိုက်တပ်ဆင် ရောင်းချပေးနေပါသည်။
Grade-1အရောင်းခန်းမ - လမ်း(၈၀)၊ ၂၄လမ်းထောင့်၊မန္တလေးမြို့။ 09-402599800
မန္တလေးအရောင်းခန်းမ(၁) - ၂၂လမ်း၊၈၂×၈၃လမ်းကြား၊မန္တလေးမြို့။ 09-259085900
မန္တလေးအရောင်းခန်းမ(၂) - ၆၂လမ်း၊အောင်ယံနှင့်လယ်ဝါကြား၊မန္တလေးမြို့။ 09-5058188
ပြင်ဦးလွင်အရောင်းခန်းမ - ၁၃×၁၄ လမ်းကြား၊ ညံတော၊ ပြင်ဦးလွင်မြို့။ 09-5159060


www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# သီရိဝင်း

ကော်ဇော၊ ဖယောင်းပုဆိုး၊ အသင့်ချုပ်ပြီး၊ မိုးကာဆိုဒ်စုံ၊ မှန်အစားထိုးပလတ်စတစ်ထူ

စားပွဲခင်းများ၊ ထိုင်ခင်းမျိုးစုံနှင့် ခြေသုတ်အခင်းအမျိုးမျိုးရောင်းဝယ်ရေး

## ပစ္စည်းမှန်၊ ဈေးနှုန်းမှန်

အမှတ်(၂၃)၊ ၇၁လမ်း၊ ၂၉-၃၀လမ်းကြား၊ ရွှေလုံရပ်၊ မန္တလေးမြို့ ဖုန်း ၀၉-၇၈၇၅၀၀၇၈၇၊ ၀၉-၂၀၂၀၃၃၃

---

ဒေါက်တာမြသိန်းထွန်း+ဒေါ်ရီရီမြင့်

BUNNY ဘန်နီ တံဆိပ်ရှိုက်

အိတ်မျိုးစုံ နှင့် တီရှပ်၊ စပို့ရှပ်၊ အထည်ချုပ်စက်ရုံ

နှစ်သစ်သကြန် Promotion

- T-Shirt အထည်(၁၀၀)မှာလျှင် (၁၀)ထည်လက်ဆောင်
- အိတ်အလုံး(၁၀၀)မှာလျှင် (၁၀)လုံး လက်ဆောင်

Shorwoom ▪ စီတီဝင်း-၂၆ လမ်း၊၆၆×၆၇လမ်းကြား၊မန္တလေးမြို့ ☎ ၀၂-၂၃၃၃၆ ၀၉-၂၀၂၃၂၉၁၊၀၉-၉၆၂၀၂၃၂၉၁

Factory ▪ ရွှေပင်းဝံ့စက်ကိုင်း ☎ ၀၇၂-၂၂၅၆၈ ၀၉-၉၇၇၂၇၇၂၂



---

ARIRANG

ကိုရီးယားဘာသာစကားသင်တန်းကျောင်း

၁၁ကြိမ်မြောက် ကိုရီးယားနိုင်ငံ လုပ်သားခေါ်ယူမှု စာမေးပွဲ ပြင်ဆင်မှုသင်တန်း

EPS-TOPIK > Mon-Fri > 07:00AM-9:00AM

မနော်ဟရီလမ်းမပေါ်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၀၉-၂၀၂၃၂၀၀၊ ၀၉-၉၁၀၀၂၈၇၉ (ဧပြီလ ၂၀ရက်နေ့ စမည်)

---

# အလှူတော်အောင်ပွဲ ဓမ္မသဘင်



## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

ရန်ကုန်မြို့၊ အမြည်မြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန (ပါဠဲမဟာကျ) မဟာဌာနမှူး၊ ဓမ္မကထိကဗဟုဇနဟိတာ၀ရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ

A.G.T.I (Civil), M.A (Buddhism), Ph.D

ဓမ္မသဘင် ကုသိုလ်ရှင်

### ဒေါ်ညို

အေးသုခသက်န်းတိုက်၊ ဈေးချို

- နေ့ရက် ။ ။ ၁၃၇၈-ခု၊ တပေါင်းလပြည့်ကျော်(၈)ရက်၊ ၂၀-၃-၂၀၁၇(တနင်္လာနေ့)။
- အချိန် ။ ။ ည(၇း၀၀) နာရီ။
- နေရာ ။ ။ ၂၂-လမ်း×၈၈-လမ်း။ အေးသုခဓမ္မဗိမာန်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

---

## ဝန်ထမ်းအလိုရှိသည်

**Seoul Kitchen Restaurant**

လမ်း၈၀၊ ၃၈-၃၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်။

**Ph: 09-440200720, 09-779424262, 09-440200875**

| | | |
|---|---|---|
| 1. | Waiter | အမျိုးသား/အမျိုးသမီး(၁၀)ဦး |
| | (၁၀)တန်းအောင်၊ ရုပ်ရည်သင့်တင့်ရှိသူ ဖြစ်ရမည်။ | |
| 2. | Security | အမျိုးသား(၅)ဦး |
| 3. | သန့်ရှင်းရေး | အမျိုးသား/အမျိုးသမီး(၁၀)ဦး |
| 4. | ပန်းကန်ဆေး | အမျိုးသမီး(၅)ဦး |
| 5. | ညစောင့် | အမျိုးသား(၂)ဦး |
| 6. | Driver | အမျိုးသား(၂)ဦး |

**မှတ်ချက်။**

***လျှောက်ထားသူများအားလုံး အကျင့်စာရိတ္တကောင်းမွန်ရမည်။***

---

## WANXIANG

**ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ဖြန့်ချိရေးမှ**

**အောက်ပါဝန်ထမ်းများ အလိုရှိသည်။**

| | |
|---|---|
| (၁) အရောင်းစာရေးမ | အမျိုးသမီး(၁၀)ဦး |
| (၂) Sale and Marketing | အမျိုးသား(၃၀)ဦး |

**မှတ်ချက်။**

- ဆိုင်ကယ်အပိုပစ္စည်းအရောင်းကျွမ်းကျင်သူ
- နယ်ခရီးသွားနိုင်ရမည်။
- ဆိုင်ကယ်အပိုပစ္စည်းနှင့် ပတ်သက်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

စိတ်ပါဝင်စားသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

**Ph: 09-444649988, 09-772215258**

---

စံတော်ဝင် (မိတ်ကပ်၊ဆံပင် အလှပြင်သင်တန်း)

| | |
|---|---|
| ♦ ဘာသာစုံ (၃လအတတ်) | ကျပ်(၃၀၀၀၀၀) |
| ♦ ဆံထုံး၊ မိတ်ကပ် (၁လအတတ်) | ကျပ်(၁၀၀၀၀၀) |
| ♦ ဆံပင်ညှပ်(၂ပတ်အတတ်) | ကျပ်(၅၀၀၀၀) |
| ♦ ကောက်၊ဖြောင့် (၂ပတ်အတတ်) | ကျပ်(၅၀၀၀၀) |
| ♦ မိမိကိုယ်မိမိလိမ်းခြယ်နည်း(၁ရက်အတတ်) | ကျပ်(၂၀၀၀၀) |

နယ်မှသင်တန်းသူများ အဆောင်အခမဲ့

သင်တန်းပြီးဆုံးပါက အလုပ်ရရန်စီစဉ်ပေးသည်။

**၈၆လမ်း၊၃၆-၃၇လမ်းကြား။ ဖုန်း ၀၉-၉၇၂၇၇၈၈၂၅၊ ၀၉-၂၅၇၂၂၀၀၀၈၊ ၀၉-၇၈၂၇၇၇၉၅၅**

---

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်ကွက်နေ ဦးဘတုပ်၏သား၊ ဦးသန်းမောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၂၃၆၃၄)ကိုင်ဆောင်သူ၏ အမည်ပေါက်(၎/တ-၄၆) နောက်တိုး ပါရမီမြေကွက်ဂရန် ပျောက်ဆုံးသွားပါသဖြင့် ဦးသန်းမောင်မှ မိတ္တူအမှန် လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းမောင်(၅/စကန(နိုင်)၀၂၃၆၃၄)၊**
**နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့။**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ငါးတဲကြီးကျေးရွာနေ မစန္ဒာထွန်း(၅/ကသန(နိုင်)၁၄၁၅၀၃)၏ ဖခင်အမည်မှာ ဦးခင်မောင်အေး(ခ)ဦးမောင်အေးသည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးခင်မောင်အေး(ခ)ဦးမောင်အေး**
**(၅/ကသန(နိုင်)၀၆၂၇၉၅)**

---

**ရဟန်းအစ်မ၊ ကျောင်းဒါယိကာမ**

## ဒေါ်ညိုညိုဝင်း (ခ) Laura Ko Ko၊ အထက(၅)ဘာမွေ၊ အသက်(၈၂)နှစ်

တောင်ငူမြို့၊ လမ်းမတော်နေ(ဦးကိုကို-ဒေါ်ဝှမ်း)တို့၏သမီးကြီး၊ မန္တလေးမြို့၊ အမှတ်(၄၆/၇)၊ ညိုလွင်ရိပ်သာ၊ ရန်ကင်းလမ်းသွယ်၊ ၈၇-၈၈လမ်းကြားနေ (ဦးကြည်လွင်)(တိုင်းမင်းကြီး-ငြိမ်း)၏ဇနီး၊ ရဲမှူးကြီး ဦးစိန်ဝင်း(ငြိမ်း)-ဒေါ်ကော့မိုင်၊ ရန်ကုန်မြို့နေ ဦးကျော်မြင့်-ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ (ဦးတင်ညိုလွင်)(အကောက်ခွန်)-ဒေါ်နီနီဦး(အကောက်ခွန်-မန္တလေး)၊ (ဦးသိန်းညိုလွင်)(အကောက်ခွန်)-ဒေါ်မူယာ၊ ဦးမင်းညိုလွင်တို့၏ မိခင်၊ မဟေမာညိုလွင်(Sweet & Cheap)၊ မရူပါညိုလွင်(ဒုတိယအကောက်ခွန်မှူး-ရန်ကုန်)၊ မောင်ကြည်ခန့်ညိုလွင်၊ မောင်ကောင်းပြည့်စုံ၊ မောင်ဘုန်းလက်ျာသိန်းတို့၏အဘွား

## ဒေါ်ညိုညိုဝင်း (ခ) Laura Ko Ko အသက်(၈၂)နှစ်

သည် ၁၈-၃-၂၀၁၇ရက်၊ (စနေနေ့)၊ နံနက်(၁၁း၀၇)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၃-၂၀၁၇ရက်၊ (တနင်္လာနေ့)၊ နံနက်(၉း၀၀)နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ရေခဲတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

www.facebook.com/themyawadydaily

# (၇၂)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့်သဘင်အနုပညာရှင်များ၏ဖျော်ဖြေပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ဧည့်ပရိသတ်များက (၇၂)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဒုတိယနေ့ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၈**

(၇၂)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲဒုတိယနေ့အား ယနေ့ည ၆နာရီခွဲတွင် နေပြည်တော်၊ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ ဆက်လက်ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊အရာရှိစစ်သည်မိသားစုများဖိတ်ကြားထားသော **စာမျက်နှာ ၁၇ ကော်လံ ၁**☆

## ထူးခြားသည့် နေ့အပူချိန်များ

**၁၈-၃-၂၀၁၇**

ဘောလခဲ ၄၀ ဒီဂရီစင်တီဂရိတ်
ချောက် ၃၉ ဒီဂရီစင်တီဂရိတ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

ပူတာအို သုည ဒသမ ၄၀ လက်မ
မချမ်းဘော သုည ဒသမ ၂၁ လက်မ

## မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အပြီးသတ်လူစာရင်းတွင် သီဟစည်သူ၊ ကျော်ကိုကိုနှင့် လူငယ်ကစားသမားများ ပါဝင်လာ

**ရန်ကုန် မတ် ၁၈**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် လာမည့် မတ် ၂၈ရက်တွင် အိန္ဒိယလက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ ပါဝင်ကစားမည့်အသင်း၏လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါလူစာရင်းတွင် လက်ရွေးစင်အသင်းနှင့် ဝေးကွာနေသော ကစားသမားဟောင်းများဖြစ်သည့် သီဟစည်သူ၊ တင်ဝင်းအောင်၊ သိန်းသန်းဝင်းတို့နှင့် ဥရောပခြေစမ်းခရီးစဉ်မှ ပြန်လည်စေလွှတ်ခြင်းခံရသော ကျော်ကိုကိုတို့ ပါဝင်ခဲ့ပြီး **စာမျက်နှာ ၂၀ ကော်လံ ၁**❖



# ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝလွှမ်းခြုံနိုင်ရန် မလွယ်ကူ

**TMK ဘာသာပြန်သည်**



ကျန်းမာခြင်းသည် လာဘ်တစ်ပါးပါ။ လူတစ်ယောက်မကျန်းမာတာနဲ့တစ်ပြိုင်နက် မိသားစုတွေ အလုပ်ပျက်ပါတယ်။ ဒါမှမဟုတ် အလုပ်ပိုလုပ်ရပါတယ်။ မိသားစုနဲ့ မနိုင်ရင် ကျန်းမာရေးစောင့်ရှောက်မှုကို အားကိုးရပါတော့မယ်။ သက်ဆိုင်ရာနိုင်ငံက အခမဲ့သော်လည်းကောင်း၊ စရိတ်မျှပေးစနစ်နဲ့သော်လည်းကောင်း ကုသပေးရပါတော့မယ်။ အပြည့်အဝပြန်သက်သာသွားရင်တော်သေးတာပေါ့။ နာတာရှည်သာဖြစ်သွားရင် မိသားစုရော၊ လူ့ဘောင်လူ့အသိုင်းအဝိုင်းရော၊ ကျန်းမာရေးစောင့်ရှောက်မှုကပါ အဲဒီလူရဲ့ ဝန်ကို နှစ်ရှည်လများ ထမ်းရပါတော့မယ်။ ဒီလိုနဲ့ ကမ္ဘာပေါ်က အင်အားကြီးလှပါတယ်ဆိုတဲ့နိုင်ငံတွေမှာတောင် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်လာရင် မနိုင်မနင်းဖြစ်နေကြတာကို တွေ့ရပါတယ်။

UKမှာ ကျန်းမာရေးစောင့်ရှောက်မှုဘတ်ဂျက်ငွေတွေက ဆက်မတက်ဘဲ ရပ်တန့်နေပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ GDP တက်မလာတဲ့အတွက်ကြောင့် ထင်ရှားကြီးမားတဲ့ ငွေကြေးသုံးစွဲမှုတွေမလုပ်နိုင်ဘဲ မပြောပလောက်တဲ့အသေးအဖွဲ့ကိစ္စတွေမှာပဲ ငွေကြေးသုံးစွဲမှု နည်းနည်းပိုလာတာကို တွေ့ရပါတယ်။

UKရဲ့အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဟာ ခက်ခဲလွန်းလှတဲ့ **စာမျက်နှာ ၁၇ ကော်လံ ၂**○

အေးချမ်းသာယာဖွံ့ဖြိုးဖို့ ရတနာပုံ သတင်းစာ ဖတ်ကြစို့။